The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 13 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | April 1, 2019

# ကြံမှသည် သကြားအထိ မှန်ကန်သော ကိန်းဂဏန်းများဖြင့် တန်ဖိုးကွင်းဆက်တစ်ခုလုံး တိုးတက်အောင် ဆောင်ရွက်ကြပါစို့

စာမျက်နှာ - ၈

## မြန်မာနိုင်ငံ၏ Doing Business Ranking တိုးတက်ရေးတွင် အရေးပါလာမည့် (e-CO) အွန်လိုင်းစနစ်ဖြင့် ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ်ထုတ်ပေးမှု ၂၀၁၉ ဧပြီလ ၁ ရက်မှ စတင်အသုံးပြုတော့မည်

စာမျက်နှာ - ၂၀











ALL NEW SUZUKI
SWIFT
"The Drive that Liberates Your Life"
SWIFT
GLX အတွက်ကျပ် ၅ သိန်းတန်ဖိုးရှိ
ကားပစ္စည်းလက်ဆောင်
SWIFT
အသစ်ဝယ်ယူသူ
ပထမဆုံးအယောက်
၃၀၀
JAPAN STANDARD
CVT
HEARTECT
TECT
CRUISE CONTROL
Dealership Network
Yangon
(1) LWIN & SWAN 01-263365885
(2) AUNG MOTOR 01-655813
(3) MYO MOTOR 01-400399
(4) YENADI 01-201619
(5) CACT 09-454247772
(6) MC AYEYAR 01-578262
(7) GARMANIT ZAYA 09-777884888
(8) YANGON SUZUKI 09-777735353
(9) MMC - YGN 09-5020663
(10) FARMER AUTO 09-456844645
(11) MADP 09-425473949
(12) KL SEVEN 09-791527171
(13) KL SEVEN MEGA 6 09-5078585
(14) HYPER AUTO 09-795543747
(15) MMC(N/OK) 09-975500172
(16) AUTO 1 MOTOR 09-428211125
(17) HTOO HTOO 09-5100483
(18) AUTOCITY 09-765173244
(19) PMPG MOTOR 09-256242775
(20) KL SEVEN(N/OK) 09-5553737
(21) RIXS AUTO 09-43171713
(22) TASTECH 09-5058289
(23) YENADI(THARKAYTA) 09-750113661
(24) MYINT MYAT MAUNG 09-5145313
Mandalay
(25) MADP-AIG 09-73040366
(26) UNITED ELEVEN 09-257199911
(27) CENTURY 09-777777085
(28) 78 MANDALAY 09-951334576
(29) SKY KYAW 09-2015132
Nay Pyi Taw
(30) FARMER AUTO 09-5601364
(31) MMC-NPT 09-5500172
(32) MYANMAR THEINGI 09-5198552
Bago
(33) KYAW BAGO 09-449249111
Pathein
(34) CGDC 09-771212985
Sagaing
(35) CKA 09-975551944
Magway
(36) CENTURY MAGWAY 09-793131666
Mawlamyaine
(37) MMC-MLM 09-255927892
Monywa
(38) CENTURY 09-777771515
Taunggyi
(39) METRO 09-455180702 09-448044698
Pyin Oo Lwin
(40) B3B 09-2044777
Pyay
(41) PYAY SUZUKI 09-5172268
Pakkoku
(42) WAIKABAR 09-973168633 09-791929234
Meiktila
(43) SHIRO MOTOR 09-972929729
Myeik
(44) KINGISLAND 09-765640245
Always Close to Your Way of Life! SUZUKI MYANMAR MOTOR CALL CENTER 01-933-9240 MON - SAT 09:00-17:00
Suzuki (Myanmar) Motor Co., Ltd.
Plot No. 476 (C), Moegoke St., Block No.(23), Industrial Zone,
South Dagon Township, Yangon, Myanmar.
www.facebook.com/suzukimyanmarmotorcoltd
www.suzukimyanmar.com
SUZUKI
Way of Life!

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ(၁/၂၀၁၉) ညှိနှိုင်းအစည်းအဝေးတက်ရောက်



စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီ (၁/၂၀၁၉) ညှိနှိုင်းအစည်းအဝေးကို မတ် ၂၅ ရက် မွန်းလွဲ ၁၃:၀၀ နာရီက နေပြည်တော်၊ ရုံးအမှတ် (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ စားသုံးသူ အကာကွယ်ပေးရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌများဖြစ်သည့် စီမံ/ဘဏ္ဍာဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ကဏ္ဍကြီး(၆)ရပ်ဖြစ်သည့်"ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး၊ ကုန်သွယ်မှုဆိုင်ရာဖြေလျှော့ပေးရေး၊ ကုန်သွယ်မှု ပညာပေးရေး၊ စားသုံးသူအကာအကွယ်ပေးရေး"တို့ကို တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့်အပြင် SMEs ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေး၊ အထူးစီးပွားရေးဇုန်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ထပ်မံတာဝန်ယူဆောင်ရွက်လျက် ရှိပါကြောင်း၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းအတွင်း "နိုင်ငံဖြတ်ကျော် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင် စားသုံးသူ ယုံကြည်မှုမြင့်မားစေခြင်း"အရ စားသုံးသူ ဘေးကင်းလုံခြုံစေရေးအတွက် ကုန်စည်များအပေါ်တွင် သုံးစွဲပုံနှင့်ပတ်သက်သော သတင်း၊ အချက်အလက် သို့မဟုတ် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန် လိုအပ်သည့်အမိန့်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ထုတ်ပြန်ပေးခဲ့ပါကြောင်း၊ ယခုအခါ စားသုံးသူအကာအကွယ်ရေး ဥပဒေသစ်ကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက် (ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့) တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၉ ဖြင့် နိုင်ငံတော်မှ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည်

စာမျက်နှာ ၂၇ သို့

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီဝင်၊ အမြဲတမ်းဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Zong Guo Ying ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီဝင်၊ အမြဲတမ်းဒုတိယပြည် နယ်အုပ်ချုပ်ရေးမှူး Mr. Zong Guo Ying ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့အား ၂၀၁၉ ခုနှစ် မတ် ၂၈ ရက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာနှင့်တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ Belt And Road Initiatives (BRI) တွင် တက်ကြွစွာပါဝင်ဆောင်ရွက်သွားရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား နယ်စပ်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဇုန် တည်ဆောက် အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် နှစ်နိုင်ငံအကြား တရားမဝင် နယ်စပ်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ MOC (IR)

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စင်ကာပူနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာန၏ Senior Minister ဖြစ်သူ H.E. Mr. Edwin Tong နှင့် ရန်ကုန်မြို့ရှိ စင်ကာပူနိုင်ငံသံရုံးမှ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E. Ms. Vanessa Chan တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် စင်ကာပူနိုင်ငံ၊ ဥပဒေရေးရာဝန်ကြီးဌာန၏ Senior Minister ဖြစ်သူ Mr. Edwin Tong နှင့် ရန်ကုန်မြို့ရှိ စင်ကာပူနိုင်ငံ သံရုံးမှ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E. Ms. Vanessa Chan တို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မတ် ၂၅ ရက် ၁၄:၀၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-စင်ကာပူနှစ်နိုင်ငံသည် သမိုင်းအစဉ်အလာအရ ချစ်ကြည်ရင်းနှီးခဲ့သည့် မိတ်ဖက်နိုင်ငံများဖြစ်သဖြင့် အနာဂတ်တွင်လည်း နှစ်နိုင်ငံအကြားဆက်ဆံမှု ပိုမိုရှင်သန်ခိုင်မာစေရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာသည့်အလျှောက် ကြုံတွေ့လာရမည့် အငြင်းပွားမှုများအား ဖြေရှင်းရာတွင် ဥပဒေနှင့် တရားစီရင်ရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးအတွက် နည်းပညာအကူအညီများ၊ သင်တန်းများ ပံ့ပိုးပေးသွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး
အုန်းခင် (၀၉-၄၃၀၄၁၀၆၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# မြန်မာ့ဆန်တင်ပို့မှုနဲ့ အာဖရိက

မတ်လ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ဒသမ ၈၂၈ သန်းတန်ဖိုးရှိ ဧည့်မထဆန်တန်ချိန်၅၈၈၀ ကျော်တင်ပို့ခဲ့ကြောင်းသိရပါတယ်။

စခန်းအလိုက်တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၅၃၄၉ တန်ခန့်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၄၉၁တန်ကျော်၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ တန်ချိန်၄၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၈၈၂တန် ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၉ သန်းတန်ဖိုးရှိဆန်ကွဲ ၇၄ တန်ကျော်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၆၆၂တန်အပို့လျော့ကျခဲ့ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ၉၅၃သန်းတန်ဖိုးရှိဧည့်မထဆန်နဲ့ပေါင်းဆန်၄၀၂၂၉ တန်ကျော် တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခုတစ်ပတ် ဆန်တင်ပို့မှုများမှာ ဖိလစ်ပိုင်နိုင်ငံသို့ ၉၃၉၅ တန်ကျော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၅၀၀၀၊ စင်ကာပူနိုင်ငံသို့တန်ချိန် ၅၀၀၊ တရုတ်နိုင်ငံသို့ ၅၁ တန်၊ ရုရှားနိုင်ငံသို့တန်ချိန် ၃၀၀ တင်ပို့ပြီး အာဖရိကနိုင်ငံများဖြစ်တဲ့ တိုဂိုနိုင်ငံသို့ တန်ချိန် ၁၂၇၀၊ အိုင်ဗရီကို့စ်နိုင်ငံသို့ ၉၇၃၈ တန်ကျော်၊ ဘီနင်နိုင်ငံသို့တန်ချိန် ၁၀၀၀၀၊ ကင်မရွန်းနိုင်ငံသို့ တန်ချိန် ၅၀၀၊ မက်ဒါဂါစကားနိုင်ငံသို့ ၁၂၅ တန်၊ ဂီနီနိုင်ငံသို့ တန်ချိန် ၅၁၀၊ မိုဇမ်းဘစ်သို့ တန်ချိန်၂၅၀ နဲ့ အီးယူနိုင်ငံများ သို့တန်ချိန် ၂၅၉၀ တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်ဆန်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၃၃၈၅၈ တန် ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။ မြန်မာ့ဆန်ကို ရေကြောင်းမှ တင်ပို့မှုတွင် အာဖရိကနိုင်ငံများသို့ များစွာတင်ပို့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၂ဒသမ ၇၀၈ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၀၀၉၅ တန်တင်ပို့ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၄၂၇၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၀၀ နဲ့ အီးယူ နိုင်ငံများသို့ ၅၇၂၅ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၃၇၂၄ တန် ပိုမိုတင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်ဆန်တင်ပို့မှု စုစုပေါင်းမှာ ၄၆၁၀၉ တန်နဲ့ ဆန်ကွဲတင်ပို့မှု စုစုပေါင်းမှာ ၁၀၁၆၉ တန်ဖြစ်ပြီး ဆန်ရောဆန်ကွဲပါ ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

**ယဉ်ယဉ်အေး**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်အချို့၌ နွေစပါးဈေးကျဆင်း

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်၊ စပါးဈေးကွက်တွင် နွေစပါးများ ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာချိန်ဖြစ်ရာ မြောင်းမြခရိုင်အတွင်းရှိ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်ကျွန်း မြို့နယ်များတွင် ယခင်ကနွေသီးထပ်ရင်စပါး (၄၆)ပေါင်တင်း(၁၀၀)ကို ကျပ် ၅၁၅၀၀၀-၅၀၆၀၀၀ မှ ယခုလက်ရှိဈေး (၄၆)ပေါင် တင်း(၁၀၀)ကို ကျပ် ၄၉၆၀၀၀-၄၈၇၀၀၀ ဈေးဖြစ်သွား၍စပါးတင်း ၁၀၀ ကို ကျပ် ၂၀၀၀၀ ဝန်းကျင်ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း ဈေးကွက်သတင်းများမှ သိရသည်။ မြောင်းမြခရိုင်အတွင်း နွေသီးထပ်ရင်စပါးများဈေးနှုန်းအနည်းငယ်ကျဆင်းလျက်ရှိသော်လည်း အရောင်းအဝယ် သွက်လျက်ရှိသော မိုးဧည့်မထဆန် (၁)အိတ်ကို ယခင် ကျပ် ၂၃၅၀၀-၂၄၅၀၀ မှ ယခုဈေးဆန် (၁) အိတ်ကို ကျပ် ၂၄၅၀၀-၂၅၅၀၀ ဈေးဖြစ်သွား၍ မိုးဆန် (၁)အိတ်ကို ကျပ်၁၀၀၀ ခန့်ဈေးနှုန်းမြင့်တက်လျက်ရှိပြီး မြောင်းမြခရိုင်တွင် နွေစပါးများ ဈေးအနည်းငယ်ကျဆင်းလျက်ရှိသလို မိုးဆန်ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိကြောင်း ဈေးကွက်သတင်းများမှသိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ဝယ်လိုအားနည်းတဲ့အတွက် ဆန်ကြမ်းတချို့ ဈေးထပ်ကျ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာဆန်ချောဈေးငြိမ်နေပြီး ဆန်ကြမ်းတချို့ဈေးထပ်မံကျကြောင်းသိရပါတယ်။ ရန်ကုန် ဝါးတန်းဆန်ကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကို ကျပ် ၄၀၀၀၀ နဲ့ လတ်စတစ်အိတ်ကိုကျပ် ၃၈၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကို ကျပ် ၄၂၀၀၀နဲ့ လတ်စတစ်အိတ်ကို ကျပ်၄၀၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကို ကျပ်၃၆၀၀၀ နဲ့ လတ်စတစ်အိတ်ကို ကျပ် ၃၄၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကို ကျပ်၄၈၀၀၀-၅၂၀၀၀၊ ပေါ်ဆန်းဆန်အသစ် တစ်အိတ်ကိုကျပ်၃၃၀၀၀-၃၅၀၀၀၊ ကျားပျံတစ်အိတ်ကို ကျပ်၃၈၀၀၀-၄၀၀၀၀၊မွှေးကြိုင်ရှယ်တစ်အိတ်ကို ကျပ်၂၆၅၀၀-၂၇၅၀၀ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း ဝါးတန်းကုန်စည်ဒိုင်မှသိရပါတယ်။ ဆန်အဝင်ပုံမှန်ရှိသော်လည်းအရောင်းအဝယ်အေးကြောင်းသိရပါတယ်။



ယခုတစ်ပတ်မှာ ဆန်ကြမ်းအဝင်များသော်လည်း ဝယ်လိုအားနည်းတဲ့အတွက် ဈေးထပ်ကျကြောင်း ကုန်စည်ဒိုင်မှသိရပါတယ်။ ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ်ကို ကျပ်၁၈၅၀၀-၁၈၈၀၀၊ ရက် (၉၀) ဆန် တစ်အိတ်ကို ကျပ် ၁၉၅၀၀-၂၀၀၀၀၊ သီးထပ်ရှယ်တစ်အိတ်ကိုကျပ် ၁၉၅၀၀-၂၀၀၀၀ ရှိပြီး တစ် အိတ်ကို ကျပ် ၅၀၀ ခန့် ဈေးကျကြောင်း ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ သိရပါတယ်။

**ယဉ်ယဉ်အေး**

# ကျောက်ဆည်ခရိုင်တွင် မိုးစပါးများရိတ်သိမ်းပြီး နွေစပါးများ စိုက်ပျိုး

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အနေဖြင့် ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် မိုးစပါး ၁၆၀၅၇၃ ဧက စိုက်ပျိုးနိုင်ပြီး ၁၆၀၅၀၇ ဧကရိတ်သိမ်းနိုင်ခဲ့ကြောင်း သိရသည်။ ယခုအချိန်တွင် နွေစပါးများ စတင်စိုက်ပျိုးလျက်ရှိရာ ကျောက်ဆည်မြို့နယ်တွင် ၁၅၅ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ဧက ၁၀၀၊ တံတားဦးမြို့နယ်တွင် ဧက ၇၀၊ စုစုပေါင်း ၃၂၅ ဧကစိုက်ပျိုးပြီးကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရှိရပါသည်။ မိုးစပါးဈေးနှုန်းများအနေဖြင့် ဧရာပဒေသာစပါးတင်း ၁၀၀ လျှင် ကျပ် ၉၀၀၀၀၀၊ မနောသုခစပါး တင်း ၁၀၀ လျှင် ကျပ် ၇၀၀၀၀၀ ဈေးနှုန်းများရှိကြောင်း၊ စပါးအရည်အသွေးပေါ် မူတည်ပြီး စက်ပိုင်ကုန်သည်များမှဝယ်ယူကြောင်း၊ ဆန်ဈေးနှုန်းများအနေဖြင့် ဧရာပဒေသာဆန် တစ်တင်းခွဲတစ်အိတ်လျှင် ကျပ် ၃၀၀၀၀၊ မနောသုခဆန်တစ်တင်းခွဲ တစ်အိတ်လျှင် ကျပ် ၂၅၀၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိကြောင်းပွဲရုံများမှ သိရှိရပါသည်။

**နှင်းလဲ့လဲ့ (ကျောက်ဆည်)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၉-၃-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၅ | ၃၉၅ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၅ | ၃၇၅ | □ | ၃၅၀ | ၃၅၁ | △ | ၄၁၀ | ၄၀၀ | △ | ၃၅၃ | ၃၅၈ | △ |
| ဆန်ဖြူ ၁၀% | ၃၇၄ | ၃၇၄ | □ | ၃၄၅ | ၃၄၆ | △ | - | - | - | ၃၄၈ | ၃၅၃ | △ |
| ဆန်ဖြူ ၁၅% | ၃၈၀ | ၃၈၁ | △ | ၃၄၀ | ၃၄၁ | △ | - | - | - | ၃၄၃ | ၃၄၈ | △ |
| ဆန်ဖြူ ၂၅% | ၃၇၁ | ၃၇၁ | □ | ၃၃၀ | ၃၃၂ | △ | ၃၇၅ | ၃၇၀ | ▽ | ၃၂၂ | ၃၂၆ | △ |
| ပေါင်းဆန် | ၄၁၄ | ၄၁၄ | □ | - | - | - | ၃၉၃ | ၃၉၃ | □ | ၄၀၈ | ၄၀၈ | □ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၂၉-၃-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၆၀၀ | □ | ၂၃၀၀၀ | □ | ၉၃၅၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၅၅၂၀ | △ | ၂၂၀၀၀ | △ | ၇၉၀၀ | □ | ၃၉၀၀၀ | △ |
| ပဲခူး | ၅၆၀၀ | △ | ၂၃၀၀၀ | △ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | - | - | ၃၂၀၀၀ | □ | ၁၄၀၀၀ | ▽ | ၄၃၀၀၀ | ▽ |
| စစ်တွေ | ၅၃၀၀ | □ | ၂၄၀၀၀ | □ | ၉၂၀၀ | □ | ၄၁၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၄၃၀ | △ | ၂၀၅၀၀ | □ | - | - | ၄၉၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၀၀၀ | ▽ | ၂၃၀၀၀ | ▽ | - | - | ၅၀၅၀၀ | □ |
| မော်လမြိုင် | ၆၀၀၀ | ▽ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၃၈၀၀၀ | □ |
| လှိုင်ကော် | ၉၃၂၀ | △ | ၄၄၅၀၀ | △ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၆၀၀၀ | □ | ၂၄၅၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၆၄၀၀ | △ | ၂၁၅၀၀ | △ | - | - | ၄၆၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၃-၃-၂၀၁၉ မှ ၂၉-၃-၂၀၁၉ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 323 | 18,229,296.030 |
| 2 | Form D | 127 | 6,722,020.230 |
| 3 | Form E | 120 | 10,016,039.610 |
| 4 | Korea GSP | 9 | 236,989.310 |
| 5 | Form AK | 87 | 3,399,217.470 |
| 6 | Form AJ | 11 | 767,293.680 |
| 7 | Form AI | 80 | 2,482,701.360 |
| 8 | Form AANZ | 2 | 26,226.000 |
| 9 | Form DFTP | 1 | 90,417.600 |
| 10 | Form CHINA | 1 | 118,858.500 |
| Grand Total | | 761 | 42,089,059.790 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၉-၃-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၂/၃ | ၂၉/၃ | ပြောင်းလဲမှု | ၂၂/၃ | ၂၉/၃ | ပြောင်းလဲမှု | ၂၂/၃ | ၂၉/၃ | ပြောင်းလဲမှု | ၂၂/၃ | ၂၉/၃ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၁၀၆ | ၁၁၂၃ | ▲ | ၁၁၆၇ | ၁၁၃၃ | ▼ | ၁၁၅၀ | ၁၁၅၀ | ■ | ၁၁၄၀ | ၁၁၄၀ | ■ |
| ပဲစင်းငုံ | ၁၂၀၈ | ၁၂၄၃ | ▲ | ၁၂၀၀ | ၁၃၂၅ | ▲ | ၁၃၇၅ | ၁၃၃၅ | ▼ | ၁၃၆၀ | ၁၃၄၀ | ▼ |
| ပဲတီစိမ်း | ၁၅၅၀ | ၁၅၃၀ | ▼ | ၁၇၇၈ | ၁၇၇၈ | ■ | ၁၇၆၃ | ၁၇၆၃ | ■ | ၁၆၃၀ | ၁၆၃၀ | ■ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၀၀ | ■ | ၁၂၅၈ | ၁၂၂၃ | ▼ | ၁၂၇၈ | ၁၂၄၇ | ▼ | ၁၃၃၀ | ၁၂၉၀ | ▼ |
| ပဲလွန်းဖြူ | ၉၇၅ | ၉၆၅ | ▼ | ၁၁၃၃ | ၁၁၃၃ | ■ | ၁၃၁၅ | ၁၃၁၅ | ■ | ၁၁၀၅ | ၁၁၀၅ | ■ |
| ထောပတ်ပဲ | ၂၀၀၀ | ၁၉၄၅ | ▼ | ၂၀၈၈ | ၁၉၉၁ | ▼ | ၁၉၇၃ | ၁၇၃၆ | ▼ | ၁၉၂၀ | ၁၈၀၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၆.၃.၁၉)ထိ | ယခုတစ်ပတ် (၂၃.၃.၁၉)ထိ | (၁.၁.၁၉) မှ (၂၃.၃.၁၉) ထိ |
| မတ်ပဲ | ၈၁၀၆၅ | ၃၁၁၃ | ၈၄၁၇၈ |
| ပဲတီစိမ်း | ၆၂၄၀၉ | ၁၃၅၉၉ | ၇၆၀၀၈ |
| ပဲစင်းငုံ | ၂၄၁၇၈ | ၂၇၅၄ | ၂၆၉၃၂ |
| ကုလားပဲ | ၁၄၈၁၂ | ၆၀၉၆ | ၂၀၉၀၈ |
| ပဲလွန်းဖြူ | ၉၂၃၂ | ၂၂၉၃ | ၁၁၅၂၅ |
| မြေထောက်ပဲ | ၁၃၀၇ | ၇၈၈ | ၂၀၉၅ |

## ပြည်ဈေးကွက်တွင် မြေပဲဆီဆန်ဈေးကျပြီး လုံးဆန်ဈေးငြိမ်

ပဲခူးတိုင်းဒေသကြီးအနောက်၊ ပြည်ဈေးကွက်တွင် မြေပဲဆီဆန်ဈေးအနည်းငယ်ပြန်ကျလာပြီး လုံးဆန်ဈေးငြိမ်နေတာတွေ့ရပါတယ်။ ကံမ၊ မင်းတုန်း၊ သရက်နှင့်ရွှေတောင်ဘက်မှ မြေပဲဆန်အိတ်များနေ့စဉ်အဝင်ရှိပေမယ့် ဆီဆန်ကို ဆီစက်သမားများက ယခုတစ်ပတ်တွင် အဝယ်နည်းသွားတဲ့အတွက် ဈေးကျပြီး လုံးဆန်ကို ရန်ကုန်ဝယ်လက်နှင့်ပဲလှော်၊ ပဲကြော်သမားများက ပုံမှန်အဝယ်ရှိတဲ့အတွက် ဈေး မှန်နေတာတွေ့ရပါတယ်။

ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၀၀ နှင့်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၆၀၀ ဖြင့် ယခင်တစ်ပတ်ကထက်ဈေးကျလာပြီး လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၆၅၀ နှင့် (နီ) တစ်ပိဿာလျှင် ကျပ် ၂၉၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေပေမယ့် တစ်နေ့လျှင်အိတ် ၇၀၀ မှ ၈၀၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း(ပြည်)**

## ပဲတီစိမ်း မျိုးပဲအဖြစ်ဝယ်ယူသောကြောင့် ဈေးအနည်းငယ်မြင့်နေ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်နှင့်ရေနံချောင်းမြို့နယ်တွင် ပဲတီစိမ်းကို မျိုးပဲအဖြစ်ဝယ်ယူသောကြောင့် ဈေးအနည်းငယ်မြင့်လာကြောင်း ပဲဈေးကွက်နှင့် ပဲစိုက်တောင်သူများထံက သိရသည်။

အထက်ပါမြို့နယ်များရှိကျေးရွာများ၌ နွေပဲခေါ် ရေသွင်းပဲတီစိမ်းအဖြစ် မြေအောက်မှ အဝီစိတွင်းရေများဖြင့်လည်းကောင်း၊ မြစ်ရေများဖြင့်လည်းကောင်း စိုက်ပျိုးကြကြောင်း ပွင့်ဖြူမြို့နယ်မှတောင်သူဦးလှဝင်းက ပြောသည်။

"ယခင်နှစ်ရေသွင်းပဲတီစိမ်းကနေ တောင်သူတွေ အနိမ့်ဆုံးကျပ်သုံးသိန်းရကြတယ်။ တွက်ခြေကိုက်တယ်။ ဒီနှစ်လည်း စိုက်မှာ။ ဈေးကောင်းဖို့လိုတယ်။ လက်ရှိ ပဲတီစိမ်းမျိုးမဟုတ်တဲ့ ပဲတီစိမ်းတစ်တင်းကျပ် ၂၇၀၀၀ ဈေးရှိတယ်"ဟု ရေနံချောင်းမြို့နယ်မှ ပဲစိုက်တောင်သူဦးသိန်းက ပြောသည်။

"ပထမဆုံးဆောင်းသီးနှံအနေနဲ့ ရာသီစာစိမ်းစားဥစိုက်တယ်။ ငွေကျပ်နှစ်သိန်းကျော်ရတယ်။ ယခုနွေသီးနှံခေါ်တဲ့ ရေသွင်းပဲတီစိမ်းကို သီးထပ်အဖြစ်စိုက်မယ်။ ဒါကြောင့် မျိုးပဲဈေးကလည်း ကျပ် ၃၀၀၀၀ကျော်အထိ ကောင်းလာတာပါ" ဟုဂင်းက ပြောသည်။

ဈေးကွက်တွင် ပဲတီစိမ်းမျိုးပဲတစ်တင်း ကျပ် ၃၂၀၀၀ ပေါက်ဈေးရှိပြီး ယခင်နှစ်ကာလတူက ပဲတီစိမ်း မျိုးပဲတစ်တင်း ကျပ်၃၀၀၀၀ရှိကြောင်း၊ မျိုးပဲအဖြစ် အရောင်း အဝယ်ရှိနေကြောင်း သိရသည်။

**ရွှေဇင်(ရေနံချောင်း)**

## ပခုက္ကူနှင့်ရေစကြိုကုန်စည်ဒိုင်တို့တွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်နေ

ပခုက္ကူကုန်စည်ဒိုင်တွင် ၂၀၁၉ ခုနှစ်အတွင်း ထွက်ရှိသည့် ပဲစင်းငုံနီမှာ အရည်အသွေးကောင်းမွန်ပြီး ဈေးကောင်းရရှိနေပါသည်။ ပဲစင်းငုံနီဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၂၇၂၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ခန့်၊ ၂၀၁၇ ခုနှစ် ထွက်ရှိသည့် ပဲစင်းငုံနီဈေးနှုန်းမှာ တစ်တင်း လျှင် ကျပ် ၂၂၉၀၀ ဖြင့် အိတ်ရေ ၅၀၊ ကုလားပဲ(၃)မျိုးထဲမှ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၇၂၀၀ အိတ် ၅၀ ခန့်၊ ကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဖြင့် အိတ်၅၀ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၄၅၀၀ ဖြင့် အိတ် ၅၀ ခန့်၊ စွန်တာနီ(ကျွန်း) တစ်တင်းလျှင် ကျပ် ၁၈၇၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၈၃၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ထောဖြူ (ကျွန်း) တစ်တင်းလျှင် ကျပ် ၃၃၃၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀၊ ထောပတ်ပဲဖြူ ယောတစ်တင်းလျှင် ကျပ်၃၅၁၀၀ဖြင့် အိတ် ၅၀ မှ ၁၂၀၀၊ ပဲနီပြားတစ်တင်းလျှင် ကျပ် ၂၅၀၀၀ ဖြင့် အိတ် ၅၀၊ ထီးလင်းစားတော်ပဲ တစ်တင်းလျှင် ကျပ် ၂၈၀၀၀ဖြင့် အိတ် ၅၀ ခန့်၊ မန်ကျည်းတောင့် တစ်ပိဿာ ကျပ် ၈၄၀ ကုန်ချိန် ၂၀၀၀ ပြောင်းဖူးစေ့ CP တစ်တင်းလျှင် ၇၄၀၀ ဖြင့် အိတ် ၁၀၀ ခန့် ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲနီလုံးဆန် တစ်ပိဿာလျှင် ၂၉၀၀ မှ ၃၀၀၀၊ ကျွန်းမြေပဲနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၂၇၀၀မှ ၂၈၅၀၊ မြေပဲဆီဆန် တစ်ပိဿာလျှင်ကျပ် ၂၈၅၀၊ မတ်ပဲမှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၂၂၀၀၀ မှ ၂၃၀၀၀၊ ပဲပိစပ် တစ်တင်းလျှင်ကျပ် ၁၂၅၀၀၊ ပဲပုပ် တစ်တင်းလျှင် ကျပ် ၁၈၅၀၀၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၁၈၃၀၀ဖြင့် အိတ် ၂၀၀၊ စွန်တာနီ တစ်တင်းလျှင် ကျပ်၁၈၇၀၀ ဖြင့် အိတ် ၂၀၀ ခန့်၊ ပဲလွန်းပြာ တစ်တင်းလျှင် ကျပ် ၁၇၅၀၀၊ ထောပတ်ပဲမှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင်ကျပ် ၃၃၀၀၀ မှ ၃၄၀၀၀ ပေါက်ဈေးရှိပါသည်။ ပြောင်းဖူးစေ့ CP တစ်တင်းလျှင် ကျပ် ၇၃၀၀ ဖြင့် အိတ် ၂၀၀၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သတင်းရရှိပါသည်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## တောင်ငူမြို့တွင် ပဲတောင့်ရှည်နှင့်ထောပတ်ပဲများ အရောင်းသွက်

တောင်ငူမြို့ ညောင်ပင်လေးဈေးတွင် ပဲတိုင်တောင့်များ ဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိရာ ပဲတောင့်ရှည် ၁၅ တောင့်ပါ တစ်စည်းလျှင် ကျပ် ၂၀၀၊ ၁၀ စည်းယူပါက ကျပ် ၁၈၀၀ ဈေးရပြီး ပဲသီး ၄၀ တောင့်ပါ တစ်စီးလျှင် ကျပ် ၅၀၀၊ ၁၀ စည်းယူပါက ကျပ် ၄၇၀၀ ဈေးရပါသည်။ ထောပတ်ပဲအစိုမှာ နို့ဆီဗူးတစ်ဗူးလျှင် ကျပ် ၂၅၀ ရှိပြီး တစ်ပြည်ယူပါက ကျပ်၁၈၀၀ ဈေးရကြောင်းနှင့်အရောင်းအဝယ်သွက်လျက်ရှိကြောင်း ကုန်စိမ်းရောင်းသူတစ်ဦးထံမှသိရပါသည်။ **သင်းသင်းအေး(တောင်ငူ)**

## ယခုတစ်ပတ် ပဲထောပတ်များ ဈေးပြန်ကျလာ



မကွေးတိုင်းဒေသကြီး ပဲထောပတ်ဈေးမှာ ယခင်က တစ်တင်းလျှင် ကျပ် ၃၈၀၀၀ ကျော်ဈေးပေါက်ခဲ့ရာမှ ယခုအခါ တစ်တင်းလျှင် ကျပ် ၃၃၀၀၀ မှ ၃၅၀၀၀ အထိ တစ်ပတ်အတွင်း ဈေးကျသွားခဲ့ကြောင်း မကွေးမြို့ ရန်ကင်းမှ ပွဲရုံလုပ်ငန်းရှင် ဦးဖိုးနီ၏ပြောပြချက်အရ သိရသည်။ မကွေးဒေသဖြစ်သော ဆင်ဖြူကျွန်း၊ စကု၊ ပွင့်ဖြူ၊ မကွေး မြင်ကွန်းပုထိုးမိကျောင်းရဲ မြို့သစ်၊ ရေနံချောင်းတို့တွင်လည်းကောင်း၊ ဧရာဝတီရိုးတစ်လျှောက် ကိုင်းမြေ၊ ကျွန်းမြေ များတွင်လည်းကောင်း၊ ပင်းချောင်း၊ ယင်းချောင်းရိုးတစ် လျှောက်တို့တွင်လည်းကောင်း ပဲထောပတ်များစိုက်ပျိုးခဲ့ရာ မတ်လတွင် လှိုင်လှိုင်ပေါ် နေပြီဖြစ်သည်။

တောင်သူတစ်ဦးလျှင် တင်း ၅၀ ကျော်မှ တင်း ၃၀၀ကျော်အထိ ရကြသည်ဟု မြင်ကွန်းပွဲရုံသို့လာရောက် ရောင်းချသော တောင်သူများ၊ မင်းဘူးတောင်သူများထံမှ သိရသည်။ မြစ်အနောက်ဘက် မင်းဘူး၊ ပွင့်ဖြူ၊ စကုတို့မှ ပဲစိုက်တောင်သူများကလည်း မကွေးသို့လာရောက်ရောင်းချကြသည်။ ပဲထောပတ်များဆက်ဈေးကျနေပါက လုပ်အားခ၊ ထွန်ယက်ခ၊ မျိုးဈေး၊ ဓာတ်မြေဩဇာဈေးများ ကြီးမြင့်လာမှုကြောင့် အရှုံးပေါ်လာမည်ကို စိုးရိမ်နေကြကြောင်း ၎င်းတို့ထံမှသိရသည်။

**ဝင်းမောင်(မကွေး)**

## ပြည်ပဲဈေးကွက်မှာ ပဲကြီးသီးနှံအရောင်းအဝယ်အသွက်ဆုံးဖြစ်

ယခုမတ်လကုန် ပြည်ပဲဈေးကွက်မှာ ပဲကြီးသီးနှံဟာဆိုလျှင် အရောင်းအဝယ်အသွက်ဆုံးပဲဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ ပဲဝင်ရောက်မှုအနေဖြင့် အိတ် ၁၀၀၀ ကျော်အထိ ရွှေတောင်၊ ကျီးသဲ၊ မင်းတုန်း၊ ကံမ၊ ပြည်အနီးတစ်ဝိုက်မှ ဝင်ရောက်လာခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်သည့်ပမာဏမှာလည်း ဝင်ရောက်လာသမျှ ပဲကြော်ဖိုလုပ်ငန်းသမားများ ဝယ်ယူနေကြတယ်လို့ သိရပါတယ်။ ပဲဈေးမှာ (ရွှေကျွန်း) တစ်တင်း ကျပ် ၃၂၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၂၉၅၀၀ တို့ဖြင့် အသီးသီး ရောင်းဝယ်နေခဲ့ကြပြီး ယခင်တစ်ပတ်ထက် ဈေးလျော့နေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ပဲခူးတိုင်းဒေသကြီးရဲ့ လက်လီပဲဈေးကွက်မှာ ဘိုကိတ်ပဲသီးနှံလည်း အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်အတွင်း ဘိုကိတ်ပဲသီးနှံသစ်များ ဝင်ရောက်မှုရှိခဲ့သော်လည်း မတ်ပဲ၊ ပဲကြီး၊ ကုလားပဲသီးနှံများကဲ့သို့ ဝင်ရောက်မှုပမာဏမများဘဲ အိတ်၅၀- ၁၀၀ ခန့်သာ ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် လက်လီ၊လက်ကား အရောင်းအဝယ်ဖြစ်ပေမယ့် လက်လီပိုအရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၁၆၅၀၀ ဖြင့် ဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးဖြင့် ရောင်းဝယ်နေတဲ့ ပဲသီးနှံဖြစ်နေခဲ့ပါတယ်။ ဘိုကိတ်ပဲသီးနှံဈေးဟာဆိုလျှင် ယခင်နှစ်ကလည်း ဈေးအေးတဲ့သီးနှံဖြစ်ခဲ့ပြီး ကျပ်နှစ်သောင်းအောက်သာရရှိခဲ့လို့ ယခုနှစ်ဈေးလည်း ယခင်နှစ်ကဲ့သို့ ဈေးအေးမြဲအေးနေခဲ့ပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

## ပြည်ပဲဈေးကွက်မှာ ပဲတီစိမ်းရက်ခြားသာ ရောင်းဝယ်မှုဖြစ်

ပြည်ပဲဈေးကွက်အတွင်း ပဲတီစိမ်းသီးနှံသစ်များ ထွက်ရှိမှုပါးသွားပြီဖြစ်လို့ ပဲအဝင်လည်းနည်းသွားခဲ့ပြီဖြစ်တာကြောင့် နေ့စဉ်အရောင်းအဝယ်မဖြစ်တော့ဘဲ ရက်ခြားသာရောင်းဝယ်မှုဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ဒါကြောင့် အိတ် ၁၅၀ မှ ၂၀၀ခန့်သာရောင်းဝယ်ခဲ့ကြပြီး ပဲဈေးမှာတစ်တင်းကျပ် ၃၁၀၀၀ မှ ၃၅၀၀၀ အတွင်း အရည်အသွေးလိုက်၍ ဈေးကွာခြားမှုရှိခဲ့ပါတယ်။ဝယ်လက်အနေဖြင့်ရန်ကုန်၊ မန္တလေးလိုင်းသမားများ ဝယ်ယူခဲ့ကြလို့ ပဲအဝင်မှာ ပုံမှန်ရှိပေမယ့် ပဲလက်ကျန်နည်းသွားတာကြောင့် လိုသလောက်အရောင်းအဝယ်မဖြစ်ခဲ့ဘူးလို့ သိရပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

# RCEP ကုန်သွယ်ရေးသဘောတူညီချက်သို့ ပူးပေါင်းပါဝင်ရန်အတွက် ဘယ်အကြောင်းကိစ္စများက အိန္ဒိယကို ဟန့်တားနေသလဲ

Economic Times သတင်းဌာန၏ Market Expert Shantanu Nandan Sharma က RCEP ကုန်သွယ်ရေးသဘောတူညီချက်သို့ ပူးပေါင်းပါဝင်ရန်အတွက် မည်သည့်အကြောင်းကိစ္စများက အိန္ဒိယကို ဟန့်တားနေသလဲဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ သုံးသပ်ထားရာ၌ ကမ္ဘာ့ကုန်သွယ်ရေးကဏ္ဍရှိ ဖွံ့ဖြိုးတိုးတက်မှုများကို အမြဲတစေစောင့်ကြည့်လေ့လာနေသူအဖို့ ကမ္ဘာ့အကြီးမားဆုံး ကုန်သွယ်ရေးအုပ်စုကြီးဖြစ်လာရန် မည်သည့်အရာများက တုံ့ဆိုင်းမှုဖြစ်နေစေသည့် ကောက်ကြောင်းများကို သိနှင့်ပြီးဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ အာရှနှင့် အာရှ ပစိဖိတ်ဒေသရှိ အိန္ဒိယနှင့် အခြား ၁၅ နိုင်ငံတို့သည် ယင်း အဆိုပြုစာချုပ်နှင့်စပ်လျဉ်း၍ အငြင်းပွားနေရသည့် ကျန် အပိုင်းများအား စေ့စပ်ညှိနှိုင်းနေပြီး သဘောတူညီချက်ခိုင်မာမှုရှိစေရန်နှင့် ၂၀၁၉ နှစ်ကုန်တွင် အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ရေးတို့ကို ဆောင်ရွက်နေကြကြောင်း ဖော်ပြထားပါသည်။

အာဆီယံ ၁၀ နိုင်ငံနှင့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် နယူးဇီလန်တို့ပါဝင်သည့် RCEP သည် အရွယ်အစားနှင့်နယ်ပယ်အတိုင်းအတာအားဖြင့်အလွန်တရာ ကြီးမားပြီး အဖွဲ့ဝင်နိုင်ငံများအကြား လွတ်လပ်သည့်ကုန်သွယ်ရေးဇုန်တစ်ခု တည်ထောင်ရန် ရည်ရွယ်ထားကြောင်း၊ တစ်နည်းအားဖြင့်ဆိုရသော် RCEP သည် ကမ္ဘာ့ဂျီဒီပီ၏ ၃၄ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ကုန်သွယ်ရေး၏ ၄၀ရာခိုင်နှုန်းထိ ပါဝင်နေပြီး လူဦးရေအားဖြင့်လည်း ကမ္ဘာ့လူဦးရေတစ်ဝက်ခန့်နီးပါး မှီတင်းနေထိုင်ရာနေရာလည်းဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများအကြား အကောက်ခွန်ကင်းလွတ်သည့် ကုန်သွယ်ရေးဇုန်တစ်ခုဖော်ဆောင်ရန် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဖြစ်ရိုးဖြစ်စဉ်အားဖြင့်မူ ယင်းအုပ်စုသည် ဧရာမစီးပွားရေးဩဇာအာဏာ ရှိလာလိမ့်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် နိုဝင်ဘာလလယ်က စင်ကာပူ၌ ကျင်းပခဲ့သည့်ပွဲ၌ RCEP အုပ်စုဝင်များအနေဖြင့် စိတ်အားတက်ကြွမှုများရှိနေသည့် အရိပ်လက္ခဏာတစ်ရပ်ကို တွေ့မြင်ခဲ့ရပြီး အိန္ဒိယဝန်ကြီးချုပ် မိုဒီကလည်း သဘောတူစာချုပ်အား စောစောအပြီးသတ်ချုပ်ဆိုနိုင်ရန်အတွက် ကတိကဝတ်ပြုခဲ့ကြောင်း ဖော်ပြထားပါသည်။

သို့ရာတွင် ဒီဇင်ဘာလတွင် အိန္ဒိယအစိုးရသည်ရေရှည်၌ အိန္ဒိယအတွက် RCEP စာချုပ်၏ အမှန်အကျိုးဖြစ်ထွန်းနိုင်မှုနှင့် ဆုံးရှုံးနိုင်မှုများအား လွတ်လပ်စွာသုံးသပ်နိုင်ရန် Indian Council for Research on International Economic Relations၊ New Delhibased Centre for Regional Trade နှင့် Rupa Chanda, an expert in international trade တို့ ပါဝင်သည့် အကြံပေး အဖွဲ့အစည်း ၃ခု ခန့်ထားခဲ့ကြောင်း၊ အဆိုပါကိစ္စသည် မေးခွန်းထုတ်စရာတစ်ခုဖြစ်လာခဲ့ပြီး RCEP စာချုပ်နှင့်စပ်လျဉ်း၍ ဝန်ကြီးအဆင့်အစည်းအဝေး (၁၃) ကြိမ်၊ ဆွေးနွေးပွဲ (၂၄) ခုနှင့် အချိန် (၅) နှစ်ကျော်လာခဲ့ပြီး ယခုအချိန်မှ လွတ်လပ်သည့် သုံးသပ်ချက်များရရှိရန် လိုအပ်သည်ဟု မည်သည့်အတွက်ကြောင့် အိန္ဒိယက ယူဆနေသလဲကို စဉ်းစားစရာဖြစ်လာကြောင်း၊ အမှန်အားဖြင့်လည်း စီးပွားရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ အကောက်ခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်ကုန်သွယ်မှု ဖြေလျှော့ရေးနှင့် အစိုးရဝယ်ယူမှုတို့ အပါအဝင် RCEP ၏ အခန်း ၁၆ ခန်းမှာလည်း အပြီးသတ်ဆွေးနွေးပြီးသား အခြေအနေဖြစ်ကြောင်း သုံးသပ်ဖော်ပြထားပါသည်။

အစိုးရကလွတ်လပ်သည့် အကြံပေးအဖွဲ့ ဌားရမ်းဆောင်ရွက်နေသည့်အပေါ် ကုန်သွယ်ရေးညှိနှိုင်းသူများက ထောက်ခံအားပေးကြပြီး ယင်းလုပ်ဆောင်ချက်သည် RCEP ၏ အပြီးမသတ်နိုင်သေးသော အရေးပါသည့် ကုန်သွယ်မှု၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခန်း ၃ ခန်းနှင့်စပ်လျဉ်းသည့်နောက် ဆွေးနွေးပွဲများအတွက် India Inc ၏ ပူပန်မှုများကို ဖြေဖျောက်နိုင်ခဲ့ကြောင်း၊ RCEP ၏ နောက်အစည်းအဝေးကို ဖေဖော်ဝါရီ၌ ထိုင်းတွင်ကျင်းပရန် စီစဉ်ထားရာ အကြံပေး

[ယဉ်ယဉ်နွယ်-စီးပွားရေးသံမှူး ]

အဖွဲ့များ၏ အစီရင်ခံစာများကို ယခုဇန်နဝါရီလကုန်တွင် တင်ပြနိုင်မည်ဟု မျှော်မှန်းကြောင်း သိရှိရပါသည်။

ဆွေးနွေးပွဲများ၌ ပါဝင်သည့် အိန္ဒိယတာဝန်ရှိသူများ၏ အဆိုအရ RCEP စာချုပ်သည် နှစ် ၂၀ အတွင်း ကုန်စည်လိုင်းပေါင်း ၈၀ မှ ၉၀ ရာခိုင်နှုန်းထိ လွှမ်းခြုံလာနိုင်ပြီး၊ အဆိုပါနှစ် ၂၀ ကြာပြီးနောက်တွင်ပင် အကောက်ခွန် သုည ရာခိုင်နှုန်းဖြစ်မလာနိုင်သည့် ကုန်စည်အချို့မှာ "exclusive category" အောက်တွင် ဆက်ရှိနေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယင်းအချက်သည် ထုတ်လုပ်သူအချို့အတွက် ဈေးပေါသည့် သွင်းကုန်များကြောင့် ထိခိုက်မှုမှ သက်သာရာတစ်ခု ဖြစ်လာသင့်ကြောင်း သုံးသပ်ထားပါသည်။

Deki Electronics ၏ MD ကလည်း RCEP သည် အိန္ဒိယအတွက် အကျိုးကျေးဇူးမရှိဘဲ ဆုံးရှုံးမှုသာရှိနိုင်ပြီး တရုတ်ကသာ အကျိုးပိုများနိုင်ကြောင်း၊ ယင်းစာချုပ်အသက်ဝင်သည်နှင့်တစ်ပြိုင်နက် အိန္ဒိယက တရုတ်ကိုဈေးကွက်ပိုဖွင့်ပေးရမည်ဖြစ်ကာ အိန္ဒိယ၏ ကုန်သွယ်မှုလိုငွေ ထပ်တိုးလာမည်ဟု သုံးသပ်ထားကြောင်း သိရှိရပါသည်။

အိန္ဒိယ၏ ကုန်သွယ်မှုလိုငွေကြောင့် လူပေါင်းများစွာအား အိပ်ပျက်ညပေါင်းများစွာကိုဖြစ်နေစေကြောင်း၊ ၂၀၁၇-၁၈ တွင် အိန္ဒိယက တရုတ်သို့ ဒေါ်လာ ၁၃ ဒသမ ၁ ဘီလီယံဖိုးသာ တင်ပို့နိုင်ခဲ့ပြီး တရုတ်ကုန်စည်ဒေါ်လာ ၇၃ ဒသမ ၃ ဘီလီယံဖိုးတင်သွင်းခဲ့သည့်အတွက် အိန္ဒိယအနေဖြင့် တရုတ်နှင့်ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၆၃ ဒသမ ၁ ဘီလီယံဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူစွာပင် အိန္ဒိယသည် ကုန်သွယ်မှုလိုငွေများကိုအခြားသော RCEP အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တောင်ကိုရီးယားနှင့်ဒေါ်လာ ၁၁ ဒသမ ၉ ဘီလီယံ၊ ဩစတြေးလျနှင့် ၁၀ဒသမ ၂ဘီလီယံတို့ဖြစ်ပေါ်နေကြောင်း၊သို့ရာတွင် တရုတ်အစိုးရ၏ ကုန်သွယ်ရေးကြားဝင်မှုက အိန္ဒိယလုပ်ငန်းရှင်များကို အထိတ်တလန့်ဖြစ်စေလျက်ရှိကြောင်း၊ တရုတ်သည် WTO အဖွဲ့ဝင်ဖြစ်သည်မှာ ၁၈ နှစ်ရှိပြီဖြစ်သော်လည်း ပြည်တွင်းထုတ်လုပ်သူများအား အထောက်အပံ့ပေးရန် မကြာသေးမီကပင် ဥပဒေများ ပြင်ဆင်ပြဌာန်းပြီးဖြစ်သည်ဟု အိန္ဒိယထုတ်လုပ်သူများက ပြောကြားထားကြောင်း သိရှိရပါသည်။

India Inc ကိုယ်စားလှယ်များ၏အဆိုအရ RCEP သည် ကုန်စည်လိုင်းပေါင်း၈၀-၈၅ ရာခိုင်နှုန်းခန့်အပေါ် အကောက်ခွန်များ ဖယ်ရှားလိမ့်မည်ဖြစ်သည့်အတွက် အိန္ဒိယဈေးကွက်သို့ တရုတ်ကုန်စည်များအလုံးအရင်းနှင့် ပိုမိုဝင်ရောက်လာမည်ဟု CII လျှပ်စစ်ပို့ကုန်ဌာနခေါင်းဆောင်က သုံးသပ်ပြောကြားထားပြီး နို့ထွက်ပစ္စည်းနှင့် သံမဏိလုပ်ငန်းရှင်အချို့ကလည်း နိုင်ငံ၏အခွန်ဝင်ငွေကောက်ခံရရှိနိုင်မှုကို ထိခိုက်စေမည်ဟု သုံးသပ်ပြောကြားထားကြောင်း သိရှိရပါသည်။

အိန္ဒိယနှင့်တရုတ်တို့အနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှုပြုနေသည့် ကုန်စည်များ၏ ၈၅ ရာခိုင်နှုန်းကို အကောက်ခွန်ဖယ်ရှားရန် သဘောတူသည်ဟု ယူဆကြည့်ပါက ဒေါ်လာ၆၂ ဒသမ ၃ ဘီလီယံဖိုးမျှသော တရုတ်သွင်းကုန်များသည် အခွန်ကင်းလွတ်ခွင့်ရရှိလာမည်ဖြစ်ကာ အိန္ဒိယ၏ပျမ်းမျှအကောက်ခွန်နှုန်းထား ၁၀ ရာခိုင်နှုန်းဖြင့် တွက်ချက်ပါက နိုင်ငံအတွက် အခွန်ဒေါ်လာ ၆ ဒသမ ၂ ဘီလီယံဆုံးရှုံးမည်ဖြစ်ကြောင်း၊ သို့ရာတွင် ယင်းကုန်စည်အားလုံးအတွက် အကောက်ခွန်ကင်းလွတ်ခွင့်မှာ နှစ် ၂၀ ကျော်မှသာ ဖြစ်လာမည်ဟု သုံးသပ်ထားပါသည်။

RCEP နှင့်စပ်လျဉ်း၍ အိန္ဒိယလုပ်ငန်းရှင်များဘက်မှ အမျိုးမျိုးဝေဖန်ပြောဆိုထားသော်လည်း ကူးသန်းရောင်းဝယ်ရေး အတွင်းဝန်ဟောင်း Rajeev Kher ကမူ RCEP သည် အိန္ဒိယအား မျှတမှုမရှိသည့် နှစ်နိုင်ငံကုန်သွယ်မှုရေးရာများနှင့်စပ်လျဉ်း၍တရုတ်နှင့်စေ့စပ်ညှိနှိုင်းနိုင်မည့်အခွင့်အလမ်းတစ်ရပ်ပေးလိမ့်မည်ဖြစ်ကြောင်း၊ အိန္ဒိယအနေဖြင့် တစ်နိုင်ငံထဲ ရပ်တည်၍ မရဘဲ အစုအဖွဲ့တစ်ခု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်ရှိရမည်ဖြစ်ကာ RCEP တွင် အိန္ဒိယအတွက် ၁၉၉၁ ခုနှစ်၊ ဖြေလျှော့မှုများ ပြုလုပ်ခဲ့ပြီးနောက်ပိုင်းတွင် မကြားဖူးသည့် ကုန်သွယ်မှုဆိုင်ရာ တစ်ဆစ်ချိုး အပြောင်းအလဲတစ်ခု ဖြစ်လာနိုင်သည်ဟု သုံးသပ်ပြောကြားထားကြောင်း၊ RCEP သည် အိန္ဒိယအား ကမ္ဘာ့စီးပွားရေးနှင့်ပူးပေါင်းလာနိုင်ပြီး နိုင်ငံအတွက် သမိုင်းတွင်သည့် ကုန်သွယ်မှုဆိုင်ရာပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်နိုင်မည့် အခွင့်အလမ်းတစ်ရပ်ရှိနေသည်မှာ မှန်ကြောင်း၊ သို့ရာတွင် ထိုသို့လက်မှတ်ထိုးခြင်းသည် အိန္ဒိယကုမ္ပဏီများအား အထိနာစေနိုင်မည်လားဆိုသည်ကို အဆိုပါစာချုပ်၏ ရုပ်လုံးပိုမိုပီပြင်လာမှသာ ရှင်းလင်းသည့်အဖြေများရလာလိမ့်မည်ဖြစ်ကြောင်း၊ ယင်းမတိုင်မီတွင်မူ အိန္ဒိယအနေဖြင့် ခက်ခဲသည့်ဆွေးနွေးညှိနှိုင်းမှုများကို ဖြတ်ကျော်ရဦးမည်ဟု သုံးသပ်ပြောကြားထားကြောင်း သိရှိရပါသည်။

ပညာရှင်များအနေဖြင့်လည်း RCEP သည် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအတွက် Global Value Chains တွင် ပါဝင်လာနိုင်မည့်ဝင်ပေါက်တစ်ခုအနေဖြင့်လည်း ရှုမြင်သုံးသပ်ကြကြောင်း သိရှိရပါသည်။

## မြန်မာ့ဆိပ်ကမ်းတွင် ၂၈.၃.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT.ARMONIA | P.Oil(In Bulk) ၅၇၀၀ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - IAL-001 | TEU ၄၄၀ တင် ၆၆၄ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - CAPE FLORES | TEU ၇၂၈ တင်ဆဲ ၆၇၀ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - SINAR BALI | TEU ၇၀၅ တင်ဆဲ ၇၆၇ ချဆဲ |
| အလုံဆိပ်ကမ်း(၁) | - BIPL TRUST | TEU ၃၅၀ တင်ဆဲ ၂၅၂ချဆဲ |
| စက်မှုဆိပ်ကမ်း(၃) | - NEFELI | TEU ၆၀၀ တင်ဆဲ ၃၁၈ ချဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | - HAIDUONG 36 | Urea(In Bulk) ၉၅၀၀ ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၁) | - TROUNG MIN OCEAN | Urea(In Bulk) ၁၂၆၀၀ ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - ORNELLA | TEU ၈၄၈ တင်ဆဲ ၃၆၀ချဆဲ |
| MIPLဆိပ်ကမ်း | - JIN SUI | Steel & Fertilizer 28928 MTချဆဲ |
| သီလဝါဆိပ်ကမ်း(၃) | - HAI PHOUNG ASIA | Steel Plate ၃၀၀၀ချဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - IMKE SELMER | Steel & Fertilizer 23516 MTချဆဲ |
| သီလဝါဆိပ်ကမ်း(၅) | -SILVER SHADOW | Cruise Vessel Pax 319 |
| WILMAR JETTY | - TAY SON-3 | Deform Bars ၁၂၀၀၀ ချဆဲ |
| MMTM JETTY | - MT OCEAN DOLPHIN | DieselOil၁၁၃၉၆ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ZHONG YU -89 | Steel Product 23720 ချရန် | CHINA | ၂၉.၃.၂၀၁၉ |
| SEA WAY INVINCIBLE | TECHNICAL REFAIR | SINGAPORE | ၂၉.၃.၂၀၁၉ |
| AN NING | STEEL ၂၄၀၀၀ ကုန်ချရန | CHINA | ၃၁.၃.၂၀၁၉ |
| MV MCL-21 | FLAG CHANGE | CHINA | ၃၁.၃.၂၀၁၉ |
| NEW JOURNEY | WHEAT ၂၀၀၀၀ ကုန်ချရန | USA | ၅.၄.၂၀၁၉ |
| NAFTILOS | Steel Product ၂၂၀၀၀ ကုန်ချရန် | CHINA | ၅.၄.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၈.၃.၂၀၁၉ |
| NESHAT | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၉.၃.၂၀၁၉ |
| MAERSK WIESBADAN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၉.၃.၂၀၁၉ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၃.၂၀၁၉ |
| MITRA BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၃.၂၀၁၉ |
| RATANA THIDA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၃၀.၃.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.GLORY STAR | Diesel | Green Asia JETTY | ၂၂.၃.၂၀၁၉ |
| MT.OCEAN POROISE | MOGAS(92 RON) | ELITE JETTY | ၂၉.၃.၂၀၁၉ |
| MT.VIET STAR | P.Oil(In Bulk) | INDONESIA | ၃၀.၃.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၃၀.၃.၂၀၁၉ |
| MT. PRIMROSE | P.Oil(In Bulk) | INDONESIA | ၃၀.၃.၂၀၁၉ |
| MT.GLORY OCEAN | Diesel | SINGAPORE | ၃၀.၃.၂၀၁၉ |
| MT.OCEAN GOBY | Diesel | SINGAPORE | ၃၀.၃.၂၀၁၉ |
| MT.ORCA PACIFIC | Diesel | SINGAPORE | ၃၀.၃.၂၀၁၉ |
| MT.KIRANA HASTA | Diesel | SINGAPORE | ၃၁.၃.၂၀၁၉ |
| MT.FLY SEAL | Diesel | SINGAPORE | ၃၁.၃.၂၀၁၉ |
| MT.YU HAI | Diesel +MOGAS92RON | SINGAPORE | ၂.၄.၂၀၁၉ |
| MT. CP-38 | P.Oil(In Bulk) | INDONESIA | ၂.၄.၂၀၁၉ |

## ကြက်သွန်

# ပြည်ကြက်သွန်နီဈေးကွက် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းဝယ်လျက်ရှိ

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ မကွေးတိုင်းဒေသကြီး အတွင်းရှိ အောင်လံ၊ တောင်တွင်း၊ ရေနံချောင်း၊ သရက်စတဲ့ နယ်များမှ ကြက်သွန်နီများဝင်ရောက်မှုရှိသလို ပြည်မြို့နယ် ဒေသတစ်ဝိုက် စိုက်ပျိုးလျက်ရှိသော မှော်ဇာ၊ ကုန်းရိုး ကြက်သွန်နီများလည်း ဝင်ရောက်မှုရှိနေကြောင်း သိရပါတယ်။ နေ့စဉ်ပိဿာ ၃၀ ဝင်အိတ် ၁၀၀၀ ခန့်ကို တစ်ပိဿာလျှင် (ကြီး/လတ်/သေး) ကျပ် ၄၀၀-၃၇၀-၃၅၀ နှုန်းဖြင့် ဝင်ရောက်မှုရှိနေကြောင်း သိရပြီး ဝင်ရောက်လာသော ကြက်သွန်နီများမှာ အရည်အသွေးကောင်းကာ ဈေးနှုန်းချိုသာလျက်ရှိနေတာတွေ့ရပါတယ်။

အရောင်းအဝယ်အနေဖြင့် ပွဲရုံများတွင် တစ်ပိဿာကို (ကြီး/လတ်/သေး) ကျပ် ၅၀၀-၄၅၀-၄၀၀ နှုန်းတို့ဖြင့် ပြည်ခရိုင်နှင့်သာယာဝတီခရိုင်တို့မှ အိတ်ဆွဲဝယ်ရောင်းသမားများ၊ ပြည်မြို့ဒေသတွင်း ဝယ်လက်များနှင့် နယ်ကျော်တင်ပို့မှုအဖြစ် ဧရာဝတီတိုင်းရှိ မြန်အောင်၊ ကြံခင်းမြို့များနှင့် ရခိုင်ပြည်နယ်တွင်းရှိ တောင်ကုတ်၊ သံတွဲမြို့များသို့ တင်ပို့မှုအပါအဝင် နေ့စဉ်ဝင်ရောက်မှုရဲ့ ထက်ဝက်ကျော်ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ ပြည်မြို့နယ်အတွင်းရှိ လက်လီဈေးအသေးများတွင် ကြီးလတ် အမျိုးအစားများကို ဈေးနှုန်းတူညီစွာဖြင့် တစ်ပိဿာကို ကျပ် ၆၀၀-၇၀၀-၇၅၀၊ (သေး/သေးဆုံး) ကျပ် ၄၀၀-၅၀၀ နှုန်းတို့ဖြင့် ရောင်းချလျက်ရှိသည့်အတွက် ယခင်တစ်ပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်လျှင် တစ် ပိဿာကို ကျပ် ၂၀၀ ခန့်ကျဆင်းသွားကြောင်း သိရပါတယ်။

ယခုအချိန်အခါမှာ ကြက်သွန်နီအထွက် လှိုင်နေတဲ့အချိန်ဖြစ်သည့်အတွက် ဈေးနှုန်းများချိုသာနေပြီး တောင်သူများတွက်ခြေမကိုက်ဘဲ စားသုံးသူပြည်သူများမှာ ဈေးနှုန်းရော အရည်အသွေးကိုပါ စိတ်ကျေနပ်မှုရှိနေကြောင်း သိရပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**

# ဆောင်းကြက်သွန်နီဈေးကွက်

ကြက်သွန်နီကို မိတ္ထီလာခရိုင်အတွင်း မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်နှင့်ပျော်ဘွယ်မြို့နယ်တို့တွင် စီးပွားဖြစ်စိုက်ပျိုးကြသည်။ ယခုအခါ ဆောင်းကြက်သွန် စတင်ထွက်ရှိနေပြီး ယခုအခါ ကြက်သွန်အစိုတစ်ပိဿာလျှင် ကျပ် ၅၀၀ မှ ၆၀၀ ထိ ရောင်းချရကြောင်းနှင့် ဧပြီလဆန်းပိုင်းတွင် ကြက်သွန်များ ဖြိုင်ဖြိုင်ပေါ်မည်ဖြစ်ကြောင်း သိရှိရသည်။ ဈေးကွက်အနေဖြင့် ကျေးရွာများသို့ မြို့ခံပွဲရုံများမှ ပွဲစားများလာရောက် ဝယ်ယူနေကြကြောင်း သိရသည်။

ကြက်သွန်နီကို မိမိတို့နေအိမ်၊ဂိုထောင်များတွင် တစ်ပိုင်တစ်နိုင်လှောင်သည့် တောင်သူများလည်းရှိကြောင်းနှင့်ဈေးကောင်းရရှိချိန်တွင် ထုတ်ရောင်းကြကြောင်း ဈေးကွက်အနေဖြင့် ကြက်သွန်နီကို ပဲခူး၊ တောင်ငူ၊ ပြွန်တန်ဆာမြို့များသို့လည်း ပို့ဆောင်ရောင်းချကြကြောင်း သိရှိရပါသည်။

**သိမ့်သူဇာမောင်(ထီလာ)**

# ယခုတစ်ပတ်အတွင်း ဖြစ်ပေါ်နေသော ကြက်သွန်နီဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ် ပခုက္ကူ ကြက်သွန်နီ လက်ကားဈေးနှုန်းမှာ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၄၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၂၅၀မှ ၃၀၀၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၈၀ မှ ၁၀၀၊ နေ့စဉ် ကုန်ချိန် ၃၀၀၀၀ မှ ၅၀၀၀၀ထိ ဥပုသ်နေ့မှလွဲ၍ အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ကြက်သွန်နီ လက်လီဈေးနှုန်းမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၉၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၅၀၀ မှ ၇၀၀၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၂၀၀ မှ ၃၀၀ ခန့်ထိ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ဆိပ်ဖြူ ကုန်စည်ဒိုင်တွင် ယခုတစ်ပတ် ကြက်သွန်နီ လက်ကားဈေးနှုန်းမှာ ထိပ်စ တစ်ပိဿာလျှင် ၄၁၅ ကျပ်၊ အလတ်စ တစ်ပိဿာလျှင် ၃၆၅ ကျပ်၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၂၅၀ ဖြင့် နေ့စဉ်ကုန်ချိန် ၅၀၀၀၀ မှ ၇၀၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ပခုက္ကူနှင့် ဆိပ်ဖြူမှ ထွက်ရှိသည့် ကြက်သွန်နီများကို မြန်မာပြည်အနှံ့အပြားသို့ တင်ပို့လျက်ရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မန်ကျည်း

# မန်ကျည်းတန်ချိန် ၂၄၀၀ကျော်တင်ပို့

မတ်လ ၁၇ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၂၄၈၇ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ ခဲ့ပါတယ်။

ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ ၇၅ တန်၊ မလေးရှားနိုင်ငံသို့ ၆၆၈ တန်၊ ပါကစ္စတန်နိုင်ငံသို့ ၇၇၄ ဒသမ ၅၀ တန်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၃၆၀၊ အာရပ်နိုင်ငံသို့ ၄၆ တန်နဲ့ ဗီယက်နမ်နိုင်ငံသို့ ၅၁၄ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က မန်ကျည်းတန်ချိန် ၃၄၄၀ တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၉၅၀ တင်ပို့မှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၁၂၅၈၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း**

## မဟာသင်္ကြန်နှစ်သစ်ကူးကာလ ကောမတ်စ်ဂျာနယ် နှစ်ပတ်နားမည်

မြန်မာ့ရိုးရာ အစဉ်အလာပွဲတော်ဖြစ်သည့် မဟာသင်္ကြန် နှစ်သစ်ကူးကာလဖြစ်သော ဧပြီ (၁၈)ရက်နှင့် ဧပြီ(၂၂)ရက်တို့တွင် ထုတ်ဝေမည့် ကောမတ်စ်ဂျာနယ်အား နှစ်ပတ်ရပ်နားမည်ဖြစ်ပြီး အတွဲ(၁၉) အမှတ် (၁၅)ကို ဧပြီ(၂၉)ရက်တွင် ပြန်လည်ထုတ်ဝေမည်ဖြစ်ကြောင်း ကောမတ်စ်ဂျာနယ် ပရိသတ်များအား လေးစားစွာ အသိပေးအပ်ပါသည်။

**အယ်ဒီတာအဖွဲ့**

## နှနွင်း

# အိန္ဒိယနိုင်ငံသို့ နနွင်းတန် ၁၅၀တင်ပို့

မတ်လ ၁၇ ရက်မှ ၂၄ ရက် သီတင်းပတ်အတွင်း နနွင်း တန်ချိန် ၁၅၀ ကို တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်က နနွင်းတန်ချိန် ၉၀ တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၆၀ ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ကာလတူမှာတော့နနွင်း၈၉ တန်ကျော် တင်ပို့ခဲ့တာကြောင့် ဒီနှစ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၆၀ ကျော် ပိုမို တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၅၀၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ချင်း

# ဒီတစ်ပတ် ချင်းတန်ချိန် ၅၀၀ ကျော်သာတင်ပို့

မတ်လ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်းချင်း ၅၅၀ ဒသမ ၀၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၁၂ ဒသမ ၅၆ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၃၇ ဒသမ ၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ချင်းစိုက တစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၀၀ ဝန်းကျင်ရရှိခဲ့ပြီး ချင်းခြောက်က တစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၇၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၃၁၈၄ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**



## နှမ်း

# ပြည်ဈေးကွက်တွင် နှမ်းနီနှင့်နှမ်းနက်ဈေးပြန်မြင့်လာ

ပြည်ဈေးကွက်တွင် နှမ်းဝင်ရောက်မှုမရှိပေမယ့် ပွဲရုံတွင်လှောင်ထားသော နှမ်းများဖြင့် ရက်ခြားအရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်တွင် နှမ်းနီနှင့်နှမ်းနက်ဈေးပြန်မြင့်လာပြီး စမုံနက်နှမ်းဈေးအနည်းငယ်ပြန်ကျလာတာတွေ့ရပါတယ်။ ဈေးကွက်တွင် နှမ်းနီမှာပစ္စည်းမရှိပေမယ့် အနည်းငယ်သာအရောင်းအဝယ်ဖြစ်လို့ ဈေးပိုလာပြီး နှမ်းနက်ကိုဆီစက်သမားများက အဝယ်ရှိလို့ အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။

စမုံနက်နှမ်းကို မန္တလေးဝယ်လက်များက ရက်ခြားအဝယ်ရှိလာတဲ့အတွက် ဈေးအနည်းငယ် ပြန်အေးသွားတာတွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၈၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၇၃၀၀၀ အထိ မြင့်တက်လာပြီး စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၈၃၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ပြန်ကျလာပြီး တစ်နေ့လျှင် အိတ် ၃၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း(ပြည်)**

# စမုံနှမ်းနက်ကုန်အဝင်နည်းလာသည့်အပြင် ပြည်ပဝယ်လက်ကြောင့် ဈေးပြန်မြင့်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်နှင့်ရေနံချောင်းမြို့နယ်များမှ ထွက်ရှိသော စမုံနှမ်းနက်များ အဝင်နည်းလာသည့်အပြင် ပြည်တွင်းပြည်ပဝယ်လက်ရှိသောကြောင့် ဈေးပြန်မြင့်လာကြောင်း နှမ်းဈေးကွက်မှသိရသည်။

"လက်ရှိစိုက်ပျိုးမှုကလည်း ယာမြေစိုက်တောင်သူတွေကလည်း မိုးမကျသေးတော့မစိုက်သေးဘူး။ ကိုင်းမြေမှာတော့ လက်ရှိရေသွင်းစိုက်ချိန်ပျိုးချိန်ပဲရှိသေးတယ်။ ဒီတော့လှောင်လက်က နှမ်းကိုပဲရောင်းနေရတယ်။ ဒါကြောင့်ကုန်ဝင်နည်းတာပါ "ဟု ရေနံချောင်းမြို့နယ်က နှမ်းပွဲစားတစ်ဦးက ပြောသည်။

လက်ရှိနှမ်းဈေးကွက်တွင် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၇၁၀၀၀ ဝန်းကျင်ရှိပြီး ဆီစက်နှင့်ပြည်ပပို့သည့်ကုန်သည်များအဓိကဝယ်ယူကြောင်း ယခင်မတ်လလယ်တွင် စမုံနက်နှမ်းတစ်တင်းကျပ်၆၇၀၀၀ရှိကြောင်းသိရသည်။

**ရွှေဇင်(ရေနံချောင်း)**





# ကြံမှသည် သကြားအထိ မှန်ကန်သော ကိန်းဂဏန်းများဖြင့် တန်ဖိုးကွင်းဆက်တစ်ခုလုံး တိုးတက်အောင် ဆောင်ရွက်ကြပါစို့

မျိုးသူ (ကုန်သွယ်မြှင့်)

## ကြံ

ကြံကို ပုရွက်ဆိတ်မှ ဆင်အထိ ကြိုက်နှစ်သက်ကြပါသည်။ ဆိုလိုသည်မှာ အသေးငယ်ဆုံး သတ္တဝါမှ အကြီးဆုံး သတ္တဝါအထိ ကြိုက်နှစ်သက်ကြပါသည်။ လူဆိုသော သတ္တဝါလည်း ကြိုက်နှစ်သက်ကြသည်သာဖြစ်သည်ဟု ဆိုလိုချင်ပါသည်။ ကြံမှ ထုတ်လုပ်သော သကြားသည် လူတို့အစားအစာတွင် အရေးပါသော ကုန်ပစ္စည်းတစ်ခုဖြစ်နေသဖြင့် ကမ္ဘာတွင် ကြံကိုစိုက်ပျိုးထုတ်လုပ်ပြီး သကြားစက်များတည်ထောင်ကာ သကြားကို အကြီးအကျယ် ထုတ်လုပ်ရောင်းဝယ်ကြပါသည်။ ကမ္ဘာ့သကြားဈေးကွက်ကိုကြည့်လျှင် စီးပွားရေးအင်အားကြီးနိုင်ငံများဖြစ်သော အမေရိကန်ပြည်ထောင်စု၊ အီးယူ၊ တရုတ်နိုင်ငံတို့ ပါဝင်နေသည်ကို စိတ်ဝင်စားဖွယ် တွေ့မြင်နိုင်ပါသည်။ သကြားထုတ်လုပ်မှုကို ကြံပင်အပြင် အခြားသော သကြားမုန်လာ၊ ပြောင်းတို့မှလည်း ထုတ်လုပ်နိုင်သည်ဟု သိရပါသည်။ ကမ္ဘာ့ကြံအများဆုံးစိုက်ပျိုးထုတ်လုပ်သော ထိပ်ဆုံး ၁၀ နိုင်ငံမှာ ဘရာဇီး၊ အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ ပါကစ္စတန်၊ မက္ကဆီကို၊ ကိုလံဘီယာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ယူအက်စ်အေတို့ဖြစ်ကြပါသည်။ ဘရာဇီးသည် တစ်ကမ္ဘာလုံးစိုက်ပျိုးထုတ်လုပ်မှု၏ ၄၀ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ပါသည်။

## မြန်မာ့ကြံစိုက်ပျိုးထုတ်လုပ်မှု

မြန်မာနိုင်ငံ၏ ပဲခူးတိုင်းအရှေ့ဘက်ခြမ်းရှိ ဖြူး၊ ကျောက်တံခါး၊ ညောင်လေးပင်မြို့နယ်များကို ကြည့်လျှင် ကြံစိုက်ပျိုးမှုအများအပြားကို တွေ့မြင်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် ကြံကို ရှေးကပင် စတင်စိုက်ပျိုးထုတ်လုပ်ခဲ့ကြသည်ဟု သိရပါသည်။ ဆိုရှယ်လစ်ခေတ်နှင့် တပ်မတော်အစိုးရလက်ထက်တွင် သကြားစက်များကို အစိုးရမှ ပိုင်ဆိုင်ခဲ့ပြီး သကြားစက်တစ်ခုချင်းအတွက် ကုန်ကြမ်းပေးသွင်းမည့်ကြံစိုက်ပျိုးဧရိယာကို ထူထောင်ထားပြီး ကုန်ကြမ်းဖြစ်သော ကြံကို သတ်မှတ်ဈေးဖြင့် အစိုးရသကြားစက်များမှ ဝယ်ယူကြပါသည်၊ ကြံသယ်ယူမှုကို သက်ဆိုင်ရာသကြားစက်မှ တာဝန်ခံသယ်ယူရပါသည်။ သို့ရာတွင် ကြံကို စပါးစိုက်ပျိုးသည့် လယ်မြေများပေါ်တွင် စိုက်ပျိုးခြင်းကို အစိုးရမှ လက်မခံခဲ့ပါ။ ကြံကို စပါးစိုက်ပျိုးရန် ခက်ခဲသည့် သဲဆန်သော မြေများ၊ ကုန်းကျသော မြေများတွင်သာ စိုက်ပျိုးခဲ့ကြပါသည်။ ကြံအများအပြားစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာစစ်ကိုင်း၊ ပဲခူး၊ ရှမ်းတောင်နှင့် မြောက်ပိုင်းနှင့် နေပြည်တော်အနီးတစ်ဝိုက်တွင် အများအပြား စိုက်ပျိုးကြကြောင်း တွေ့ရပါသည်။ သို့ရာတွင် စိုက်ပျိုးသည့်ဧရိယာသည် များစွာတိုးတက်လာသည်ကို မတွေ့ရကြောင်း ဆိုပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ထုတ်ဝေသည့် Myanmar Agriculture Sector in Brief စာအုပ်တွင် ကြံနှင့်ပတ်သက်ပြီး “မြန်မာနိုင်ငံ၏ ကြံစိုက်ပျိုးသောဧရိယာမှာ လွန်ခဲ့သောဆယ်စုနှစ်အတွင်း မလှုပ် မယှက်ရှိနေသော်လည်း အထွက်နှုန်းမှာ ၄၂ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကိုတွေ့ရပါသည်”ဟု ဖော်ပြထားသည်ကိုတွေ့ရပါသည်။ စိုက်ပျိုးထုတ်လုပ်မှုမှာ အောက်ပါအတိုင်းရှိကြောင်း တွေ့ရှိရပါသည်-

| စိုက်ပျိုးနှစ် | စိုက်ပျိုးဧရိယာ (၀၀၀” ဟက်တာ) | အထွက်နှုန်း (မက်တန်/ဟက်တာ) | ထုတ်လုပ်မှု (၀၀၀” မက်တန်) |
|---|---|---|---|
| ၂၀၀၈-၀၉ | ၁၆၅ | ၆၁.၂၀ | ၉၉၀၁ |
| ၂၀၀၉-၁၀ | ၁၆၀ | ၆၁.၆၁ | ၉၇၁၅ |
| ၂၀၁၀-၁၁ | ၁၅၂ | ၆၂.၆၄ | ၉၃၉၈ |
| ၂၀၁၁-၁၂ | ၁၅၄ | ၆၃.၂၂ | ၉၆၉၀ |
| ၂၀၁၂-၁၃ | ၁၅၄ | ၆၂.၂၆ | ၉၅၆၄ |
| ၂၀၁၃-၁၄ | ၁၆၉ | ၆၁.၈၃ | ၁၀၄၇၃ |
| ၂၀၁၄-၁၅ | ၁၈၁ | ၆၃.၄၁ | ၁၁၃၀၇ |
| ၂၀၁၅-၁၆ | ၁၆၂ | ၆၃.၆၇ | ၁၀၃၀၅ |
| ၂၀၁၆-၁၇ | ၁၆၄ | ၆၄.၈၀ | ၁၀၆၀၄ |
| ၂၀၁၇-၁၈ | ၁၆၃ | ၆၄.၅၄ | ၁၀၅၃၆ |

သို့ဖြစ်၍ ၂၀၀၈-၂၀၀၉ မှ ၂၀၁၇-၂၀၁၈ အထိ ဆယ်နှစ်တာကာလအတွင်း စိုက်ပျိုးဧရိယာမှာ အနည်းဆုံး ၁၅၂၀၀၀ ဟက်တာ (၃၈၀၀၀၀ဧကေ)မှ အများဆုံး ၁၈၁၀၀၀ ဟက်တာ (၄၅၂၅၀၀ ဧက) အတွင်းသာရှိသည်ဟု တွေ့ရပါသည်။

သို့ရာတွင် ကြံသကြားလောကမှ ပုဂ္ဂိုလ်များက ကြံစိုက်ဧကများမှာ တိုးတက်လာကြောင်း သစ်တောမြေများနှင့် မြေလွတ်မြေရိုင်းများတွင်လည်း အများအပြား စိုက်ပျိုးလာကြောင်း ဆိုပါသည်။ ကြံစိုက်ပျိုးထုတ်လုပ်မှုသည် ခေတ်မီသကြားစက်များ တည်ရှိမှုနှင့်လည်း သက်ဆိုင်ပါသည်။ ငွေရည်ပုလဲသကြားစက်ရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်နှင့် နဝဒေး သကြားစက်ရှိသော ပြည်မြို့နယ်တို့တွင် ကြံစိုက်ပျိုးထုတ်လုပ်မှုသိသိသာသာ တိုးတက်လာနေသည်ကို တွေ့နေရပါသည်။ ကြံစိုက်ပျိုးထုတ်လုပ်မှုအတွက် အလားအလာကောင်းများမှာ အထွက်နှုန်းတိုးတက်လာခြင်း၊ အခြားသီးနှံများစိုက်ပျိုးရာတွင် ဈေးနှုန်းအတက်အကျမမှန်သဖြင့် တောင်သူများအတွက် တွက်ခြေကိုက်မှုကို တွက်ချက်ရရှိရန်ခက်ခဲလာခြင်း၊ ဥပမာ- စပါးဈေးကို မခန့်မှန်းနိုင်ခြင်း၊ ၂၀၁၇ နောက်ပိုင်းတွင် မတ်ပဲဈေးနှုန်းမတည်ငြိမ်ခြင်း စသည့်အချက်များကြောင့်လည်း ကြံစိုက်ပျိုးမှုကို အားထားလာကြပါသည်။ ယခင်က ကြံစိုက်ပျိုးမှုမှာ နှစ်ရှည်သီးနှံပင်ကဲ့သို့ဖြစ်နေသဖြင့် ရာသီသီးနှံများစိုက်ပျိုးမှုလောက် မြန်မြန်ဆန်ဆန် ငွေဝင်ခြင်းမရှိသဖြင့် စိုက်ပျိုးမှုအသင့်အတင့်သာရှိခဲ့ခြင်းဖြစ်ပါသည်။

## သကြား

သကြားသည် လူတို့အတွက် မရှိမဖြစ် ပစ္စည်းတစ်ခုဖြစ်ပါသည်။

ကြံကို စိုက်ပျိုးသည့်အဓိက ရည်မှန်းချက်မှာ သကြားရရှိရန်အတွက်ဖြစ်သည်ဟုဆိုနိုင်ပါသည်။ သကြားကို ခရစ်မပေါ်မီကပင် လူတို့စားသုံးနေကြပြီဟု ဆိုကြပါသည်။ အေဒီ ၄၀၀ ခန့်တွင် အိန္ဒိယနိုင်ငံ၌ စတင်အသုံးပြုခဲ့ကြပြီးဖြစ်ကြောင်း အတိအကျ သိရှိရပါသည်။ အေဒီ ၅၀၀ ခန့်တွင် အိန္ဒိယမှတစ်ဆင့် အရှေ့အိန္ဒိယကျွန်းစု၊ တရုတ်နိုင်ငံ၊ ပါးရှားနိုင်ငံတို့သို့ လည်းကောင်း၊ အေဒီ ၇၀၀ ခန့်တွင် စပိန်နိုင်ငံသို့ လည်းကောင်း၊ သကြားပြုလုပ်နည်း ပျံ့နှံ့ခဲ့သည်ဟု ဆိုပါသည်။ တစ်နှစ်လျှင် တစ်ကမ္ဘာလုံး၌ သကြားအများဆုံးထွက်ရှိသော နိုင်ငံများမှာ ဘရာဇီး၊ အိန္ဒိယနှင့် ကျူးဘားနိုင်ငံများဖြစ်သည်ဟု ဆိုပါသည်။ ကြံမှ သကြားထုတ်လုပ်ရာတွင် သကြားစက်များသည် အရေးပါသောကဏ္ဍတွင် ပါဝင်နေပါသည်။ အရည်အသွေးမီသော သကြားများထုတ်လုပ်နိုင်ရန်အတွက် ခေတ်မီသကြားစက်ကြီးများ လိုအပ်ပါသည်။

အထူးသဖြင့် ပြည်ပသို့ သကြားတင်ပို့နိုင်ရေးအတွက် သကြားစက်ကြီးများ လိုအပ်နေသည်ကို တွေ့နိုင်ပါသည်။ သကြားစက်ကြီးများအတွက် ကြံကို ကုန်ကြမ်းအဖြစ် မဖြစ်မနေလိုအပ်သဖြင့် ကြံစိုက်ပျိုးသည့် တောင်သူများနှင့် ကြံစိုက်ခင်းများသည် သကြားစက်အတွက် မဖြစ်မနေ လိုအပ်သကဲ့သို့ ကြံစိုက် တောင်သူများအတွက်လည်း သကြားစက်ကြီးများမှ ဈေးကောင်းပေးဝယ်ယူရေးသည်လည်း လိုအပ်နေသည်ကို တွေ့နေရပါသည်။ သကြားစက်များသည် သကြားအပြင် လျှပ်စစ်ဓာတ်အားကိုလည်း ပြန်လည်ရောင်းချနိုင်ရန်နှင့် ဘေးထွက်ပစ္စည်း အီသနောကိုလည်း လောင်စာဆီအဖြစ် အသုံးပြုရန် သို့မဟုတ် အရက်ချက်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဝင်ငွေရရှိမည့်ကုန်အဖြစ် ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ သို့ဖြစ်သဖြင့် သကြားစက်များသည် ထုတ်ကုန်အဖြစ် သကြားအပြင် အခြားသော လျှပ်စစ်နှင့် အခြားထွက်ကုန်များကိုပါ ထုတ်လုပ်နိုင်ပါက များစွာအကျိုးရှိနိုင်ပြီး သကြားစက်များသည် သကြားအတွက် ထုတ်လုပ်မှုကုန်ကျစရိတ်လျော့နည်းစေနိုင်ပြီး သကြားဈေးကိုလည်း လျှော့ချနိုင်လာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် သကြားစက်များရှိသော်လည်း နိုင်ငံတကာသို့ တင်ပို့နိုင်သည့် White Refined Sugar မျိုးကို ထုတ်လုပ်နိုင်သည့် သကြားစက်မှာ အနည်းငယ်သာရှိသည်ဟု သိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် လျှပ်စစ်ဓါတ်အားလည်း ထုတ်လုပ်နိုင်ပြီး၊ အီသနောကို လောင်စာဆီအဖြစ် ထုတ်လုပ်နိုင်သည့် သကြားစက်မျိုးများ များစွာလိုအပ်နေပါသည်။ အဆိုပါ သကြားစက်မျိုးများများ စားစားရှိနေမှသာ ပြည်တွင်းထုတ် သကြားများကို ပြည်ပတင်ပို့မှုပိုမို လာမည်ဖြစ်ပါသည်။

စာမျက်နှာ ၂၇ သို့

# အိမ်သုံးလျှပ်စစ်ပစ္စည်းသုံးစွဲမှု အန္တရာယ် ကင်းဝေးရလေအောင်

အိမ်သုံးလျှပ်စစ်ပစ္စည်း လျှပ်စစ်ဝါယာကြိုးသုံးစွဲမှုနှင့်ပတ်သက်၍ အန္တရာယ်ကင်းဝေးနိုင်ရန်နှင့် ပစ္စည်းများ ဝယ်ယူသုံးစွဲရာတွင် စားသုံးသူများဘက်မှ နစ်နာမှုမရှိစေရန် အရည်အသွေးမီ ပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် စားသုံးသူတိုင်း သိထားသင့်သော လျှပ်စစ်ဆိုင်ရာ အခြေခံအချက်အလက်များကို တင်ပြလိုပါတယ်။ စားသုံးသူတို့နေအိမ်အဆောက်အအုံနေရာများတွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်သည့် လျှပ်စစ်မီးသီး၊ မီးချောင်း၊ လေအေးပေးစက်၊ လျှပ်စစ်မီးဖို၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ စသည်များ တပ်ဆင်ရာတွင် လျှပ်စစ်ဝါယာကြိုးများကို အသုံးပြုရပါတယ်။

လျှပ်စစ်ဝါယာများတွင် (Single Wire) တစ်ပင်သွားဝါယာ၊ (Twin Wire) နှစ်ပင်သွား ဝါယာများ အသုံးပြုကြပါတယ်။ တစ်ပင်သွားဝါယာတွင် လျှပ်ကာတစ်ထပ်ပါသော ဝါယာနှင့်လျှပ်ကာနှစ်ထပ်ပါသော ဝါယာ စသည်ဖြင့် တွေ့ရပါတယ်။ နှစ်ပင်ပူးဝါယာတွင် ဝါယာတစ်ပင်စီတွင် လျှပ်ကာတစ်ထပ်စီပါပြီး ဝါယာနှစ်ပင်ပူးပေါ်တွင် လျှပ်ကာတစ်ထပ်ထပ်မံအုပ်ထားပါတယ်။ ဝါယာများကိုထုတ်လုပ်ရာ တွင် သက်ဆိုင်ရာစနစ်၏ စံညွှန်းသတ်မှတ်ချက်များတွင် ပါဝင်သောအတိုင်းအတာ သတ်မှတ်ချက်များနှင့်အညီ အရွယ်အစား အမျိုးမျိုးကို ထုတ်လုပ်ရပါတယ်။ စံညွှန်းသတ်မှတ်ရာတွင် ပါဝင်သော ကြေးနန်းမျှင်တစ်ခုစီ၏အချင်း၊ ဝါယာ၏ လျှပ်ကူးကြိုး၊ ထိပ်ဖြတ်ဧရိယာ၊ လျှပ်ကာ၏အထူ စသည့်အချက် များပေါ် မူတည်၍ ဝါယာအရွယ်အစားများ တစ်ခုနှင့်တစ်ခု လျှပ်စီးသယ်ဆောင်နိုင်မှုစွမ်းရည်ကွာခြားပါတယ်။ အရွယ်အစား သတ်မှတ်မှုများတွင် ဝါယာတွင် ပါဝင်သော ကြေးနန်းမျှင်အရေအတွက်နှင့် ကြေးနန်းမျှင်တစ်ခုစီ၏အချင်းကို လက်မအတိုင်းအတာဖြင့် ယှဉ်တွဲ သတ်မှတ်သည့် ဗြိတိသျှစနစ်တွင် ထုတ်လုပ်သောအရွယ်အစားမှာ 3/.029,3/.036, 7/.029, 7/.036, 7/.044 စသည်တို့ဖြစ်ပြီး ပထမဂဏန်း 3,7 တို့သည် ဝါယာတွင် ပါဝင်သော ကြေးနန်းမျှင် အရေအတွက်ဖြစ်ပြီး မျဉ်းစောင်းနောက်ရှိ .029, .036, .029, .036, .044 တို့သည် ကြေးနန်းမျှင်တစ်ခုစီ၏အချင်းကိုဖော်ပြသော လက်မဖြစ်ပါတယ်။ တခြားစနစ်မှာ ဝါယာ၏ထိပ်ဖြတ်ဧရိယာကို စတုရန်းမီလီမီတာဖြင့် သတ်မှတ်သည့် မက်ထရစ်စနစ်ဖြစ်ပြီး ထုတ်လုပ်သောအရွယ်အစားမှာ 1.5, 2.5, 4 , 6 $mm^2$ စသည်တို့ဖြစ်ပါတယ်။ ဈေးကွက်ထဲတွင် ပြည်တွင်း၊ ပြည်ပမှထုတ်လုပ်သော တံဆိပ်မျိုးစုံဖြင့် ဝါယာကြိုးများအရောင်းအဝယ်ပြုလုပ်၍ သုံးစွဲတပ်ဆင်နေကြပါတယ်။

စားသုံးသူတို့ ဝယ်ယူအသုံးပြုသော လျှပ်စစ်ဝါယာကြိုးများမှာ စံချိန်စံညွှန်းအတိုင်း ဝါယာကြိုးတွင် ရေးသားထားသော်လည်း တချို့မှာ ဝါယာ Guage မပြည့်ခြင်းအပြင် ကာဗာ PVC အညံ့စားများကို ထုတ်လုပ် ရောင်းချခြင်းများကိုလည်းတွေ့ရှိနိုင်ပါတယ်။ စံချိန်စံညွှန်းမကိုက်ညီသောဝါယာများကို ရွေးချယ်အသုံးပြုပါက ဝန်အားအပြည့် မသုံးစွဲနိုင်ခြင်း၊ အမ်ပီယာအပြည့်အဝမသုံးစွဲနိုင်ခြင်း၊ အပူလွန်ကဲပြီး မီးလောင်နိုင်သည့်အန္တရာယ်များဖြစ်ပေါ်လာနိုင်ပါတယ်။ ၎င်းအပြင် ဝါယာအမျှင်များကို Copper ပါဝင်မှုရာခိုင်နှုန်းအပြည့် ပြုလုပ်ရမည်ကိုမလုပ်ဘဲ အခြားသတ္တုပစ္စည်းများနှင့် ရောစပ်၍ ပြုလုပ်ထားခြင်းကြောင့် ဝန်အပြည့်မသုံးစွဲနိုင်ဘဲ မီးလောင်ခြင်းများ ဖြစ်ပေါ်လာနိုင်ပါတယ်။ စားသုံးသူများအနေဖြင့် ဝါယာဂိတ် ပြည့်/မပြည့်ကို ထုပ်ပိုးမှုအပေါ် ISO အမှတ်အသားကြည့်၍လည်းကောင်း၊ အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး ပုံတွင်ပြထားသော ဝါယာဂိတ်တိုင်းနိုင်သည့် ပစ္စည်းကိရိယာများဖြင့် တိုင်းတာစစ်ဆေးပြီးမှ ဝယ်ယူတပ်ဆင်ခြင်းသည် နောင်ဖြစ်လာမည့်အန္တရာယ်ကို ကာကွယ်ပြီး လုံခြုံစိတ်ချစွာ အသုံးပြုနိုင်မည်ဖြစ်ပါတယ်။

**TTZ (သတင်းနည်းပညာ/အရည်အသွေး)**

## Energy NYMEX 29-3-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 59.61 | 0.31 | 0.52 |
| Brent Crude Futr (USD/bbl) | 68.11 | 0.29 | 0.43 |
| Gasoline Rbob Fut (Cent/gal) | 189.43 | 1.44 | 0.77 |
| Natural Gas Futr (USD/MMBtu) | 2.72 | 0.01 | 0.22 |
| Heating Oil Futr (Cent/gal) | 197.32 | 0.12 | 0.06 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 25-March | 15.44 | 2839.41 | 1865.90 | 6366.91 | 847.00 |
| 26-March | 15.46 | 2861.67 | 1861.94 | 6357.22 | 850.00 |
| 27-March | 15.30 | 2918.54 | 1883.53 | 6337.16 | 853.00 |
| 28-March | 15.29 | 2918.98 | 1874.06 | 6344.21 | 859.00 |
| 29-March | 15.00 | 2948.73 | 1891.25 | 6428.19 | 842.00 |

# ပြည်တွင်းငွေလဲနှုန်းဈေးကျပြီး အတက်အကျနည်းခဲ့

ပြည်တွင်းငွေလဲဈေးကွက်သည် မတ်လတတိယပတ်အတွင်း ဈေးနှုန်းကျဆင်းသလို ယခုရက်သတ္တပတ်မှာလည်း ဈေးကျခဲ့ပြီး ဈေးအတက်အကျနည်းခဲ့ကြောင်းစုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို မတ်လ တတိယပတ်က အမေရိကန် တစ်ဒေါ်လာလျှင်၁၅၂၅ကျပ် သတ်မှတ်ခဲ့ရာမှ မတ်လနောက်ဆုံးပတ်တွင် ၁၅၁၄ကျပ်သို့ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ရွှေဈေးနှုန်းများ ကျဆင်းလာခဲ့ခြင်းကြောင့် ဒေါ်လာဈေးမှာလည်း စောင့်ကြည့်နေပြီး ဒေါ်လာဦးမော့လာနိုင်ရန် အခြေအနေဖြစ်ပေါ်လာကြောင်း၊ နှစ်သစ်ကူးနီးလာသည်နှင့်အမျှ ပြည်တွင်းသို့ နိုင်ငံခြားကုန်ပစ္စည်းများ ဝင်ရောက်လာလေ့ရှိရာ ဒေါ်လာဈေးမြင့်တက်လာစေမည့်အကြောင်းအရင်းများရှိနေကြောင်း၊ ထို့ပြင် အမေရိကန်-တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုအငြင်းပွားမှုဖြေရှင်း ရေးတွေ့ဆုံဆွေးနွေးပွဲများ ပြန်လည်စတင်လာခြင်းမှာလည်း ဒေါ်လာကို အမြင်ကောင်းလာနိုင်စေကြောင်း၊ ယခုရက်ပိုင်းတွင် ဒေါ်လာဈေးအတက်အကျနည်းခဲ့ကြောင်း ပြည်တွင်းငွေကြေး အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် မတ် ၂၅ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၁၃ကျပ်၊ ဝယ်ဈေး ၁၅၀၉ကျပ်မှ မတ် ၂၆ရက်မှ စတင်ကာ အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၁၂ကျပ်၊ ဝယ်ဈေး ၁၅၀၈ ဖြင့် ရက်သတ္တပတ်ကုန်ဆုံးချိန်အထိ ဈေးနှုန်းအတက်အကျနည်းခဲ့ကြောင်း သတင်းရရှိသည်။

**သန်းထိုက်အောင်**

# ပြည်တွင်းရွှေဈေးနှုန်း ပြန်ကျခဲ့သော ရက်သတ္တပတ်

ဈေးနှုန်းမြင့်တက်နေခဲ့သော ပြည်တွင်းရွှေဈေးသည် ယခုရက်သတ္တပတ်အတွင်းမှာတော့ ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း သတင်းရရှိသည်။ မတ်လတတိယပတ်အတွင်း ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၆၄၀၀၀ရှိခဲ့ရာမှ မတ်လနောက်ဆုံးပတ်တွင်တော့ ကျပ်၁၀၄၇၀၀၀သို့ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ နှစ်သစ်ကူးကာလ နီးလာလို့ပဲမြင်မိတယ်။ ဒီကာလမှာ သုံးနိုင်ဖို့အတွက် အခုချိန်မှာ ငွေကိုလက်ထဲကိုင်ထားကြသူတွေ ပိုများလာတယ်။ ပြီးတော့ ဒီကာလတွေမှာအလှူအတန်း လုပ်ဖို့ငွေထုတ်လာကြသူတွေ ပိုများတာမျိုးရှိတော့ ပြည်တွင်းရွှေကိုအဝယ် သိပ်မလိုက်တာမျိုးလည်း ရှိနိုင်တယ်။ ဈေးကျပုံကျနည်းကတော့ သိပ်စိုးရိမ်စရာကောင်းတယ်လို့မြင်တယ်။ တစ်ရက် နှစ်ရက်အတွင်း ဈေးကတောက်လျှောက် စိုက်ဆင်းသွားတယ်။ ဒီလိုကာလမျိုးမှာ ရွှေကို ကိုင်ထားမိသူတွေအတွက်တော့ စိုးရိမ်စရာကောင်းတဲ့အခြေအနေမျိုးပါ။ နိုင်ငံတကာဈေးကွက်မှာတော့ ရေနံဈေးကောင်းလာတာနဲ့အမျှ ရွှေဈေးက ထိုးကျသွားတယ်" ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် မတ် ၂၅ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၆၀၀၀၀ရှိခဲ့ရာမှ မတ် ၂၈ ရက်တွင်အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၅၆၀၀၀သို့ကျဆင်းခဲ့ရာမှ မတ် ၂၉ရက်တွင်လည်း ကျပ်၁၀၄၇၀၀၀သို့ဆက်လက်ကျဆင်းခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ မတ် ၂၅ ရက်က ရွှေတစ်အောင်စလျှင် ၁၃၁၈အ မေရိကန်ဒေါ်လာရှိခဲ့ရာမှ မတ် ၂၈ရက်တွင် တစ်အောင်စလျှင် ၁၃၀၇ အမေရိကန်ဒေါ်လာ၊ မတ် ၂၉ရက်တွင် ၁၂၉၁ အမေရိကန်ဒေါ်လာသို့ ဆက်တိုက်ကျဆင်းခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ရန်ကုန်စတော့အိတ်ချိန်း သုံးနှစ်ပြည့်အခမ်းအနားကျင်းပ

ရန်ကုန်စတော့ အိတ်ချိန်းရှယ်ယာ အရောင်းအဝယ်စတင်ခဲ့သော သုံးနှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားကို မတ် ၂၅ရက်က ရန်ကုန်စတော့အိတ်ချိန်း အဆောက်အဦ၌ ကျင်းပပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပုဂ္ဂလိက ကဏ္ဍအတွက် လိုအပ်သည့်ကာလရှည် ငွေကြေးအရင်းအမြစ်များကိုစုစည်းနိုင်ရန် စနစ်ကျသော ဈေးကွက်တစ်ခုဖြစ်လာစေရန် ရည်ရွယ်၍ တည်ထောင်ထားသော ရန်ကုန်စတော့အိပ်ချိန်း၏သုံးနှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကျင်းပနိုင်ခဲ့ခြင်းကြောင့်ပေါ်ထွန်းစရှယ်ယာဈေးကွက်မှသည် အတောင်အလက်စုံသောဈေးကွက်ဖြစ်လာစေရေးအတွက် တွန်းအားတစ်ရပ်ဖြစ်လာနိုင်မည့်အပြင် မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်အားအများပြည်သူရင်းနှီးမြှုပ်နှံသူများသိရှိနားလည်ပြီး ပိုမိုကောင်းမွန်သောဈေးကွက်တစ်ခုဖြစ်လာစေရန် တစ်ဖက်တစ်လမ်းမှအထောက်အကူပြုနိုင်မည်ဟုမျှော်လင့်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းက သတင်းထုတ်ပြန်သည်။ အဆိုပါ ရန်ကုန်စတော့အိတ်ချိန်းရှယ်ယာရောင်းဝယ်မှုသုံးနှစ်ပြည့်အခမ်းအနားသို့မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် ကော်မရှင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ အကြီးအကဲများ၊ ရန်ကုန်စတော့အိတ်ချိန်းမှတာဝန်ရှိသူများ၊ရန်ကုန် စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကုမ္ပဏီများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

March 29, 2019
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.41 |
| BDT | Bangladesh Taka | 84.16 |
| CAD | Canada Dollars | 1.34 |
| CNY | China Yuan Renminbi | 6.72 |
| EUR | Euro | 0.89 |
| H KD | Hong Kong Dollars | 7.85 |
| I NR | India Rupees | 69.19 |
| I DR | Indonesia Rupiahs | 14224.12 |
| JPY | Japan Yen | 110.63 |
| MYR | Malaysia | 4.08 |
| PKR | Pakistan Rupees | 140.80 |
| PHP | Philippines Pesos | 52.54 |
| RUB | Russia Rubles | 64.74 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1135.07 |
| LKR | Sri Lanka Rupe | 175.45 |
| THB | Thailand Baht | 31.79 |
| GBP | United Kingdom Pounds | 0.76 |
| VND | VietnamDon | 23200.27 |

*Source:xe.com*

## World Gold Price

March- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 25 | 1320 | 1316 | 1318 |
| 26 | 1322 | 1321 | 1319 |
| 27 | 1314 | 1312 | 1312 |
| 28 | 1314 | 1314 | 1312 |
| 29 | 1292 | 1291 | 1293 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 25-3- 2019 | 1064.00 | 1063.50 |
| 26-3- 2019 | 1060.50 | 1059.50 |
| 27-3- 2019 | - | - |
| 28-3- 2019 | 1060.00 | 1060.00 |
| 29-3- 2019 | 1046.00 | 1045.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မတ်လ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 25 | 6.71 | 31.54 | 83.82 | 69.07 |
| 26 | 6.71 | 31.64 | 84.09 | 68.89 |
| 27 | 6.73 | 31.87 | 84.19 | 69.18 |
| 28 | 6.74 | 31.86 | 84.21 | 69.24 |
| 29 | 6.72 | 31.79 | 84.16 | 69.19 |

## ဘိလပ်မြေ

# ရေလမ်းမှဘိလပ်မြေတန်ချိန် ၄၀၀၀ကျော်ဝင်

မတ်လ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၄၈၃၄၃ တန်ဖိုးရှိ ဘိလပ်မြေ ၄၅၆၄ ဒသမ ၅၆၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနဲ့တရုတ်မှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၂၆၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၄၃၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

မတ်လ ၁၆ ရက်မှ ၂၂ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၂၃၃၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၀၆၂၀ ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၇၁၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းပါ အဝင်ပိုခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** သင်္ကြန်နားနီးလာတာကြောင့် အရောင်းအဝယ်က ပိုသွက်လာတယ်လို့ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။

အရောင်းသွက်ပေမယ့် ဈေးတော့ငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၅၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ-လက်သစ်) ၅၁၅၀ ကျပ်၊ ကြံ့နှစ်ကောင် (အနီ) ကျပ်၅၃၅၀၊ ကြံ့နှစ်ကောင် (အစိမ်း) ကျပ် ၄၈၅၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ အရောင်းအဝယ်သွက်ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးငြိမ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း)ကျပ် ၇၇၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ အရောင်းပုံမှန်ရှိပေမယ့် ဈေးအတက်အကျတော့သိပ်မရှိဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ်၅၀၅၀၊ ကြံ့ကျပ် ၅၀၅၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ် ၄၉၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အေသုံးလုံးကကျပ် ၈၀၀ဈေးကျပြီး ခရောင်းဘိလပ်မြေက ကျပ် ၁၀၀၀ ဈေးမြင့်ကာ ကြံ့နှစ်ကောင် ဘိလပ်မြေက ပစ္စည်းပြတ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၇၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၆၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

# မြေဩဇာတန်ချိန် ၃၀၀၀၀ကျော်ဝင်

မတ်လ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၉၄၉၅၄၈ တန်ဖိုးရှိ မြေဩဇာတန်ချိန် ၃၅၀၉၉ ဒသမ ၄၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၈၄၂ တန်၊ တရုတ်နိုင်ငံသို့ ၁၆၃၈၀ ဒသမ ၆၀ တန်၊ အီရန်နိုင်ငံမှ တန်ချိန် ၁၀၀၀၊ကိုရီးယားနိုင်ငံမှ ၁၀၆၈ ဒသမ ၂၁ တန်၊ မလေးရှားနိုင်ငံမှ ၁၂၅၀၂ ဒသမ ၉၄ တန်၊ နော်ဝေနိုင်ငံမှ ၄၇ ဒသမ ၂၇ တန်၊ ဆော်ဒီ အာရေဗျနိုင်ငံမှ ၂၀၃၈ ဒသမ ၃၉ တန်၊ စင်ကာပူနိုင်ငံမှ တန်ချိန် ၂၀နဲ့ ယူအက်စ်အေနိုင်ငံမှ တန်ချိန် ၂၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယမ်းဆာလဖိတ်၊ ပိုတက်ဆီယမ်ကလိုရိုဒ်၊ အမိုနီးယမ်းကလိုရိုဒ်၊ ယူရီးယားနဲ့ ကွန်ပေါင်း(၁၅း၁၅း၁၅) တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မြေဩဇာတန်ချိန် ၈၉၈၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၆၁၁၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

# မြေဩဇာဈေးကွက်အရောင်းအေး

မတ်လ ၁၆ ရက်မှ ၂၂ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၁၅၀၉၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၁၁၈၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန် ၃၂၇၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** နွေစပါးနဲ့ သီးနှံစိုက်ခင်းအတွက်နယ်ဘက်မှ အဝယ်ရှိတာကြောင့် အရောင်းအဝယ်က သွက်တယ်လို့ သိရပါတယ်။ အရောင်းသွက်ပေမယ့် ဈေးတော့ငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အကြီး (ထိုင်း)မြင်းပျံ ကျပ်၃၀၀၀၀၊ ပုလဲ-မြန်မာ (အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ (ရွှေတောင်-တရုတ်) ကျပ် ၂၉၀၀၀၊ ကွန်ပေါင်း(အစိမ်း) (၁၅း၁၅း၁၅) ကျပ်၅၀၀၀၀၊ ကွန်ပေါင်း (ရွှေကောမတ်) (ထိုင်း)ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (၁၆း၁၆း၈)(မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ ပိုတက်(မြန်မာဩဘာ)ကျပ် ၃၅၀၀၀၊တီစူပါ (၁၂း၁၃) (မြားကမ္ဘာ) ကျပ်၁၃၅၀၀၊ ပိုတက်(အာမို) ကျပ် ၃၁၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာအရောင်းအေးကာ သင်္ကြန်နောက်ပိုင်းမှ ပြန်ကောင်းနိုင်တယ်လို့ စိုက်ပျိုးရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ် ယူရီးယား(ရွှေတောင်)က ကျပ် ၄၀၀၊ ယူရီးယား(ပန်းဖူး)က ကျပ် ၂၀၀၊ ပိုတက်က ကျပ် ၈၀၀ ဈေးကျပြီး ပန်းသီးစုံက ကျပ် ၁၀၀၊ အာမို(၁၀း၁၀း၅)က ကျပ် ၅၀၀ ဈေးမြင့်လာပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၄၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၆၆၀၀၊ တီစူပါ(၄၆%) တရုတ် ကျပ် ၂၂၆၀၀၊မြားသီးစုံ ကျပ် ၁၆၀၀၀၊ ပန်းသီးစုံ ကျပ် ၁၆၆၀၀၊ အာမို(၁၀း၁၀း၅) ကျပ် ၁၇၅၀၀၊ အာမို(၁၆း၁၆း၈) ကျပ် ၁၆၅၀၀၊ အာမို(၁၅း၁၅း၁၅)ကျပ် ၄၀၅၀၀၊ ပိုတက် ကျပ် ၂၇၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပါးပြီးဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီအချိန်က အရောင်းအဝယ်က တော်တော်အေးတယ်၊ ဈေးအတက်အကျဖြစ်တာက အရောင်းအဝယ်နဲ့မဆိုင်ဘူး၊ ဝယ်ဈေး အတက်အကျ ပေါ်မှာပဲ မူတည်တယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ် နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၇၃၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၇၃၀၀၊ အာမို၁၅း၁၅း၁၅ ကျပ် ၄၀၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၈၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၈၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၇၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၇၀၀၀၊ ဇာမနီကျပ် ၁၉၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၉၃၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၇၀၀၊ တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၈၃၀၀ ၊ တက်တိုး ကျပ် ၂၂၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီနို့မှုန့် အဝင်လျော့

မတ်လ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၂၂၉၀၃၇ တန်ဖိုးရှိနို့ဆီ ၂၁၄ဒသမ ၄၆၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ ၆၅ ဒသမ ၆၄၄ တန်နဲ့ မလေးရှားနိုင်ငံမှ ၁၄၈ ဒသမ ၈၂၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ ကောင်းဘဲလ်နဲ့ Hawkတို့ဖြစ်ပါတယ်။ ယခင် သီတင်းပတ်က နို့ဆီ တန်ချိန် ၄၃၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၂၀ကျော်တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၁၃၈၂၀၀ တန်ဖိုးရှိ နို့မှုန့် ၅၆ ဒသမ ၄၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဩစတြေးလျနိုင်ငံမှ ၆ တန်နဲ့ နယူးဇီလန်နိုင်ငံမှ ၅၀ ဒသမ ၄၀ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က နို့မှုန့် တန်ချိန် ၁၇၀ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၁၀ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၃ မှ ၂၂/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၃ မှ ၁၅/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၅၄.၀၀ | ၆၈.၀၀ | (-) | ၁၄.၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၉၈၀၀.၀၀ | ၆၇၀၀.၀၀ | (+) | ၃၁၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၈၅.၀၀ | ၇၅.၀၀ | (+) | ၁၀.၀၀ |
| ၈။ | မြိတ် | ၂၄၀၀.၀၀ | ၃၇၈၅.၀၀ | (-) | ၁၃၈၅.၀၀ |
| | စုစုပေါင်း | ၁၂၃၃၉.၀၀ | ၁၀၆၂၈.၀၀ | (+) | ၁၇၁၁.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၃ မှ ၂၂/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၃ မှ ၁၅/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၇၉၆.၆၀ | ၅၆၆၃.၁၆ | (-) | ၁၇၆၆.၅၆ |
| ၂။ | လွယ်ဂျယ် | ၈၂.၀၀ | ၆၁.၀၀ | (+) | ၂၁.၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၄၃၁.၂၀ | ၂၅၇၅.၆၀ | (+) | ၈၅၅.၆၀ |
| ၄။ | ကန်ပိုက်တီ | ၂၇၈၃.၀၀ | ၁၂၁၄.၀၀ | (+) | ၁၅၆၉.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၄၉၀၀.၀၀ | ၂၃၀၀.၀၀ | (+) | ၂၆၀၀.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၅၀၉၂.၈၀ | ၁၁၈၁၃.၇၆ | (+) | ၃၂၇၉.၀၄ |

ခင်မိုးသူ

## ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား အသိပေးကြေငြာခြင်း

၂၀၁၂ ခုနှစ်၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေနှင့် ၂၀၁၅ ခုနှစ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေ အခန်း (၁၁)၊ ပုဒ်မ ၃၈-ခ တွင် မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလ အတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရ ဟု ပြဋ္ဌာန်းထားရှိပါသည်။

ယင်းဥပဒေပြဋ္ဌာန်းချက်အရ ပြည်ပသို့ပို့ကုန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေအားလုံးကို ပို့ကုန်များ သင်္ဘောတင်သည့်နေ့မှ ( ၆ ) လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်း အသီးသီးသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် တာဝန်ရှိပါသည်။

သို့သော်လည်း ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ယနေ့အထိပို့ကုန်ရငွေအားလုံး ကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း မိမိတို့၏သက်ဆိုင်ရာဘဏ်စာရင်းတွင် ပြန်လည် ထည့်သွင်းရန်ပျက်ကွက်သော ပို့ကုန်တင်ပို့သည့် ကုမ္ပဏီ (၁၁၀) ခုကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုမ္ပဏီများအနေဖြင့် ယခုကြေငြာသည့်ရက်မှ ရက်ပေါင်း ( ၆၀ ) အတွင်း ပို့ကုန်ဝင်ငွေအားလုံးကို မိမိတို့ဘဏ်စာရင်းအသီးသီးတွင် နိုင်ငံခြားငွေဖြင့် ထည့်သွင်းကြရန် နှိုးဆော်လိုက်သည်။ ယင်းကာလအတွင်းထည့်သွင်းရန် ပျက်ကွက်သည့် ကုမ္ပဏီများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပေးထားသော ပို့ကုန်သွင်းကုန်မှတ်ပုံတင်လက်မှတ် ဖျက်သိမ်းခြင်း အပါအဝင် တည်ဆဲဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်**

## ၂၀၁၉ခုနှစ် မတ်လတွင် အသက်ဝင်မည့် ထိုင်းနိုင်ငံ၏ PPP Law

နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ပေါ်လစီရုံး (SEPO) မှ ထိုင်းနိုင်ငံ၏ လေဆိပ်များ (Airport of Thailand-AOT)ကိုယ်စား အစိုးရနှင့်ပုဂ္ဂလိကမိတ်ဖက်ကော်မတီ (PPP) သည် (PPP) ဥပဒေအရ ထိုင်းနိုင်ငံ၏ အဓိက လေဆိပ်လေးခုတွင် အကောက်ခွန်ကင်းလွတ်သော စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ နောက်ဆုံးဆွေးနွေးသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်းသိရသည်။ လွန်ခဲ့သောရက်က AOT မှ ပြောကြားခဲ့သော အငြင်းပွားဖွယ်ရာ အဆိုပါအစည်းအဝေး လုပ်ငန်းသည် အသစ်ပြဋ္ဌာန်းလိုက်သော PPP ဥပဒေ၏ အောက်တွင် မရှိပါဟူသော ပြောကြားချက်အပြီးတွင် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း၊ SEPO ၏ ညွှန်ကြားရေးမှူးချုပ် Mr Parpas မှ PPP ကော်မတီအနေဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်၍ တရားဝင်ဖွဲ့စည်းနိုင်ခြင်း ရှိ / မရှိ ဆုံးဖြတ်ချက် မချမှတ်ရသေးပါဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

မစ္စတာ Parpas မှ အဆိုပါလုပ်ငန်းအား ဆက်လက်မဆောင်ရွက်မီ လုပ်ဆောင်ရမည့်နည်းလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းစေရန်အတွက် ပထမဦးစွာ ဆောင်ရွက်သင့်ကြောင်းကို SEPO မှပြောကြားခဲ့ပြီး AOT သည် သုဝဏ္ဏဘူမိ၊ ချင်းမိုင်၊ ဖူးခက်နှင့် ဟတ်ရေ လေဆိပ်များရှိ အကောက်ခွန်ကင်းလွတ်သော စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဈေးပြိုင်တင်ဒါလုပ်ရန် စီစဉ်ထားသော်လည်း ပို့ဆောင်ရေးဝန်ကြီး၏ အမိန့်ကို လိုက်နာသောအားဖြင့် သောကြာနေ့သို့ပြောင်းရွှေ့လိုက်သည်။ AOT မှ PPP ကော်မတီ၏ ဆုံးဖြတ်ချက်ကို မစောင့်ဆိုင်းဘဲ အဆိုပါလေဆိပ်လေးခုရှိအကောက်ခွန်လွတ် စီးပွားရေးလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် တစ်ခုတည်း ပူးပေါင်းသွားမည်ဟူသော ဆုံးဖြတ်ချက်ထွက်ပေါ်လာခဲ့သဖြင့် ဝန်ကြီးချုပ် Parpas မှ အဆိုပါစီးပွားရေးလုပ်ငန်းများအပေါ် တစ်ဦးတည်း လက်ဝါးကြီးအုပ်ဖြစ်ပေါ်လာနိုင်မှုအပေါ် စိုးရိမ်မှုမြင့်တက်လာပြီး နောင်တွင် ဝန်ကြီးအမိန့်အပေါ် ထွက်လာခြင်းဖြစ်သည်။



အသစ်ပြဋ္ဌာန်းသော PPP ဥပဒေသည် ၂၀၁၉ ခုနှစ် မတ်လ (၁၀)ရက်တွင် အသက်ဝင်မည်ဖြစ်ပြီး PPP ကော်မတီဝင်ကုန်သည်ကြီးများအသင်း၊ ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းနှင့် ထိုင်းဘဏ်လုပ်ငန်းရှင်များအသင်း၏ဥက္ကဋ္ဌတို့သည် အဖွဲ့ဝင်အနေဖြင့် ပါဝင်ရန် လိုအပ်ပါကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံ၏ လာဘ်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ACT) နှင့် အမျိုးသားအကျင့် ပျက်ခြစားမှု တိုက်ဖျက်ရေးကွန်ရက်မှလည်း ထိုင်းဘတ်ငွေတန်ဖိုး ၁၀၀ ဘီလီယံ အထက်ရှိသော စီးပွားရေးလုပ်ငန်းအား ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ဥပဒေအရ စစ်ဆေးသွားရန် တောင်းဆိုထားပြီး Anti-Corruption Organisation (ACT)၏ အတွင်းရေးမှူးမှ အဆိုပါလေဆိပ်လေးခုရှိ စီးပွားရေးလုပ်ငန်းများအား တစ်ခုတည်း ပူးပေါင်းရန် ဆောင်ရွက်ခြင်းသည်ဈေးကွက်ကို တစ်ဦးတည်း ထိန်းချုပ်လိုသော အပြုအမူများ၏ ကနဦး အပြုအမူဖြစ်ကြောင်း၊ ဂျပန်၊တရုတ်၊ တောင်ကိုရီးယားနှင့် စင်ကာပူ အပါအဝင် နိုင်ငံတကာလေဆိပ်တို့တွင် ထုတ်ကုန်အမျိုးအစားပေါ် မူတည်၍ ခွဲခြားဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**Sources:Bangkok Postသတင်းစာ**
**ခိုင်(တာချီလိတ်)**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၉-၃-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၆၀၀ | ၅၆၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၅၈၀၀ | ၆၄၀၀ | △ | ၅၈၀၀ | ၆၄၀၀ | △ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၅၀၀ | ၆၅၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မုံရွာ | ၅၈၀၀ | ၅၈၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၉-၃-၂၀၁၉ US$/Ton

| အမျိုးအစား | မတ်လတတိယပတ် | မတ်လစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၁၁.၀၀ | ၅၁၀.၅၀ | ▽ |
| RBD P.Olein | ၅၁၈.၅၀ | ၅၁၆.၀၀ | ▽ |
| RBD P.Stearin | ၅၀၄.၀၀ | ၅၀၀.၅၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၉-၃-၂၀၁၉ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၀၈.၂၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၅၂ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၀၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၅၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၀.၇၇ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၂.၄၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၄၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၅၂.၇၇၅ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၉-၃-၂၀၁၉နေ့ (CIF ဈေး Cloud Point 8 ˚C Max 567 ဒေါ်လာနှင့် USD ဈေး ၁၅၂၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၉-၃-၂၀၁၉နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၂၀ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ၂၀၁၉ ခုနှစ် ပထမ(၃)လပတ်ကာလအတွင်း လစဉ် ကုန်သွယ်မှုလျာထားချက် ကျော်လွန်ဆောင်ရွက်ခဲ့သည့် ကန်ပိုက်တီကုန်သွယ်ရေးစခန်း

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ နှစ်စဉ် ကုန်သွယ်မှုလျာထားချက်များကို တိုးတက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ကုန်သွယ်မှုလျာထားချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်း ကုန်သွယ်မှုအနေဖြင့် ပို့ကုန် အမေရိကန်ဒေါ်လာ၈၁၅၀ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၃၄၃၀ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ လျာထားချက် အမေရိကန်ဒေါ်လာ ၂၁၅၈၀ သန်း လျာထားဆောင်ရွက်လျက်ရှိပြီး နယ်စပ်ကုန်သွယ်မှုအနေ ဖြင့် ပို့ကုန် အမေရိကန်ဒေါ်လာ ၇၁၅၀ ဒေါ်လာသန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂၃၇၀ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ လျာထားချက် အမေရိကန်ဒေါ်လာ ၉၅၂၀ သန်း လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ကုန်သွယ်မှုများကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်မှုများမှ လျာထားချက်ပြည့်မီကျော်လွန်စေရေးအတွက် ကုန်သွယ်ရေးဦးစီးဌာနမှ ချမှတ်ထားသော မူဝါဒများအတိုင်း ကုန်သွယ်ရေးဦးစီးဌာန ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

နယ်စပ်ကုန်သွယ်မှုမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းများအပါအဝင် ပို့ကုန် သွင်းကုန်ရုံးများမှ ပို့ကုန် လျာထားချက် အမေရိကန်ဒေါ်လာ ၇၁၅၀ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂၃၇၀ သန်း လျာထားချက်ချမှတ်ကာ ကုန်သွယ်မှုပြည့်မီကျော်လွန်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တရုတ်မျက်နှာစာနှင့် ကုန်သွယ်မှုပြုလုပ်လျက်ရှိသော နယ်စပ်ကုန်သွယ်ရေးစခန်းများထဲတွင် ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကုန်သွယ်မှုလျာ ထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၃၀ သန်း ၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂၀ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ လျာထားချက် အမေရိကန်ဒေါ်လာ ၁၅၀ သန်း လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ၊ ကုန်သွယ်မှုလျာထားချက်များ ပြည့်မီကျော်လွန်စေရေးအတွက် ကုမ္ပဏီ၊ ကုန်သည်လုပ်ငန်းရှင်များ အပါအဝင် ကုမ္ပဏီမထူထောင်နိုင်သေးသည့် တစ်ဦးချင်းကုန်သွယ်မှု မှတ်ပုံတင်လက်မှတ်ဖြင့် ကုန်သည်အသေးစားများအတွက်ပါ ကုန်သွယ်မှုပြုနိုင်ရန်အလို့ငှာ လည်းကောင်း၊ တရားမဝင် ကုန်သွယ်မှုများလည်း လျော့နည်းပပျောက်စေရန်အတွက်လည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖြေလျော့ဆောင်ရွက်ပေးခြင်းဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါတယ်။

ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ၂၀၁၉ ခုနှစ် ပထမ(၃)လ အတွက် ကုန်သွယ်မှုလျာထားချက်အပေါ် အမှန်ဆောင်ရွက်နိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

| စဉ် | ၂၀၁၉ ခုနှစ် လအမည် | လျာထားချက် | | | အမှန်ဆောင်ရွက်နိုင်မှု | | | စုစုပေါင်း ဆောင်ရွက်နိုင်မှု % |
|---|---|---|---|---|---|---|---|---|
| | | ပို့ကုန် | သွင်းကုန် | VOT | ပို့ကုန် | သွင်းကုန် | VOT | |
| ၁ | ဇန်နဝါရီလ | ၁၃.၅၀၀ | ၂.၀၀၀ | ၁၅.၅၀၀ | ၃၄.၁၆၅ | ၂.၁၀၄ | ၃၆.၂၆၉ | ၂၃၃.၉၉% |
| ၂ | ဖေဖော်ဝါရီလ | ၁၂.၅၀၀ | ၁.၅၀၀ | ၁၄.၀၀၀ | ၂၂.၇၁၃ | ၁.၂၀၄ | ၂၃.၉၁၇ | ၁၇၀.၈၄% |
| ၃ | မတ်လ(၂၈) ထိ | ၁၄.၀၀၀ | ၂.၅၀၀ | ၁၆.၅၀၀ | ၄၆.၆၇၃ | ၂.၉၂၅ | ၄၉.၅၉၈ | ၃၀၀.၅၉% |

ကန်ပိုက်တီကုန်သွယ်ရေးစခန်းအနေဖြင့် အဓိကပို့ကုန်တင်ပို့သည့်လယ်ယာထွက်ကုန်ပစ္စည်းဖြစ်သည့် တစ်သျှူးငှက်ပျောဖြစ်ပြီး သီးညှပ်စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ဖရဲ၊ ငရုတ်တို့အပြင် ပြောင်း၊ ဆန် တင်ပို့မှုများကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကာလတူနှစ်များထက် ပို့ကုန်တိုးတက် တင်ပို့နိုင်မှုများအပေါ် ကုန်သွယ်မှုအနေဖြင့် ၂၀၁၉ ခုနှစ် ပထမ(၃)လပတ်ကာလအတွင်း လစဉ် ကုန်သွယ်မှုလျာထားချက် ကျော်လွန်ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြပေးလိုက်ရပါတယ်။

**ဝင်းကို (ကန်ပိုက်တီ)**

# ယခုတစ်ပတ် တညင်းကုန်းလက်ကားဈေးကြီးတွင် ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ ပန်းမန်များနှင့် အခြားတန်ဖိုးမြင့် ထုတ်လုပ်ထားသော အစားအစာထုတ်ကုန်များ စသည့် လတ်ဆတ်သောထုတ်လုပ်များကို ကမ္ဘာ့အဆင့်အတန်းမီဖြန့်ဖြူးခြင်းနှင့် ဈေးကွက်စီးပွားရေးလုပ်ငန်းလွယ်ကူချောမွေ့စေရေးအတွက် ခေတ်အမီဆုံးနှင့် အဆင့်မြင့် အခြေခံအဆောက်အဦတစ်ခုအဖြစ် ဝန်ဆောင်မှုပေးရန်ဟူသော ဦးတည်ချက်တို့ဖြင့် တညင်းကုန်းလက်ကားဈေးကြီးဖွင့်လှစ်ခဲ့ရာ တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ညောင်တုန်း၊ သာရဝေါ၊ မှော်ဘီ၊ ညောင်နှစ်ပင်၊ ကြာကန်စု၊ နေပြည်တော်၊ တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံ ပန်းမန်များ နေ့စဉ်ရောင်းချလျက်ရှိပါတယ်။

ထိုသို့ ရောင်းချရာတွင် လက်ကားဈေးနှုန်းများအနေဖြင့် မတ် ၁၈ ရက်မှ ၂၄ ရက်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ် တစ်ပိဿာ ကျပ် ၇၀၀ မှ ၁၂၀၀ အတွင်း၊ ခရမ်းချဉ်သီး (ကိုင်း) တစ်ပိဿာ ကျပ် ၈၉၀ မှ ၉၀၀ အတွင်းရှိပြီး အာလူး တစ်ပိဿာကျပ် ၆၅၀၊ ကြက်သွန်နီ (မြစ်သား) တစ်ပိဿာကျပ် ၉၅၀၊ ကြက်သွန်ဖြူ(ရှမ်း) တစ်ပိဿာကျပ် ၁၅၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်)တစ်ပိဿာ ကျပ် ၂၀၀၀ မှ ၂၁၀၀ အတွင်း၊ ချင်းတစ်ပိဿာဈေးမှာ ကျပ် ၁၈၀၀ ဖြစ်ပါတယ်။ ငရုတ်သီးစိမ်း (ကျောက်စိမ်း)တစ်ပိဿာကျပ် ၈၀၀ မှ ၁၂၀၀ အတွင်း၊ မုန်လာဥ(နီ) တစ်ပိဿာကျပ် ၁၂၀၀၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၃၀၀ မှ ၅၅၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ထုပ်) ကျပ် ၄၅၀ မှ ၅၀၀ အတွင်း၊ မုန်ညင်း(ထုပ်)ကျပ် ၁၀၀၀ မှ ၁၃၀၀ အတွင်း၊ ရွှေဖရုံသီး (တစ်လုံး) ကျပ် ၁၂၀၀ မှ ၁၅၀၀ အတွင်း၊ ဘူးသီး (တစ်လုံး) ကျပ် ၅၀၀ မှ ၉၀၀ အတွင်း၊ ခရမ်းသီး(မီးဖုတ်ခရမ်း) (တစ်လုံး) ကျပ် ၁၀၀ မှ ၃၀၀ အတွင်း ပေါက်ဈေးဖြစ်နေပါတယ်။ သံပုရာသီး(တစ်လုံး)ကျပ် ၇၀ မှ ၁၁၀ အတွင်း၊ ဖရဲသီး (Size သေး) (တစ်လုံး) ကျပ် ၅၀၀ မှ ၁၀၀၀ အတွင်း၊ ဖရဲသီး(Size လတ်) ကျပ် ၂၅၀၀ မှ ၃၅၀၀ အတွင်း၊ မုန်လာဥ(ဖြူ) (စီး) ကျပ် ၂၀၀၊ ဆလပ်ရွက်(စီး)ကျပ် ၈၀ မှ ၁၀၀အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၁၅၀ မှ ၂၃၀ အတွင်း၊ ချဉ်ပေါင်ရွက် (စီး) ကျပ် ၅၀၊ ပဲသီး(စီး) ကျပ် ၁၅၀ ၊ ရုံပတီသီး(တောင့်) ၁၂ မှ ၁၅ ကျပ်အတွင်းရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ်အတွင်း အာလူး၊ ကြက်သွန်(နီ)(မြစ်သား)၊ ကြက်သွန်(ဖြူ)(ရှမ်း)၊ မုန်လာဥ(နီ)၊ မုန်လာဥ (ဖြူ)၊ ချင်း၊ ချဉ်ပေါင်ရွက်၊ ပဲသီးတို့မှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရပြီး ကျန်သီးနှံများမှာ ကုန်အဝင်များပါက ဈေးကျပြီး ကုန်အဝင်နည်းပါက ဈေးတက်ကြောင်း အရွယ်ကြီး၊ သေး ပေါ်မူတည်၍လည်း ဈေးနှုန်းများကွာခြားမှုရှိကြောင်း သိရပါတယ်။

ခရမ်းချဉ်သီးမှာ ရာသီချိန်ကုန်၍ ရှားပါးလာသောကြောင့် ဈေးတက်ခြင်းနှင့် အရွယ်အစားပေါ်မူတည်၍ ဈေးတက်နေကြောင်း သိရပါတယ်။ ဖရဲသီးများ ဈေးကောင်းသောကြောင့် မူဆယ်ဘက်သို့ တင်ပို့ရောင်းချလျက်ရှိသဖြင့် ကုန်ရှားပါး၍ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သိရပါတယ်။ ဖရဲသီး၏အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်း အနည်း/အများကွာခြားကြောင်း သိရပါတယ်။ ယခုရက်သတ္တပတ်အတွင်း တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ဖရဲသီး(Size) (သေး/လတ်) အလုံးပေါင်း ၇၄၀၀ ကျော် ဝင်ရောက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။

**ထားလှိုင် (ရန်ကုန်)**

# သာယာဝတီဈေးကွက်မှာ ဈေးကောင်းရလာတဲ့ ငရုတ်(ခြောက်)သီးနှံ

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်အတွင်းတွင် မတ်လကုန်သီတင်းပတ်၌ ဆောင်းသီးနှံဖြစ်သော ငရုတ်သီး(ခြောက်)များမှာ တဖြည်းဖြည်းချင်း ဈေးနှုန်းမြင့်တက်လျက်ရှိပါတယ်။

ငရုတ်စိုမှာ အကျိုးအမြတ်ရရှိသော်လည်း ငရုတ်ခြောက်ထက်စာလျှင် နည်းပါးလျက် ငရုတ်ခြောက်မှာတော့ အကျိုးအမြတ် ပိုမိုရရှိလျက်ရှိပါတယ်။ ခရိုင်တွင်း ငရုတ်ခြောက် ဧက ၂၉၃၆ ဧကစိုက်ပျိုးကာ မိုးညိုမြို့နယ်နှင့် သာယာဝတီမြို့နယ်များတွင် အများဆုံးစိုက်ပျိုး၍ ပွဲရုံများတွင် အရောင်းအဝယ်ဖြစ်ကာ သီးနှံပေါ်စချိန်တွင် တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ခန့်သာရှိရာမှ ယခုမတ်လ သီတင်းပတ်ကုန်ခါနီးချိန်တွင် တစ်ပိဿာလျှင် ကျပ် ၄၀၀၀ ခန့်ထိ ဈေးနှုန်းမြင့်တက်လာကြောင်း၊ ထိုသို့မြင့်တက်လာရခြင်းမှာ အတာသင်္ကြန်ကာလ နီးကပ်လာခြင်းကြောင့် လည်းကောင်း၊ မိုးရာသီစာကြိုတင်သိုလှောင်မှုကြောင့်လည်းကောင်း ဈေးနှုန်းမြင့်တက်လာရခြင်းဖြစ်သည်ဟု လေ့လာသိရှိရပါတယ်။

**ဝေဝေဖြိုး(သာယာဝတီ)**

# ပြည်တွင်း ငရုတ်ဈေး တရုတ်အဝယ်လိုက်လာ၍ ဈေးမြင့်တက်



လယ်ယာထွက်ကုန်များအနက် တစ်ခုဖြစ်သော ပြည်တွင်းကစိုက်ပျိုးထုတ်လုပ်သည့် ငရုတ်ကို တရုတ်နိုင်ငံမှ ဝယ်ယူနေပြီး တရုတ်နိုင်ငံအနေဖြင့် ယခင်က ငရုတ်ဝယ်ယူမှု နည်းပါးခဲ့သော်လည်း ပြီးခဲ့သည့် ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှ စတင်ကာပိုမိုဝယ်ယူလာကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံဘက်မှ ဝယ်လိုအား ကောင်းလာသောကြောင့် ပြည်တွင်းငရုတ်ဈေးမှာ ဈေးနှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်းဝန်းကျင်ထိ မြင့်တက်လာကြောင်း၊ ယခင် ဗီယက်နမ်နှင့် အိန္ဒိယတို့ထံမှ ဝယ်နေပြီး ယခုအခါဝယ်၍ မရသဖြင့် မြန်မာနိုင်ငံမှ ဝယ်ခြင်းဖြစ်ကြောင်း သိရသည်။ ယခင်က မြစ်ဝကျွန်းပေါ်ဒေသထွက် ငရုတ်ရှည် တစ်ပိဿာလျှင် ကျပ် ၂၇၀၀ ဝန်းကျင်သာရှိခဲ့ရာမှ လက်ရှိတွင် ကျပ် ၄၀၀၀ ဝန်းကျင်သို့ ဈေးနှုန်းမြင့်တက်လာပြီး မြစ်ဝကျွန်းပေါ် ဒေသများဖြစ်သည့် မအူပင်၊ ဟင်္သာတ၊ ဝါးခယ်မ၊ ရွှေကျောင်း စသည့်ဒေသများမှ ထွက်ရှိသည့် ငရုတ်များ ဝင်ရောက်နေကာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ ငရုတ်စိုက်ဒေသများမှ ထွက်ရှိသော ငရုတ်များလည်း မကြာခင်ဈေးကွက်အတွင်း ဝင်ရောက်လာတော့မည်ဖြစ်သည်။

ငရုတ်စိုက် တောင်သူများအနေဖြင့် ငရုတ်သီးစိမ်းဈေးကောင်းမရလျှင် အသီးကို အပင်တွင် အမှည့်ထား၍ အခြောက်လှန်းကာ ခူးဆွတ်ပြီးမှ ငရုတ်သီးမှည့်အခြောက်၊ ငရုတ်သီးမှုန့် ပြုလုပ်ကာ ရောင်းချခြင်းဖြင့် ဝင်ငွေပိုရအောင် လုပ်ကိုင်ကြကြောင်း သိရပါသည်။

**ခင်မြနွယ်**
**MYANTRADE (TIR)**

# ဗီယက်နမ်နိုင်ငံ၏ ကင်းမွန်နှင့် ရေဘဝဲများအား ကိုရီးယားသို့ အများဆုံးတင်ပို့

ကိုရီးယားသမ္မတနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် စုစုပေါင်း တင်ပို့မှုတန်ဖိုး ၄၀ ရာခိုင်နှုန်းဖြင့် ဗီယက်နမ်နိုင်ငံ၏ ကင်းမွန်နှင့် ရေဘဝဲများ အများဆုံးတင်ပို့သည့် ဈေးကွက်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ၏ ရေထွက်တင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း (VASEP)၏ ပြောပြချက်အရသိရှိရပါတယ်။

၂၀၁၈ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံသို့ ကင်းမွန်နှင့် ရေဘဝဲများတင်ပို့ခဲ့သည့် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၉ဒသမ ၈ သန်းရှိခဲ့ပြီး ၂၃ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ ကင်းမွန်နှင့် ရေဘဝဲများ အများဆုံးတင်သွင်းသည့် ထိပ်ဆုံးဈေးကွက် ခုနစ်ခုတို့၏ အမြင့်ဆုံးတိုးတက်နှုန်းကို အစီရင်ခံစာတွင် ဖော်ပြထားပါတယ်။ ဗီယက်နမ်-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်(VKFTA)အရ သွင်းကုန်အပေါ်တွင်ကောက်ခံသည့် အကောက်ခွန်နှုန်းများအတွင်း သက်သာခွင့် အခွင့်အရေးများနှင့် စားသုံးခြင်းများအတွက် ကိုက်ညီမှုရှိသော ဝယ်လိုအားများက တင်ပို့မှုတိုးတက်ခြင်းကို တည်ငြိမ်အောင် ထိန်းသိမ်းထားပြီး ၂၀၁၈ ခုနှစ်တွင် ကင်းမွန်နှင့် ရေဘဝဲများ တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၆၇၂ ဒသမ ၃ သန်းရရှိပြီး နှစ်အလိုက် တိုးတက်မှု ၈ ဒသမ ၃ ရာခိုင်နှုန်းကို ဗီယက်နမ်နိုင်ငံက ရရှိခဲ့ပါကြောင်း VASEP ၏ ပြောကြားချက်အရ သိရှိရပါတယ်။

ထို့အပြင် ၂၀၁၈ ခုနှစ်တွင် ဂျပန်နှင့် အာဆီယံနိုင်ငံများသို့ ကင်းမွန်နှင့် ရေဘဝဲများ တင်ပို့ခဲ့သည့် တန်ဖိုးသည် ၂၀၁၇ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၄ ရာခိုင်နှုန်းနှင့် ၁၅ ရာခိုင်နှုန်းစီ တိုးတက်မှုရှိခဲ့ပြီး တစ်ချိန်တည်းမှာပင် စုစုပေါင်းတင်ပို့မှု၏ ၁၂ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ဗီယက်နမ်နိုင်ငံမှ ကင်းမွန်နှင့် ရေဘဝဲများ တတိယ အများဆုံးတင်ပို့ခဲ့သည့် ဈေးကွက်ဖြစ်သော ဥရောပသမဂ္ဂနိုင်ငံသည် တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၈၃ သန်းဖြင့် နှစ်အလိုက် ၂၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ဤကဲ့သို့ လျော့ကျရခြင်းမှာ တရားဝင် အစီရင်ခံတင်ပြခြင်းမရှိသော၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိသော ငါးဖမ်းလုပ်ငန်းများကြောင့် ဗီယက်နမ်နိုင်ငံ၏ ရေထွက်ပစ္စည်းများအပေါ် ဥရောပကော်မရှင်က ချမှတ်ခဲ့သော အဝါကတ် သတိပေးချက်ကြောင့် ဖြစ်ပါကြောင်း သိရှိရပါတယ်။

ဥရောပသမဂ္ဂအတွင်းရှိ အဓိကဈေးကွက် သုံးခုဖြစ်သည့် အီတလီ၊ စပိန်နှင့် ပြင်သစ်နိုင်ငံတို့သို့ တင်ပို့ခြင်းများသည် ၃၀ ရာခိုင်နှုန်း၊ ၈ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၁ ဒသမ ၂ ရာခိုင်နှုန်းတို့ဖြင့် နှစ်အလိုက် ကျဆင်းခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ ဥရောပသမဂ္ဂဈေးကွက်သို့ ကင်းမွန်နှင့် ရေဘဝဲများတင်ပို့မှုသည် နှစ်အလိုက် ၅၀ ရာခိုင်နှုန်းကျော် တိုးတက်မှုနှုန်းကို ရရှိခဲ့ပါကြောင်း VASEP က ပြောကြားထားပါတယ်။

၂၀၁၈ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် ပြန်လည်ပြုပြင်ထားသည့် ရေထွက်ကုန်များကို တင်ပို့မှုပမာဏ၏ ၃၃ ရာခိုင်နှုန်းတင်ပို့ခဲ့သည့်အချိန်တွင် တင်ပို့မှုပမာဏ၏ ၆၇ ရာခိုင်နှုန်းရှိသော အရှင်/လတ်လတ်ဆတ်ဆတ်/အေးခဲထားသော ကင်းမွန်နှင့် ရေဘဝဲများကို အဓိကထား၍ တင်ပို့ခဲ့ပြီး၊ ၂၀၁၉ ခုနှစ်တွင် ကင်းမွန်နှင့် ရေဘဝဲများ တင်ပို့မှု၏တန်ဖိုးကို ၂၀၁၈ ခုနှစ်ကဲ့သို့ အလားတူဖြစ်ဖို့ မျှော်မှန်းထားပါကြောင်း၊ ကင်းမွန်နှင့် ရေဘဝဲအပါအဝင်ဖြစ်သော ငါးမွေးမြူရေးလုပ်ငန်းသည် တင်သွင်းသူများအတွက် ကောင်းမွန်သော စိတ်ပိုင်းဆိုင်ရာကို ဖန်တီးပြီး၊ အဝါကဒ်ကို ဖယ်ရှားရန်အတွက် အဖြေများကို အကောင်အထည်ဖော်ဆောင်ရွက်လိမ့်မည် ဖြစ်ပါကြောင်း သိရှိရပါတယ်။

ကမ္ဘာလုံးဆိုင်ရာ ရေထွက်ပစ္စည်းများ စားသုံးမှုကို တိုးမြှင့်ဖို့ အလားအလာများရှိသောကြောင့် ၂၀၁၉ ခုနှစ်တွင် ငါးမွေးမြူရေးလုပ်ငန်းသည် ပို့ကုန်တိုးမြှင့်ဖို့အတွက် ကြီးမားသော အခွင့်အရေးတစ်ခု ဖြစ်လိမ့်မည် ဖြစ်ပါကြောင်းVASEP ၏ အထွေထွေအတွင်းရေးမှူးက ပြောကြားခဲ့ပါတယ်။

၂၀၂၀ ခုနှစ်တွင် စားသုံးခြင်းကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တန်ချိန် ၉၈ ဒသမ ၆ သန်းနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် တန်ချိန် ၂၉ ဒသမ ၂ သန်း တိုးမြှင့်ဖို့ကြိုတင်မျှော်မှန်းထားပြီး အကယ်၍ ၎င်းတို့၏ထွက်ကုန်များသည် ကမ္ဘာလုံးဆိုင်ရာ အရည်အသွေး နည်းစနစ်များနှင့် ကိုက်ညီပါက ဗီယက်နမ်နိုင်ငံအတွက် ကြီးမားသော အခွင့်အရေးတစ်ခုဖြစ်လာမည် ဖြစ်ပါတယ်။

ထို့အပြင်လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်(FTAs)များက စတင်အာဏာသက်ဝင်ခဲ့ပြီးဖြစ်သောကြောင့် ပြည်တွင်းလုပ်ငန်းများသည် အကောက်ခွန်ဆိုင်ရာ အတားအဆီးများကို ဖယ်ရှားခြင်းမှ အကျိုးကျေးဇူးများ ရရှိလာလိမ့်မည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် ငါးမွေးမြူရေးလုပ်ငန်း၏ စုစုပေါင်းတင်ပို့မှု တန်ဖိုးသည် နှစ်စဉ် ၁၀-၁၅ ရာခိုင်နှုန်း တိုးတက်မှုဖြင့် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံဝန်းကျင်သို့ ရောက်ရှိလိမ့်မည်ဟု ကြိုတင်ခန့် မှန်းထားပါကြောင်း အထွေထွေ အတွင်းရေးမှူး၏ ပြောကြားချက်အရ သိရှိရပါတယ်။

အဆိုပါရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် တောင်ကိုရီးယား နိုင်ငံများကဲ့သို့သော အရေးကြီးသည့် ဈေးကွက်များသို့ ဖွံ့ဖြိုးဆဲနိုင်ငံများက တင်ပို့မှုများနှင့် ထွက်ကုန်တန်ဖိုး တိုးမြှင့်ဖို့အတွက် ရေထွက်ပစ္စည်း အရည်အသွေး ထိန်းချုပ်ခြင်းတို့ကို ငါးမွေးမြူရေးလုပ်ငန်းက အာရုံစူးစိုက်လိမ့်မည်ဖြစ်ပါကြောင်း ၎င်းက ပြောကြားပါတယ်။

**ချိုချိုမာ (ပို့ကုန်)**

## မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် ကြက်သွန်နီဈေး ပြောင်းလဲမှုမရှိ

ယခုရက်သတ္တပတ်အတွင်း မတ် ၂၀ ရက်မှ ၂၅ ရက်အထိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည်သို့ တင်ပို့လျက်ရှိသော ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ၃၉၅-၄၀၀ ကျပ်ဝန်းကျင်သာရှိနေပြီး ဈေးနှုန်းပြောင်းလဲခြင်းမရှိဘဲ အရောင်းအဝယ် ဖြစ်နေပါသည်။ မတ် ၁၃ ရက်မှ မတ် ၁၉ ရက်ထိ တင်ပို့မှုမှာ ကားအစီးရေ ၇၃ စီး၊ တင်ပို့တန်ချိန် ၂၃၈၈ ဒသမ ၅ တန်၊ ဈေးနှုန်း ၃၉၅-၄၀၀ ကျပ်၊ မတ် ၂၀ ရက်မှ ၂၅ ရက်ထိ ကားစီးရေ ၅၄ စီး၊ တင်ပို့တန်ချိန် ၁၇၈၀ ဒသမ ၅ တန် အရောင်းအဝယ်ဖြစ်သဖြင့် မြန်မာမှ တရုတ်သို့ ကြက်သွန်နီတင်ပို့မှု တန်ချိန်မှာလျော့နည်းလာခဲ့ပြီး ဈေးနှုန်းမှာ အပြောင်းအလဲမရှိဘဲ ပုံမှန်အနေအထားအတိုင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်စာရင်းများအရ သိရပါသည်။ ငွေဈေးအားဖြင့် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၀ - ၁၅၁၂ ကျပ်ဝန်းကျင် ပေါက်ဈေးဖြစ်ခဲ့ပါသည်။

မတ် ၂၀ ရက်မှ ၂၅ ရက်အတွင်း တရုတ်ငွေဈေးမှာ တစ်ယွမ်လျှင် ၂၂၃ - ၂၂၅ ကျပ် ဈေးဖြစ်ပြီး ကြက်သွန်နီ တစ်တန်လျှင် မြန်မာငွေ ကျပ် ၂၄၂၀၀၀ - ၂၄၅၀၀၀ ရရှိပါသည်။ တစ်ပိဿာဈေးနှုန်းမှာ မြန်မာငွေ ၃၉၅-၄၀၀ ကျပ်၊ တရုတ်ယွမ် ၁ ဒသမ ၇၁ ယွမ်ဖြင့် ဆက်လက်ရှိနေကြောင်း ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်စာရင်းအရ သိရပါသည်။

**စိုးသန္တာထွန်း(မောဝ်ရွှေလီကုန်သွယ်မှုဇုဟိုဌာန)**

## မူဆယ်(၁၀၅)မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ တရုတ်တင်ပို့ ဖရဲ၊ သခွားဈေးကောင်းရနေ

ယခု ရက်သတ္တပတ်အတွင်း မူဆယ်(၁၀၅)မိုင် ကုန်စည်ဒိုင်မှ တရုတ်သို့ ဖရဲသီးတင်ပို့မှုအနေဖြင့် ဖရဲကြားသီး၊ ဖရဲဖြူသီး၊ အဝိုင်းကြားသီး၊ အစေ့မဲ့ဖရဲတို့ တင်ပို့ခဲ့သလို သခွားအနေဖြင့် ရွှေသခွား၊ ဖရဲသခွား၊ ပိုက်ကွက်သခွား (ဝူခုံး)အသီးများ တင်ပို့ခဲ့ကြပြီး ဖရဲတင်ပို့မှုမှာ များပြားလာကာ ဈေးမှာလည်း ဈေးကောင်းရနေသလို သခွားတင်ပို့မှုမှာလည်း ပုံမှန်ထက်တိုးလာပြီး ဈေးကောင်းလည်း ရခဲ့ပါသည်။

မတ် ၉ ရက်မှ ၂၇ ရက်အတွင်း ဖရဲကား ၈၁၀၅ စီး၊ တန်ချိန် ၁၀၉၉၉၉ တန်၊ သခွား ၇၇၁၉ စီး၊ တန်ချိန် ၆၃၈၈၇ ဒသမ ၅ တန်၊ ဖရုံ ၆၆ စီး၊ တန်ချိန် ၁၀၃၇ ဒသမ ၅ တန် တင်ပို့ရောင်းချခဲ့ကြောင်း ကုန်စည်ဒိုင်မှ သိရှိရပါသည်။ ယခုတစ်ပတ်အတွင်း ဖရဲအဖြူသီးမှာ ဈေးအနိမ့်ရပြီး ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ် ၇၀၀၊ မြန်မာငွေကျပ် ၁၅၄၉၀၀ ၊ ဖရဲအကြားသီးမှာ ဈေးအမြင့်ရခဲ့သလို ဈေးနှုန်းမှာ ယွမ် ၄၅၀၀၊ မြန်မာငွေကျပ် ၉၉၅၆၀၀ ရှိကြောင်း သိရပါသည်။

သခွားမွှေးသီးနှံထဲမှာ ဖရဲသခွားက ဈေးအနိမ့်ဆုံးရခဲ့ကာ ဈေးနှုန်းမှာ တစ်တန်လျှင် ၂၂၀၀ ယွမ်၊ မြန်မာငွေကျပ် ၄၈၆၇၀၀ ဈေးရခဲ့ပြီး ရွှေသခွားက ဈေးအမြင့်ဆုံးရခဲ့ကာ ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ် ၅၄၀၀ ၊ မြန်မာငွေကျပ် ၁၁၉၄၇၀၀ ဖြစ်ခဲ့ပါသည်။ ဖရုံသီးအနိမ့်ဈေးမှာ တစ်တန်လျှင် ယွမ် ၂၀၊ မြန်မာငွေကျပ် ၄၄၃၀ ရရှိ၍ အမြင့်ဈေးမှာ ယွမ် ၁၀၀၀၊ မြန်မာငွေကျပ် ၂၂၁၃၀၀ တို့ဖြင့် အသီးသီးရရှိခဲ့ကြောင်း သိရပါသည်။

ထိုင်ဝမ်ဆီးသီးမှာလည်း ယခင်တစ်ပတ်က တင်ပို့ရောင်းချမှုမရှိခဲ့သလို ယခု ရက်သတ္တပတ်တွင်လည်း တင်ပို့မှုမရှိခဲ့ကြောင်း သိရပါသည်။ တစ်ပတ်အတွင်း ငွေဈေးနှုန်းမှာ တစ်ယွမ် ၂၂၁ ကျပ်မှ ၂၂၅ ကျပ် ပေါက်ဈေးရှိကြောင်း သစ်သီးဝလံကုန်စည်ဒိုင်မှ လေ့လာသိရှိရပါသည်။

**စုစုသာ**
**(မောဝ်ရွှေလီကုန်သွယ်မှုဇုဟိုဌာန)**

## ရော်ဘာအပို့လျော့သော်လည်း ဈေးမကျ

မတ်လ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းဖြစ်သော မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၄၄သန်း တန်ဖိုးရှိ MSR-20အမျိုးအစား ၃၅ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ရော်ဘာတင်ပို့မှုမရှိသလို မြန်မာ-ထိုင်း နယ်စပ်မှလည်း တင်ပို့မှုမရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှရော်ဘာ ၇၁ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ထက်ဝက်လျော့ကျခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ရော်ဘာဈေးမှာ RSS-3အမျိုးအစားတစ်တန်လျှင် ကျပ် ၁၇ သမ ၅၈၉ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန်လျှင် ၁၅၅၆၆ ကျပ် ဈေးတက်ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မတ် ၁၇ ရက်မှ ၂၃ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ဒသမ၄၈၉သန်း တန်ဖိုးရှိ ရော်ဘာအဆင့်စုံ တန်ချိန် ၃၆၁၀ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ နိုင်ငံအလိုက်တင်ပို့မှုများမှာ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား တန်ချိန်၈၄၀နဲ့ MSR-20 အမျိုးအစား ၂၄၃ တန်ကျော်၊ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား ၁၇၄၇ တန်နဲ့ MSR-10 အမျိုးအစား ၃၀၂ တန်၊ ကိုရီးယားနိုင်ငံသို့ TSR-20 အမျိုးအစား ၂၈၂ တန်ကျော်၊ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၁၉၆ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၄၂၉ တန် အပို့လျော့ကျကြောင်း သိရပါတယ်။

တက်ဈေးနဲ့ငြိမ်နေတဲ့ နိုင်ငံတကာရော်ဘာဈေးမှာ ယခုတစ်ပတ်မှာလည်း အတက်အကျ သိပ်မရှိဘဲ ဈေးငြိမ်နေကြောင်း သိရပါတယ်။ နိုင်ငံတကာရော်ဘာဈေးပြောင်းလဲမှု မရှိတဲ့အတွက် ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးလည်း ပြောင်းလဲမှုမရှိဘဲ ယခင်တစ်ပတ်ဈေးအတိုင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရသိရပါတယ်။

**ယဉ်ယဉ်အေး**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် မတ်လ ၂၅ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၀ နိုင်ငံရှိပြီး၊ ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Australia နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းထက် ၆ ဒသမ ၈၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ အီဂျစ်၊ ပြင်သစ်၊ ကင်ညာ၊ ကူဝိတ်၊ တောင်အာဖရိက၊ ကာတာ၊ ရုရှား၊ တူရကီနှင့် ယူကရိန်း စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၇ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာ တွေ့ရှိရပါ သည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် နယူးဇီလန်၊ နယ်သာလန်၊ ဩစတြေးလျ၊ ဟန်ဂေရီနှင့် စိန့်လူစယာ စသည့် နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၅ နိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၂၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၂၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မတ်လ ၂၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် လာအိုနိုင်ငံတွင် ၄ ဒသမ ၁၀ ရာခိုင်နှုန်း ၊ ဖိလစ်ပိုင်နိုင်ငံတွင် ၂ ဒသမ ၇၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၁ ဒသမ ၇၀ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် မတ် ၂၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၃ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ဂါနာနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၄ ဒသမ ၅၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ အီဂျစ်၊ ပြင်သစ်၊ ကင်ညာ၊ ကူဝိတ်၊ ပီရူး၊ ကာတာနှင့် တူရကီ စသည့်နိုင်ငံများအပါအဝင် ၆၅ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဂျပန်၊ အိန္ဒိယ၊ ဂျာမနီ၊ နယ်သာလန်၊ ပိုလန်၊ ဆွစ်ဇာလန်၊ ကနေဒါနှင့် နော်ဝေ စသည့် နိုင်ငံတို့အပါအဝင် ၂၄ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၈၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မတ် ၂၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် လာအိုနိုင်ငံတွင် ၂ ဒသမ ၃၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၁ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်တွင် သုည ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မတ် ၂၅ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် ၁ လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၅ | ၀.၆၁ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၀ | ၀.၈၅ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် မတ် ၂၅ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၃ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၂ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၁ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၄ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၈ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၃ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံ၏ ၁၀၀ မှတ် ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ မှတ်၊ ၂၅ မှတ်နှင့် ပေါင်းဆန်အမျိုးအစားဆန်များမှာ ဈေးအနည်းငယ် မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ ၅ မှတ်နှင့် ၂၅ မှတ် ဆန်ဈေးနှုန်းများမှာအနည်းငယ်ဈေးတက်ခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ဧည့်မထ ၂၅ မှတ်ဆန်နှင့် ပေါင်းဆန်များလည်း ဈေးမြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ပါကစ္စတန်နိုင်ငံ၏ ဧည့်မထ ၅ မှတ်ဆန်များသည် ဈေးနှုန်းအနည်းငယ် ကျဆင်းသွားပြီး ဧည့်မထ ၂၅ မှတ်ဆန်ဈေးနှုန်းမှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

ဆန်ဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများ အနေဖြင့် ယခင်နှစ်က အီဂျစ်နိုင်ငံ၏ စပါးစိုက်ဧက ရှစ်သိန်းရှိခဲ့ရာမှ ပြည်ပမှဆန်တင်သွင်းမှု လျှော့ချနိုင်ရန် ယခုနှစ်တွင် ဧက ၁ ဒသမ ၁ သန်း အထိ တိုးချဲ့စိုက်ပျိုးမည်ဟု အီဂျစ်စိုက်ပျိုးရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ခဲ့သည်ကိုသိရှိရပါသည်။ ဆန်အပိုအလျှံ ထုတ်လုပ်နေကျဖြစ်သည့် အီဂျစ်နိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် ရေချွေတာရေးအတွက် စပါးလျှော့ချစိုက်ပျိုးကာ ပြည်ပမှ တင်သွင်းသည့် ဆန်အပေါ် စတင်မှီခိုခဲ့ရပြီး အီဂျစ်အစိုးရသည် ယခင်နှစ်တွင် စပါးမှောင်ခို စိုက်ပျိုးမှုကို ဒဏ်ကြေးသတ်မှတ်ကာ တားမြစ်ခဲ့ပြီး ဧရိယာဖက်ဒန် ၇၂၄၀၀၀ ကိုသာ ခွင့်ပြုခဲ့ပါသည်။ ဧရိယာ တစ်ဖက်ဒန်မှာ အကြမ်းဖျင်းအားဖြင့် တစ်ဧကနှင့်ညီမျှပြီး ၂၀၁၇ ခုနှစ်က ဖက်ဒန် ၁ ဒသမ ၁ သန်း တရားဝင် စိုက်ခွင့်ပြုခဲ့ပြီး ကုန်သည်များ၏အဆိုအရ အမှန်တကယ်စိုက်ပျိုးမှု ဖက်ဒန် ၁ ဒသမ ၈ သန်းအထိ ရှိခဲ့သည်ဟု သိရှိရပါသည်။

စပါးစိုက်ဧရိယာမြှင့်တင်ခြင်းသည် ဆန်တင်သွင်းမှုလျှော့ချနိုင်ရန်နှင့် ဆန်ဈေး ကျလာစေရန်အတွက်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန၏ မီဒီယာတာဝန်ခံ Ahmed Ibrahim က ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်ကို သိရှိရပါသည်။ နိုင်းမြစ်ညာတွင် တည်ရှိသော အီသီယိုးပီးယားနိုင်ငံသည် နိုင်းမြစ်ပေါ်တွင် အမေရိကန်ဒေါ်လာ လေးဘီလီယံတန်ကြေးရှိ ရေကာတာတစ်ခု တည်ဆောက်နေရာ အီဂျစ်သည် နိုင်းမြစ်ရေကို ချွေတာရန် ယခင်နှစ်က စပါးစိုက်ပျိုးမှုကို လျှော့ချခဲ့ခြင်း ဖြစ်ပါသည်။ အီဂျစ်အစိုးရ ကောက်ပဲသီးနှံဝယ်ယူရေးအဖွဲ့ GASC သည် ယခင်နှစ်နောက်ပိုင်း နိုင်ငံတကာဆန်အဝယ်တင်ဒါသုံးခု ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

ဂျပန်နိုင်ငံတွင် လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်ကြသော တောင်သူများ အသက်အရွယ် အိုမင်းလာခြင်းနှင့် လူငယ်များက ရုံးလုပ်ငန်းများကို ရွေးချယ်လာခြင်းတို့ကြောင့် အချို့ဒေသများတွင် လယ်ယာလုပ်ကိုင်မည့်လူ နည်းပါးလာခြင်းကြောင့် လယ်ယာမြေများစွာကို စွန့်လွှတ်လာရသည်ကို တွေ့ရှိရပါသည်။ ဂျပန်နိုင်ငံတွင် ၁၉၆၅ ခုနှစ်က တောင်သူ ၁၁ သန်းအထိ ရှိခဲ့ရာမှ ယခုအခါ တောင်သူဦးရေနှစ်သန်းအောက်တွင်သာ ကျန်ရှိတော့ပြီး တောင်သူများအနက် ၆၀ ရာခိုင်နှုန်းကျော်မှာ အသက် ၆၅ နှစ် အထက် ရောက်ရှိနေကြောင်း သိရှိရပါသည်။ ထို့ကြောင့် လယ်ယာလုပ်ငန်းလုပ်ကိုင်ကြသည့် တောင်သူများကိုကူညီရန်အတွက် လူအားစိုက်ထုတ်ရနည်းသော ဒရုန်းနည်းပညာ (drone technology) ကို တိုးချဲ့သုံးစွဲရန် အစိုးရက စီစဉ်ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

ဒရုန်းများသည် အသုံးပြုရလွယ်ကူပြီး တောင်ကုန်းတောင်တန်းနေရာကဲ့သို့သော ပထဝီအနေအထားမျိုးစုံတွင် လုပ်ငန်းဆောင်ရွက်နိုင်ကြောင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ မြေဩဇာကျွေးခြင်း၊ သီးနှံစိုက်ပျိုးခြင်း၊ သစ်သီးပင်များ ဝတ်မှုန်ကူးခြင်း၊ လယ်ယာသုံးပစ္စည်းများ သယ်ဆောင်ခြင်း၊ မိုးခေါင်မှုနှင့် ရောဂါကြုံတွေ့ရသော စိုက်ခင်းများတွင် ဝေဟင်စစ်တမ်းကောက်ခံခြင်းတို့တွင် ဒရုန်းယာဉ်သုံး၍ ကွင်းဆင်းစမ်းသပ်မှုများစွာ လုပ်ဆောင်ရန်ရှိကြောင်း ဒရုန်းယာဉ်သုံးစွဲမှုမြှင့်တင်ရေး အစိုးရစီမံချက်တွင် ပါဝင်ခဲ့သည့် တိုကျိုသတင်းအချက်အလက်သိပ္ပံတက္ကသိုလ်မှ ပါမောက္ခ Kevin Short က ပြောကြားခဲ့သည်ကို သိရှိရပါသည်။

တရုတ်နိုင်ငံသည် တရုတ်-အမေရိကန် ကုန်သွယ်ရေးသဘောတူညီမှု၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် အမေရိကန်လယ်ယာကုန်စည်ဝယ်ယူမှုကို သုံးဆအထိ တိုးမြှင့်လာဖွယ်ရှိကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီး Sonny Perdue က ပြောကြားခဲ့သည်ကို သိရှိရပါသည်။ တရုတ်နိုင်ငံသည် လယ်ယာ ကုန်စည်ထုတ်လုပ်တင်ပို့မှု အကြီးဆုံးနိုင်ငံများ၏ မှီခိုအားထားရာဈေးကွက်ကြီးတစ်ခုဖြစ်ပြီး ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းမှု ပြေလည်ခဲ့ပါက တရုတ်နိုင်ငံ၏ အမေရိကန်လယ်ယာကုန်စည် ဝယ်ယူမှုသည် ၂၀၁၇ ခုနှစ်နှင့် နှိုင်းယှဉ်ပါက လာမည့်နှစ်နှစ်တွင် ငါးနှစ်အတွင်း နှစ်ဆ သို့မဟုတ် သုံးဆအထိ မြင့်တက်လာနိုင်ကြောင်း သိရှိရပါသည်။

ကုန်သွယ်စစ်မစမီက တရုတ်နိုင်ငံ၏ အမေရိကန်လယ်ယာကုန်စည်ဝယ်ယူမှုမှာ တစ်နှစ်လျှင် ဒေါ်လာ ၂၀ ဘီလီယံရှိခဲ့ကြောင်း အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံး၏ လယ်ယာကဏ္ဍညှိနှိုင်းရေးမှူး Gregg Doud ကပြောကြားခဲ့သည်ကို သိရှိရပါသည်။ ၎င်းအတိုင်းအတာအထိ ဝယ်ယူလာခဲ့ပါက ကုန်သွယ်စစ် တွင် ကြားညပ်နေခဲ့ရသော အမေရိကန် ကောက်ပဲသီးနှံဈေးကွက် များအတွက် အကျိုးဖြစ်ထွန်းမှုများစွာ ရရှိလာနိုင်ကြောင်း လေ့လာသိရှိရပါသည်။

ပြည်တွင်းဆန်သတင်းများအနေဖြင့် တရုတ်ကုန်သည်များအနေဖြင့် ၎င်းတို့အစိုးရထံမှ ဆန်လုံးတို ပါမစ်ယူပြီး မြန်မာဘက်မှ ဆန်လုံးရှည်များ တင်သွင်းနေခြင်းကြောင့် တရုတ်နိုင်ငံ ဘက်မှ ပိတ်လိုက်ကြောင်း သိရှိရပါသည်။ ဆန်တင်သွင်းရာတွင် ပါမစ်ယူရာ၌ ဆန်ကွဲ၊ ဆန်လုံးတို၊ ဆန်လုံးရှည်များမှာ သီးခြားစီ ပါမစ်ယူရပြီး အစိုးရသို့ အခွန်ဆောင်ရသည့် တန်ဖိုးချင်းမတူကြောင်း၊ ဆန်ကွဲတင်သွင်းရာတွင် အခွန်ဆောင်ရသည့် ပမာဏနည်းပြီး ဆန်လုံးရှည်တင်သွင်းရာတွင် အခွန်မြင့်မားကြောင်း မန္တလေးတိုင်းဒေသကြီး၊ ဆန်စပါးကုန်သည်အသင်းအတွင်းရေး မှူး ဦးစိုင်းကျော်က ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ထို့ပြင် ယခုနှစ်နွေစပါးရာသီတွင် မြန်မာတောင်သူ အများစုအနေဖြင့် ဆန်လုံးရှည်ကိုသာ အဓိကစိုက်ပျိုးထားခြင်းကြောင့် လက်ရှိနွေစပါးပေါ် ချိန်တွင်

**စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၃ | ထိုင်း | လီတာ | ၁.၁၁ | ၀.၈၃ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၀ | ၀.၆၈ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၇ | ၁.၂၈ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၅ | ၀.၈၃ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၆ | ၀.၈၅ |
| ၉ | လာအို | လီတာ | ၁.၁၉ | ၁.၀၁ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် မတ်လ ၂၅ ရက်တွင် Global Petrol Prices Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂ နှင့် ဒီဇယ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ ရှိပြီး စက်သုံးဆီဈေးနှုန်းနိုင်ငံ အလိုက်နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၅၅ ဒေါ်လာနှုန်းဖြင့် ၂၁ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၆၁ ဒေါ်လာနှုန်းဖြင့် ၂၃ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို ၁ လီတာ ဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | Zimbabwe | လီတာ | ၃.၃၇ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၂.၁၈ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၈ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | Wallis and Futuna | လီတာ | ၁.၈၉ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၈ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Zimbabwe | လီတာ | ၃.၁၉ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | Monaco | လီတာ | ၁.၉၀ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၁.၈၁ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | Wallis and Futuna | လီတာ | ၁.၈၁ |
| ၅ | Ecuador | လီတာ | ၀.၂၇ | Iceland | လီတာ | ၁.၈၀ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ ၁ လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၇ | ၀.၉၅ |
| ၂ | ဂျပန် | လီတာ | ၁.၂၄ | ၁.၀၇ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၆ | ၀.၉၇ |

Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံ

## ကြယ်စင်(တန်ဆည်မြေ)


စိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၂.၃.၂၀၁၉ | စည် | ၅၉.၉၈ |
| ၂ | ၂၅.၃.၂၀၁၉ | စည် | ၅၈.၈၂ |
| ၃ | ၂၆.၃.၂၀၁၉ | စည် | ၅၉.၉၄ |
| ၄ | ၂၇.၃.၂၀၁၉ | စည် | ၅၉.၄၁ |
| ၅ | ၂၈.၃.၂၀၁၉ | စည် | ၅၉.၃၀ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၈ ရက်မှ မတ် ၂၅ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်းပြောင်းလဲမှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာဈေး အနည်းငယ်ကျဆင်းလာခြင်းကြောင့် ပြည်တွင်းရွှေဈေးမှာ ပြန်လည်ကျဆင်းလာခဲ့သည်ကို သိရှိရပါသည်။ ပြည်တွင်း ရွှေဈေးနှုန်း အနေဖြင့် မတ် ၂၁ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၆၉၀၀၀ မှ ၂၈ ရက်တွင် ကျပ် ၁၀၅၆၀၀၀ အထိသို့ ကျပ် ၁၀၀၀၀ ကျော်ခန့် ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင် မတ် ၂၁ ရက် ရွှေတစ်အောင်စလျှင်၁၃၁၈ ဒေါ်လာဖြစ်ပေါ်ခဲ့ရာမှ မတ် ၂၈ ရက်တွင် ၁၃၁၀ ဒေါ်လာသို့ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ရွှေဈေးမှာ ခန့်မှန်းရခက်ခဲနေပြီး ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ရွှေဈေးနှုန်းနှင့် အမေရိကန်ဒေါ်လာဈေးအတက်အကျပေါ် မူတည်ပြီး ပြောင်းလဲနိုင်ကြောင်း အဓိကရွှေဈေးကွက်ဖြစ်သော ရွှေဘုံသာဈေးကွက်အတွင်းမှ သိရှိရပါသည်။

၂၀၁၉ ခုနှစ် မတ် ၁ ရက်မှ ၂၈ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၃.၂၀၁၉ | ၁၀၆၆၀၀၀ | ၁၃၁၀ |
| ၂ | ၂.၃.၂၀၁၉ | ၁၀၅၈၅၀၀ | ၁၂၉၃ |
| ၃ | ၃.၃.၂၀၁၉ | ၁၀၅၈၅၀၀ | ၁၂၉၃ |
| ၄ | ၄.၃.၂၀၁၉ | ၁၀၅၂၅၀၀ | ၁၂၈၈ |
| ၅ | ၅.၃.၂၀၁၉ | ၁၀၅၅၀၀၀ | ၁၂၈၈ |
| ၆ | ၆.၃.၂၀၁၉ | ၁၀၅၆၅၀၀ | ၁၂၈၆ |
| ၇ | ၇.၃.၂၀၁၉ | ၁၀၅၁၀၀၀ | ၁၂၈၆ |
| ၈ | ၈.၃.၂၀၁၉ | ၁၀၅၄၀၀၀ | ၁၂၉၅ |
| ၉ | ၉.၃.၂၀၁၉ | ၁၀၅၇၀၀၀ | ၁၂၉၈ |
| ၁၀ | ၁၀.၃.၂၀၁၉ | ၁၀၅၇၅၀၀ | ၁၂၉၈ |
| ၁၁ | ၁၁.၃.၂၀၁၉ | ၁၀၅၆၅၀၀ | ၁၂၉၆ |
| ၁၂ | ၁၂.၃.၂၀၁၉ | ၁၀၅၆၅၀၀ | ၁၂၉၇ |
| ၁၃ | ၁၄.၃.၂၀၁၉ | ၁၀၆၁၀၀၀ | ၁၂၉၉ |
| ၁၄ | ၁၅.၃.၂၀၁၉ | ၁၀၆၂၅၀၀ | ၁၃၀၃ |
| ၁၅ | ၁၆.၃.၂၀၁၉ | ၁၀၆၄၅၀၀ | ၁၃၀၃ |
| ၁၆ | ၁၇.၃.၂၀၁၉ | ၁၀၆၄၅၀၀ | ၁၃၀၃ |
| ၁၇ | ၁၈.၃.၂၀၁၉ | ၁၀၆၄၀၀၀ | ၁၃၀၆ |
| ၁၈ | ၁၉.၃.၂၀၁၉ | ၁၀၆၅၅၀၀ | ၁၃၀၇ |
| ၁၉ | ၂၀.၃.၂၀၁၉ | ၁၀၆၉၀၀၀ | ၁၃၁၈ |
| ၂၀ | ၂၂.၃.၂၀၁၉ | ၁၀၆၅၀၀၀ | ၁၃၁၂ |
| ၂၁ | ၂၃.၃.၂၀၁၉ | ၁၀၆၄၅၀၀ | ၁၃၁၄ |
| ၂၂ | ၂၄.၃.၂၀၁၉ | ၁၀၆၃၅၀၀ | ၁၃၁၄ |
| ၂၃ | ၂၅.၃.၂၀၁၉ | ၁၀၆၀၅၀၀ | ၁၃၁၈ |
| ၂၄ | ၂၆.၃.၂၀၁၉ | ၁၀၆၂၅၀၀ | ၁၃၁၅ |
| ၂၅ | ၂၇.၃.၂၀၁၉ | ၁၀၆၂၅၀၀ | ၁၃၁၄ |
| ၂၆ | ၂၈.၃.၂၀၁၉ | ၁၀၅၆၀၀၀ | ၁၃၁၀ |

Source: estimate of world's exchange rate and gold price page


စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာပေါ်တွင် သကြားအများဆုံးထုတ်လုပ်သောနိုင်ငံများမှာ International Sugar Organization (ISO) website တွင်ဖော်ပြချက်စာရင်းများအရ ဘရာဇီးလ်၊ အိန္ဒိယ၊ ဥရောပသမဂ္ဂ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံတို့ဖြစ်ကြပါသည်။ သကြားတင်ပို့သော ကမ္ဘာ့ထိပ်တန်းနိုင်ငံများမှာ ဘရာဇီး၊ ထိုင်း၊ ဩစတြေးလျ၊ ဂွါတီမာလာ၊ မက္ကဆီကို၊ အိန္ဒိယနှင့် ကျူးဘားနိုင်ငံတို့ဖြစ်ကြပြီး သကြားတင်သွင်းမှု အများဆုံးနိုင်ငံများမှာ တရုတ်၊ အင်ဒိုနီးရှား၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ နိုင်ဂျီးရီးယားနှင့် ကိုရီးယားနိုင်ငံ တို့ဖြစ်ကြပါသည်။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် သကြားအများဆုံး လိုအပ်လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး သကြားထုတ်လုပ်မှုတွင် ကမ္ဘာ့အများဆုံး ထုတ်လုပ်နိုင်သည့် နိုင်ငံများစာရင်းတွင် (၄) နိုင်ငံ မြောက်အဖြစ်ပါဝင်ကာ နှစ်စဉ်ပျမ်းမျှ သကြားတန်ချိန် ၁၀ သန်းဝန်းကျင် ထုတ်လုပ်နိုင်သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းစားသုံးရန် လိုအပ်မှုသည် တစ်နှစ်လျှင်တန်ချိန် ၁၆ သန်းခန့်ဖြစ်သည့် အတွက် တန်ချိန် ၆ သန်းခန့် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 27-Mar-19 | 12.75 cts/lb | 12.72 cts/lb | 334.75 $/T | 15.18 cts/lb |
| 26-Mar-19 | 12.80 cts/lb | 12.70 cts/lb | 336.40 $/T | 15.26 cts/lb |
| 25-Mar-19 | 12.71 cts/lb | 12.69 cts/lb | 336.85 $/T | 15.28 cts/lb |
| 22-Mar-19 | 12.79 cts/lb | 12.69 cts/lb | 339.75 $/T | 15.41 cts/lb |
| 21-Mar-19 | 12.77 cts/lb | 12.70 cts/lb | 341.75 $/T | 15.50 cts/lb |
| 20-Mar-19 | 13.00 cts/lb | 12.72 cts/lb | 343.25 $/T | 15.57 cts/lb |
| 19-Mar-19 | 13.01 cts/lb | 12.72 cts/lb | 346.80 $/T | 15.73 cts/lb |
| 18-Mar-19 | 13.06 cts/lb | 12.72 cts/lb | 350.85 $/T | 15.91 cts/lb |
| 15-Mar-19 | 12.74 cts/lb | 12.72 cts/lb | 344.40 $/T | 15.62 cts/lb |
| 14-Mar-19 | 12.63 cts/lb | 12.76 cts/lb | 342.45 $/T | 15.53 cts/lb |
| 13-Mar-19 | 12.60 cts/lb | 12.81 cts/lb | 342.50 $/T | 15.54 cts/lb |
| 12-Mar-19 | 12.59 cts/lb | 12.87 cts/lb | 343.40 $/T | 15.58 cts/lb |
| 11-Mar-19 | 12.55 cts/lb | 12.91 cts/lb | 343.15 $/T | 15.57 cts/lb |
| 8-Mar-19 | 12.43 cts/lb | 12.96 cts/lb | 340.65 $/T | 15.45 cts/lb |
| 7-Mar-19 | 12.42 cts/lb | 13.00 cts/lb | 339.30 $/T | 15.39 cts/lb |
| 6-Mar-19 | 12.43 cts/lb | 13.01 cts/lb | 340.60 $/T | 15.45 cts/lb |
| 5-Mar-19 | 12.69 cts/lb | 13.03 cts/lb | 345.70 $/T | 15.68 cts/lb |
| 4-Mar-19 | 12.64 cts/lb | 13.03 cts/lb | 344.50 $/T | 15.63 cts/lb |
| 1-Mar-19 | 12.92 cts/lb | 13.03 cts/lb | 348.05 $/T | 15.79 cts/lb |




Source: www.isosugar.org

ကမ္ဘာ့သကြားဈေးနှုန်းများ အနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ် ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar)တစ်တန်လျှင် မတ် ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၃၄၈ ဒသမ ၀၅ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး မတ် ၂၇ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင်အမေရိကန်ဒေါ်လာ ၃၃၄ ဒသမ ၇၅ ဖြစ်ပေါ်ခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်-

ယခုနှစ်တွင် ပြည်တွင်း သကြားဈေးကွက်မှာ ယခင်နှစ် ကာလတူထက် ဈေးနှုန်းကျဆင်းနေကြောင်း မြန်မာနိုင်ငံကြံနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဦးဝင်းဌွေးကပြောကြားခဲ့သည်ကို သိရှိရပါသည်။ ယခင်နှစ်က သကြားတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ ရှိရာမှ ယခုနှစ်တွင် သကြားတစ်ပိဿာလျှင်

စာမျက်နှာ ၁၆ သို့

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ငွေကျပ် ၁၀၀၀ သာပေါက်ဈေးရှိကြောင်း၊ ထိုသို့သကြားဈေး ကျဆင်းလာရခြင်းမှာ ပြည်တွင်းသကြားထုတ်လုပ်မှု တိုးတက်လာခြင်း၊ ယခင်နှစ်က တင်သွင်းထားသည့် Re-export သကြားအားလုံး ပြည်ပသို့မတင်ပို့နိုင်ခြင်း၊ လုပ်ငန်းသုံး သကြားများရှိနေခြင်း၊ ပြည်ပမှ သကြားများ တရားမဝင် ဝင်ရောက်နေခြင်းများကြောင့် သကြားများ စုပုံနေပြီး ရောင်းလိုအားများကာ ဈေးနှုန်းကျဆင်းနေကြောင်း သိရှိရပါသည်။

ပြည်တွင်းသကြားဈေးနှုန်း အလားအလာမှာ ယခုကဲ့သို့ ဆက်ရှိနေမည်ဟု ခန့်မှန်းထားပြီး ပြည်တွင်းကြံစိုက်ပျိုးမှုတွင်လည်း ၂၀၁၈ ခုနှစ်တွင် သကြားဈေးကောင်းရရှိခဲ့သဖြင့် ကြံကိုတိုးချဲ့စိုက်ပျိုးခဲ့ရာ အထွက်နှုန်းကောင်းမွန်သော်လည်း မြန်မာနိုင်ငံမှ သကြားအဓိကတင်ပို့နေသည့် တရုတ်နိုင်ငံမှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွင်း သကြားတင်ပို့မှုရပ်ဆိုင်းထားသောကြောင့် တရုတ်နိုင်ငံသို့ တင်ပို့မည့်သကြားများကို ပြည်တွင်း၌ ရောင်းချမှုများရှိနေသည့်အတွက် ပြည်တွင်းသကြားဈေးများ ကျဆင်းနေကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ်၊ မတ်လနောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၃ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၅၁၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၀၄-၄၁၂၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၂၇-၅၈၁ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့၏ သကြားဈေးနှုန်းများမှာ အနည်းငယ် မြင့်တက်ခဲ့ပြီး တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင် သကြားဈေးမှာ အနည်းငယ် ကျဆင်းလျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံ ဒေသပေါက်ဈေးမှာ တစ်တန်လျှင်ပျမ်းမျှအမေရိကန်ဒေါ်လာ ၆၅၀ ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

၂၀၁၉ ခုနှစ်၊ မတ်လနောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင်ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၄၆ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၉၃ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၄၇ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင်အမေရိကန်ဒေါ်လာ ၅၂၄ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင်ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး တောင်ကြီး၊ ဘားအံနှင့် ပျဉ်းမနားမြို့တို့တွင် သကြားတစ်ပိဿာလျှင်ကျပ်၁၂၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် မတ် ၂၈ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် သုည ဒသမ ၁၆ ရာခိုင်နှုန်းကျဆင်းသွားကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ နောက်ဆုံးပတ်အတွင်း ပြည်တွင်းသကြားဈေးနှုန်းများမှာ အတက်အကျအပြောင်းအလဲမရှိဘဲ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

| စဉ် | မြို့အမည် | သကြား(ကျပ်/ပိဿာ) | | | |
|---|---|---|---|---|---|
| | | မတ် ၂၂ | မတ် ၂၅ | မတ် ၂၆ | မတ် ၂၈ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၅ | လွိုင်ကော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၄၀၀ | ၁၄၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၂၁ | နေပြည်တော် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၂ | ကလေး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |

Source:DACA-Domestic

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်လုပ်ငန်းကဏ္ဍ စနစ်တကျ တိုးတက်စေရန်၊ နိုင်ငံတကာစံနှုန်းများအတိုင်း ဆောင်ရွက်နိုင်ရန်၊ ဘဏ်များ၏ စီမံခန့်ခွဲမှု တိုးတက်ကောင်း မွန်စေရန် မတ်လ ၂၅ ရက်တွင် ညွှန်ကြားချက် (၅)ရပ်ကို ထပ်မံထုတ်ပြန်ခဲ့သည်ကို သိရှိရပါသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက် (၅) ရပ်မှာ သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံသတ်မှတ်ချက်များအတွက် ညွှန်ကြားချက် (၈/၂၀၁၉)၊ ဘဏ်၏ဒါရိုက်တာများဆိုင်ရာ ညွှန်ကြားချက် (၉/၂၀၁၉)၊ ဘဏ်၏ ပြင်ပစာရင်းစစ်များဆိုင်ရာ ညွှန်ကြားချက် (၁၀/၂၀၁၉)၊ ဆက်နွယ်သူများဆိုင်ရာ ညွှန်ကြားချက် (၁၁/၂၀၁၉)၊ အဓိကကျသည့် အကျိုးစီးပွားများရယူခြင်းဆိုင်ရာ ညွှန်ကြားချက် (၁၂/၂၀၁၉) တို့ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအား အကောင်အထည်ဖော်ရန် ညွှန်ကြားချက် (၅) ရပ်အား ဆက်လက် ထုတ်ပြန်နိုင်ရေးအတွက် တရားဝင်ထုတ်ပြန်ခြင်းမပြုမီ မြန်မာနိုင်ငံစာရင်းကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည် သူ့စာရင်းကိုင်များအသင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များအား ဖိတ်ကြား၍ ညွှန်ကြားချက် (မူကြမ်း) များဖြန့်ဝေခြင်းနှင့် ပဏာမရှင်းလင်းခြင်း အခမ်းအနားကို အောက်တိုဘာ ၈ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၌ ပြုလုပ်ခဲ့သည်ကို သိရှိ ရပါသည်။


ယင်းညွှန်ကြားချက် (၅) ရပ်နှင့်ပတ်သက်၍ အကြံပြုချက်များကို ရယူညှိနှိုင်းရေးဆွဲပြီးနောက် ယခုညွှန်ကြားချက် (၅) ရပ်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ရာ လိုက်နာရန် ပျက်ကွက်ပါက ငွေရေး ကြေးရေး အဖွဲ့အစည်းများအနေဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်ခံရမည်ဖြစ်ပြီး ဥပဒေနှင့်အညီဘဏ်အား ပြန်လည်တည့်မတ်စေရန် ဆောင်ရွက်ခြင်း၊ သို့မဟုတ် အရေးယူခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းများ၊ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ ချမှတ်ခံရမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ ညွှန်ကြားချက်(၅)ရပ်ထုတ်ပြန်ခြင်းသည် မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံ တကာမှကျင့်သုံးနေသည့် စံနှုန်းများအရ ဆောင်ရွက်နိုင်စေရန်နှင့် ဘဏ်များအတွက် ကောင်းမွန်သော စီမံခန့်ခွဲမှုစနစ် တိုးတက်ဖွံ့ဖြိုးလာစေရန်တို့အတွက် မြန်မာနိုင်ငံဗဟိုဘဏ်၏ စည်းမျဉ်း၊ စည်း ကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်၏ ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ၂၀၁၉ ခုနှစ်အတွင်း ဘဏ်လုပ်ငန်းဝန်ဆောင်မှုနှင့် ငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ညွှန်ကြားချက်များ ဆက်တိုက်ထုတ်ပြန်နေပြီး ယခုအချိန်အထိ ညွှန်ကြားချက် ၆ ခုထွက်ရှိပြီးဖြစ်သည်ကို သိရှိရပါသည်။

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.80%၊ Annual Rate of Inflation 7.07%၊ Year on Year Inflation 6.69 % ရှိသည်ကို လေ့လာသိရှိရပါသည်။ မတ်လအတွင်း ဆက်တိုက်ကျဆင်းခဲ့သော အမေရိကန်ဒေါ်လာ ဈေးနှုန်းများသည် ဗဟိုဘဏ်ရည်ညွှန်း ငွေလဲနှုန်းအရ မတ်လတတိယပတ်တွင် တရိပ်ရိပ်ပြန်လည်မြင့်တက်လာခဲ့သော်လည်း မတ်လနောက်ဆုံးပတ်အတွင်း ပြန်လည်ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ အမေရိကန်ဒေါ်လာဈေးသည် မတ်လနောက်ဆုံးပတ်ဖြစ်သည့် မတ် ၂၂ ရက်တွင် တစ်ဒေါ်လာလျှင်၁၅၂၅ ဒသမ ၅၀ ကျပ်၊ မတ် ၂၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၅ ကျပ်၊ မတ် ၂၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၀ ဒသမ ၄၀ ကျပ်၊ မတ် ၂၈ ရက်တွင် တစ် ဒေါ်လာလျှင်၁၅၂၀ ဒသမ ၁၀ ကျပ် ဖြစ်ပေါ်ခဲ့ပြီး မတ်လတတိယပတ်ထက်တစ်ဒေါ်လာလျှင် ၂၀ ကျပ်ခန့် ပြန်လည်ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။

ပြင်ပဒေါ်လာဈေးကွက်တွင်လည်း အရောင်းအဝယ်မှာ အတက်အကျအပြောင်းအလဲများ ဖြစ်ပေါ်နေပြီး မတ်လ ၂၂ ရက်တွင် တစ်ဒေါ်လာလျှင်၁၅၁၅ ကျပ်၊ မတ်လ ၂၅ ရက်တွင် တစ်ဒေါ်လာ လျှင်၁၅၁၂ ကျပ်၊ မတ်လ ၂၈ ရက်တွင် တစ်ဒေါ်လာ လျှင်၁၅၁၄ ကျပ် အသီးသီး ပေါက်ဈေးဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ် မတ်လ ၁ ရက်မှ မတ်လ ၂၈ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။




Source: Central Bank of Myanmar

၂၀၁၉ ခုနှစ် မတ်လ ၂၂ ရက်မှ ၂၈ ရက်အထိ ရက်အလိုက် ဖြစ်ပေါ် ပြောင်းလဲခဲ့ သော အမေရိကန် တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၂-၃-၁၉ | ၂၅-၃-၁၉ | ၂၆-၃-၁၉ | ၂၈-၃-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | Kyat | ၁၅၂၅.၅ | ၁၅၂၅.၀ | ၁၅၂၀.၄ | ၁၅၂၀.၁ | -၀.၃၅ | ⬇ |
| ၂ | Thai Baht | THB | ၃၁.၇၀၀ | ၃၁.၅၈၀ | ၃၁.၆၅၀ | ၃၁.၈၂၀ | ၀.၃၈ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၃၅၁ | ၁.၃၅၁ | ၁.၃၅၀ | ၁.၃၅၆ | ၀.၃၇ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၀၆၂ | ၄.၀၆၉ | ၄.၀၆၉ | ၄.၀၇၈ | ၀.၃၉ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၄၁၆၄ | ၁၄၁၇၉ | ၁၄၁၇၀ | ၁၄၂၄၂ | ၀.၅၅ | ⬆ |
| ၆ | Chinese Yuan | CNY | ၆.၇၀၃ | ၆.၇၁၀ | ၆.၇၀၃ | ၆.၇၂၆ | ၀.၁၉ | ⬆ |
| ၇ | Indian Rupee | INR | ၆၉.၀၄၆ | ၆၉.၀၂၃ | ၆၈.၈၇၇ | ၆၉.၀၁၇ | -၀.၀၄ | ⬇ |
| ၈ | Japanese Yen | JPY | ၁၁၀.၅၅၁ | ၁၁၀.၁၅၆ | ၁၁၀.၁၇၄ | ၁၁၀.၂၇၂ | -၀.၂၅ | ⬇ |
| ၉ | Austrialia Dollar | AUD | ၁.၄၀၉ | ၁.၄၁၀ | ၁.၄၀၃ | ၁.၄၁၀ | ၀.၀၇ | ⬆ |
| ၁၀ | Euro | EUR | ၀.၈၈၅ | ၀.၈၈၄ | ၀.၈၈၄ | ၀.၈၈၉ | ၀.၄၅ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၇၆၃ | ၀.၇၅၈ | ၀.၇၅၈ | ၀.၇၆၀ | -၀.၃၉ | ⬇ |

Source- Central Bank of Myanmar

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ မတ် ၂၂ ရက်တွင် တစ်ဒေါ်လာလျှင်၁၅၂၅ ဒသမ ၅၀ ကျပ်ရှိခဲ့ရာမှ မတ်လ ၂၈ ရက်တွင် ၁၅၂၀ ဒသမ ၁၀ ကျပ်သို့ ကျဆင်းလာခဲ့ပြီး တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း သုည ဒသမ ၃၅ ရာခိုင်နှုန်း ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။

တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ငွေဈေးတည်ငြိမ်မှုသည်လည်း အရေးကြီးလိုအပ်ချက်တစ်ရပ်ဖြစ်ပြီး ပြည်တွင်းငွေကြေးဈေးကွက်အပေါ်တွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ လွှမ်းမိုးမှုမြင့်မားခြင်းသည် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးတစ်ရပ် ဖြစ်ပေါ်လာနိုင်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ပြည်တွင်း ငွေကြေးဈေးကွက်အပေါ် အပြည့်အဝ လွှမ်းမိုးချုပ်ကိုင်နိုင်ရေး ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်းနှင့် ငွေကြေးဈေးနှုန်းပြောင်းလဲမှုများကြောင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြည်သူပြည်သားများအပေါ် ဆိုးကျိုးများ မဖြစ်ပေါ်စေရေး ကာကွယ်ပေးနိုင်ရေးအတွက်တည်ငြိမ်မှန်ကန်စွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)． ． ． မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ စျေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ပြည်တွင်းရွှေစျေးနှင့် ဒေါ်လာစျေးနှုန်းများ ပြန်လည်ကျဆင်း သော်လည်း စက်သုံးဆီစျေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိ ကြောင်း စက်သုံးဆီစျေးကွက်များအတွင်းမှ သိရှိရပါသည်။ စက်သုံးဆီ တစ်လီတာလျှင် ၁၅ ကျပ် မှ ကျပ် ၃၀ ခန့်အထိ မြင့်တက်လာကြောင်း၊ စက်သုံးဆီစျေးမှာ ဆက်လက်မြင့်တက်နိုင်ကြောင်း သိရှိ ရပါသည်။ အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းမှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ မတ် ၂၈ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၅၂၀ ဒသမ ၁၀ ကျပ်ဖြစ်ပြီး ပြင်ပငွေကြေးစျေးကွက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၄ ကျပ် ပေါက်စျေးဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။ ပြည်တွင်းစက်သုံးဆီစျေးမှာ မတ် ၂၈ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းစျေးများအရ ဒီဇယ် တစ်လီတာလျှင် ၉၇၅ ကျပ်၊ အဆင့်မြင့် ဒီဇယ်တစ်လီတာလျှင် ၉၈၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ လျှင် ၈၁၅ ကျပ်နှင့် အောက်တိန်း 95 တစ်လီတာလျှင် ကျပ် ၉၀၀ စျေးရှိကြောင်း လေ့လာသိရှိရပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီစျေးနှုန်းများမှာ ဥရောပနိုင်ငံ များတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်း၊ ဩစတြေးလျနိုင်ငံတွင် ၆ ဒသမ ၈၀ ရာခိုင်နှုန်း၊ အာရှနိုင်ငံများတွင် သုည ဒသမ ၃၀ ရာခိုင်နှုန်း၊ အာဖရိကနိုင်ငံတွင် သုည ဒသမ ၂၀ရာခိုင်နှုန်း ၊ အမေရိကန်နိုင်ငံတွင် ၂ ဒသမ ၉၀ရာခိုင်နှုန်းနှင့် တောင်အမေရိကနိုင်ငံတွင် ၁ ရာခိုင်နှုန်းတို့ အသီးသီးစျေးနှုန်းများ မြင့်တက်ခဲ့ကြောင်း လေ့လာသိရှိရ ပါသည်။ အာရှဒေသနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ နီပေါနှင့် ပါကစ္စတန်နိုင်ငံများ၏စျေးနှုန်းများမှာ တည်ငြိမ်နေကြောင်း လေ့လာသိရှိရပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ဓာတ်ဆီ | | | | ဒီဇယ်ဆီ | | | |
| | | မတ် ၂၂ | မတ် ၂၅ | မတ် ၂၆ | မတ် ၂၈ | မတ် ၂၂ | မတ် ၂၅ | မတ် ၂၆ | မတ် ၂၈ |
| ၁ | မြစ်ကြီးနား | ၄၁၂၆ | ၄၁၂၆ | ၄၁၂၆ | ၄၁၂၆ | ၄၅၈၅ | ၄၅၈၅ | ၄၅၈၅ | ၄၅၈၅ |
| ၂ | လားရှိုး | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |
| ၃ | ကျိုင်းတုံ | ၅၀၄၀ | ၅၀၄၀ | ၅၀၄၀ | ၅၀၄၀ | ၅၄၉၀ | ၅၄၉၀ | ၅၄၉၀ | ၅၄၉၀ |
| ၄ | တောင်ကြီး | ၃၉၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၆၅၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |
| ၅ | လွိုင်ကော် | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |
| ၆ | ဘားအံ | ၃၇၃၅ | ၃၈၀၃ | ၃၈၀၃ | ၃၈၇၀ | ၄၅၂၃ | ၄၅၉၀ | ၄၅၉၀ | ၄၅၉၀ |
| ၇ | မော်လမြိုင် | ၄၀၉၅ | ၄၀၉၅ | ၄၀၉၅ | ၄၁၆၂ | ၄၅၆၇ | ၄၅၆၇ | ၄၅၆၇ | ၄၆၁၂ |
| ၈ | ထားဝယ် | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၁၀ |
| ၉ | မြိတ် | ၃၈၇၀ | ၃၉၁၅ | ၃၉၁၅ | ၃၉၆၀ | ၄၂၇၅ | ၄၃၆၅ | ၄၃၆၅ | ၄၃၂၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၃၈၇ | ၄၃၈၇ | ၄၃၈၇ | ၄၃၈၇ |
| ၁၁ | ပုသိမ် | ၃၆၅၀ | ၃၇၀၀ | ၃၇၀၀ | ၃၇၀၀ | ၄၂၀၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ |
| ၁၂ | စစ်တွေ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ | ၄၂၀၀ | ၄၄၄၀ | ၄၄၄၀ | ၄၄၄၀ |
| ၁၃ | ဟားခါး | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၃၁၀ | ၄၃၁၀ | ၄၃၁၀ | ၄၃၁၀ |
| ၁၄ | မုံရွာ | ၃၇၀၀ | ၃၇၀၀ | ၃၇၀၀ | ၃၇၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၁၅ | မန္တလေး | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၃၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ |
| ၁၆ | ပခုက္ကူ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ |
| ၁၇ | မကွေး | ၃၇၅၀ | ၃၇၅၀ | ၃၈၅၀ | ၃၈၅၀ | ၄၆၁၄ | ၄၆၁၄ | ၄၆၆၀ | ၄၆၆၀ |
| ၁၈ | ပြည် | ၃၈၅၀ | ၃၉၀၀ | ၃၉၀၀ | ၃၉၀၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ |
| ၁၉ | ပဲခူး | ၃၆၅၅ | ၃၇၀၀ | ၃၇၀၀ | ၃၇၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ |
| ၂၀ | ပျဉ်းမနား | ၃၈၂၅ | ၃၈၂၅ | ၃၈၉၃ | ၃၈၉၃ | ၄၅၄၅ | ၄၅၄၅ | ၄၆၃၅ | ၄၆၃၅ |
| ၂၁ | နေပြည်တော် | ၃၈၂၅ | ၃၈၂၅ | ၃၈၉၃ | ၃၈၉၃ | ၄၅၄၅ | ၄၅၄၅ | ၄၆၃၅ | ၄၆၃၅ |
| ၂၂ | ကလေး | ၃၉၅၅ | ၃၉၅၅ | ၃၉၅၅ | ၃၉၅၅ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ |

Source : DOCA-Domestic

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီစျေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် စျေးနှုန်းအနည်းငယ်မြင့်တက်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းစျေးနှုန်းနှင့် ． ． ． မှအဆက်

တောင်သူများ အခက်အခဲများ ကြုံတွေ့လာနိုင်မည်ဖြစ်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် တရုတ်နိုင်ငံအစိုးရနှင့် သွားရောက်တွေ့ဆုံ ညှိနှိုင်းမှုများ ပြုလုပ်ပေးစေလိုကြောင်း၊ ဥရောပသမဂ္ဂမှလည်း ယခုနှစ် ဇန်နဝါရီ ၁၈ ရက်မှစတင်ကာ မြန်မာနိုင်ငံမှ တင်ပို့နေသည့် ဆန်လုံးရှည်အမျိုးအစားကို အခွန်ပြန်လည်ကောက်ခံရန် ဆုံးဖြတ်ခဲ့သည့်အတွက်ကြောင့် မြန်မာ့ဆန်လုံးရှည်စျေးကွက်အတွက် အခက်အခဲများ ပိုမိုဖြစ်ပေါ် လာနိုင်ကြောင်း သိရှိရပါသည်။

ထို့အတွက် တောင်သူလယ်သမားများ နွေစပါးပေါ်ချိန်တွင် စျေးကောင်းရရှိရန်အတွက် လည်းကောင်း၊ အသေးစားနှင့် အလတ်စား ဆန်စပါးလုပ်ငန်း လုပ်ကိုင်သူများအတွက် အဓိကလိုအပ်နေသည့် နယ်စပ်မှ တရုတ်သို့တင်ပို့ရောင်းချရေး အဆင်ပြေလွယ်ကူချောမွေ့စေရန် အထူးဦးစားပေးညှိနှိုင်းဆောင်ရွက်ပေးရန် နိုင်ငံတော်ဒုတိယသမ္မတဦးမြင့်ဆွေ ဦးဆောင်သော စီးပွားရေးရာ ကော်မတီထံ တင်ပြထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သိရှိရပါသည်။

မြန်မာ့လယ်ယာထွက်ကုန် အများစုကို တရုတ်နိုင်ငံဘက်မှ တရားမဝင်သတ်မှတ်ထား၍ တရုတ်နိုင်ငံ ကုန်ပစ္စည်းအရည်အသွေး စစ်ဆေးရေးဝန်ကြီးဌာနထံ မှတ်ပုံတင်ရန်လိုအပ်နေကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသည့် လယ်ယာ၊ တိရစ္ဆာန်၊ ရေထွက်၊ စက်မှုထုတ်ကုန်များကို တရုတ်နိုင်ငံသို့တင်ပို့ရာတွင် တရုတ်နိုင်ငံ ကုန်ပစ္စည်း အရည်အသွေး စစ်ဆေးရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထား သည့်ကုန်စည်မှာ ဆန်၊ သရက်၊ ဖရဲ၊ သခွား၊ ဆီးသီး ငါးမျိုးသာရှိကာ ကျန်ကုန်စည်အများစုမှာ နယ်စပ်လမ်းကြောင်းမှ တရားမဝင်တင်ပို့ နေရသည့် အခြေအနေဖြစ်ခြင်းကြောင့် နယ်စပ်ကုန်သွယ်ရေးတွင် အမြဲနစ်နာဆုံးရှုံးနေရကြောင်း၊ ထို့ကြောင့် တခြားသောကုန်စည် များကို တရားဝင် ဆက်လက်သတ်မှတ်ပေးနိုင်ရန် AQSIQ မှာ အစိုးရအနေဖြင့် ကူညီနိုင်ရန်လိုအပ်ပါကြောင်း နယ်စပ်ဒေသ ကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးကိုကိုကြီးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပေါ်နေသော စျေးနှုန်းများအရ ပြင်ပငွေလဲနှုန်းတစ်ယွမ်လျှင် ၂၂၅ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၂၂၉၅၀ ကျပ်မှ ၂၃၄၀၀ အထိ ပေါက် စျေးရှိကြောင်း သိရှိရပါသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၉ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပေါ်နေသော စျေး နှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၇ ကျပ် နှုန်းရှိပြီး ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၂၅၂၀၀ ခန့် ပေါက်စျေးရှိသဖြင့် ယခင်တစ်ပတ်စျေးနှင့် နှိုင်းယှဉ်ပါက စျေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၉ ခုနှစ် မတ်လအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန် အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၇၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၄ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၀၀ သန်း၊ အီးယူ ၂ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား သုည ဒသမ ၈၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၂၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၆၇၅ သန်း၊ နိုင်ဂျီးရီးယား ၂ ဒသမ ၂၀၀ သန်း၊ ဖိလစ်ပိုင် ၂ ဒသမ ၆၀၀ သန်း၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ ဒသမ ၁၀၀ သန်း၊ ယူအေအီး သုည ဒသမ ၉၀၀ သန်း၊ အမေရိကန် သုည ဒသမ ၉၀၀ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၂ ဒသမ ၈ သန်းတင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်စျေးနှုန်းများကို လေ့လာရာတွင် စျေးနှုန်း အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မတ် ၂၂ ရက်မှ ၂၉ ရက် အတွင်း ဖြစ်ပေါ်နေသော စျေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာနိုင်နှုန်း | စျေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၂၂.၃.၂၀၁၉ | ၂၅.၃.၂၀၁၉ | ၂၆.၃.၂၀၁၉ | ၂၉.၃.၂၀၁၉ |
| ၁ | ဧယာ | ၅ | ၂၂၀၀၀ | ၂၁၀၀၀ | ၂၁၀၀၀ | ၂၀၅၀၀ |
| ၂ | ဧယာ | ၁၀ | ၂၁၅၀၀ | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၀၀၀ |
| ၃ | ဧယာ | ၂၅ | ၁၉၄၀၀ | ၁၈၆၀၀ | ၁၈၅၀၀ | ၁၈၀၀၀ |
| ၄ | ဧယာ | ၃၅ | ၁၉၀၀၀ | ၁၈၂၀၀ | ၁၈၂၀၀ | ၁၇၇၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၁၇၀၀ | ၁၉၇၀၀ | ၁၉၆၀၀ | ၁၉၂၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၁၂၀၀ | ၁၉၂၀၀ | ၁၉၂၀၀ | ၁၈၇၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၉၄၀၀ | ၁၈၆၀၀ | ၁၈၅၀၀ | ၁၈၀၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၉၀၀၀ | ၁၈၈၀၀ | ၁၈၂၀၀ | ၁၇၇၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်စျေးနှုန်းများကို လေ့လာကြည့်ပါက လွိုင်ကော်မြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၂၀၀ ဖြင့် အမြင့်ဆုံးစျေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၉၅၀ ဖြင့် အနိမ့်ဆုံးစျေးနှုန်းများဖြစ်ခဲ့သည် ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စျေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိပါသည်။ မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်တွေ့ကြုံနေရပြီး တောင်သူများမှာလည်း ဆုံးရှုံးနစ်နာမှုများစွာနှင့်ကြုံတွေ့ရလျက်ရှိရာ ခိုင်မာသည့် စျေးကွက်သစ်များရှာဖွေနိုင်ရန် အရေးတကြီး လုပ်ဆောင်နိုင်ရန် လိုအပ်လျက်ရှိပါသည်။ နိုင်ငံတကာ ဆန်စပါးစျေးကွက်ကြီးများမှလည်း အပြိုင်အဆိုင် စျေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက် လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း ထုတ်လုပ်မှုကုန်ကျစရိတ်၊ အထွက်နှုန်း၊ နည်းပညာ၊ သုတေသန၊ အရည်အသွေးနှင့် စျေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ရန် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ပိုမိုတွန်းအားပေး လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်စျေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ၂ ဒသမ ၇၂ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၉ ခုနှစ် မတ်လ နောက်ဆုံးပတ်အတွင်း နိုင်ငံတကာဆန်စျေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်စျေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာ သုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | |
|---|---|---|---|---|---|
| | | ၂၂.၃.၂၀၁၉ | ၂၅.၃.၂၀၁၉ | ၂၆.၃.၂၀၁၉ | ၂၈.၃.၂၀၁၉ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၃ | ကျိုင်းတုံ | ၁၆၅၀ | ၁၆၅၀ | ၁၆၅၀ | ၁၆၅၀ |
| ၄ | တောင်ကြီး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၅ | လွိုင်ကော် | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ |
| ၆ | ဘားအံ | ၉၅၀ | ၉၅၀ | ၉၅၀ | ၉၅၀ |
| ၇ | မော်လမြိုင် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၈ | ထားဝယ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၉ | မြိတ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၀ | ရန်ကုန် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၁ | ပုသိမ် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၁၂ | စစ်တွေ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၃ | ဟားခါး | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ |
| ၁၄ | မုံရွာ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ |
| ၁၅ | မန္တလေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၁၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၈ | ပြည် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၉ | ပဲခူး | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ |
| ၂၀ | ပျဉ်းမနား | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၂၁ | နေပြည်တော် | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၂၂ | ကလေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |

Source-DOCA-Domestic

## Tun Thaw Tar Manufactring Co.,ltd
ထွန်းသော်တာ ထုပ်လုပ်မှု ကုမ္ပဏီလီမိတက်



Add :No.71, Payar Street, Ngwe Pin Lae Industrial Zone, Hlaing Thar Yar Township, Yangon, Myanmar.
PH :95-9-73999888, 09-5023033, 09-977909199
Email : tunthawtar1996@gmail.com

## မြန်မာ့ပဏ္ဍိုင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
MYANMA PIVOT CONSTRUCTION CO., LTD.







No.1104,Bo Myat Tun Tower,
MahaBandoola Road,
Botahtaung Township,
Yangon,Myanmar.
Ph : 951-296227
Mobile : 095016608
E-mail : myanmapivot2010@gmail.com

## DN Group


ယိုးဒယား ကျား / မ
ဖိနပ်လက်ကား
ရောင်းဝယ်ရေး

အမှတ် ၂၁၈ ၊ ၂၉ လမ်း အထက်ဘလောက်
Ph : ၀၉၉၇၀၄၃၃၃၃ ၊ ၀၉၇၉၉၀၁၅၂၈၀


## TOP SEIN WIN & ASSOCIATE CONSULTING LIMITED


(1) Registration of Business Organization
(2) Investment Proposal and Investment Contract (Local/Foreign)
(3) Accounting
   a. Accounting System Setting up
   b. Preparing Financial Statements & Reports
   c. Accounting Software Evaluation
   d. Internal Control System Set up
(4) Auditing
(5) Tax Advisory-Corporate & Personal Tax Services
(6) Liquidation
(7) Financial Consultancy Services
(8) Legal and Legislation Consultancy Services
(9) Business Advisory

Building (6),Room (323),Kyaikkasan Housing, Marlarnwe Street, Tamwe (B) Ward, Tamwe Township,Yangon.
Tel : 01-400164, 01-8603760 Fax : 01-8603760 Email : usw.auditor.mm@gmail.com, topswconltd@gmail.com


PRO
System & Networking Co., Ltd.
Authorised Distributor
EZ-IP
19" GERMANY
LINK
American Standard
EnGenius
Authorised Business Partner/Reseller
Cambium Networks
tp-link
alhua
TECHNOLOGY
Synology
CyberPower
Reliability. Quality. Value.
No.159/B, Ground Floor, 47th Street, Upper Block, Botahtaung Township, Yangon,
showroom@proitmyanmar.com, www.proitmyanmar.com,
Office : 09954556551 / 09954556552, Sales (Viber) : 09954556550
PRO System & Networking


ZABUYADANAR CUSTOMS BROKER AGENCY
U MAUNG MAUNG KYWE
MANAGING DIRECTOR
09-253050556,+959 5168696
01-391620, 01374267, 01370040
zabuyadanarbrokeragency@gmail.com
Logistics and Transportation Services


MMK Myanmar Modular Konstruction
Showroom : No.891, Byamaso Rd, (6)Qtr, South Okkalapa, Township, Yangon.
Office : No(793), Thayakhittayar (22) Street, (5)Qtr, South Okkalapa Township.
Tel. : 09 - 777737955, 09 - 762833847,
Email : aungtutu1@gmail.com, aungmyatthu.a1@gmail.com
FB Page : www.facebook.com/myanmarmodular/


IDEMITSU
Excellent performance in the
24h Nürburgring Endurance Race
MAZDA MOTORSPORTS TEAM JOTA
MAZDA MX-5
IDEMITSU KOSAN CO., LTD
195
0W-20
SN/GF-5
5W-30
SN/GF-5
5W-40
SN/CF
4L

# မြန်မာနိုင်ငံ၏ Doing Business Ranking တိုးတက်ရေးတွင် အရေးပါလာမည့် (e-CO)အွန်လိုင်းစနစ်ဖြင့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ထုတ်ပေးမှု ၂၀၁၉ ဧပြီလ ၁ ရက်နေ့မှ စတင်အသုံးပြုတော့မည်



မြန်မာနိုင်ငံ၏ Ease of Doing Business Ranking တိုးတက်ရေးအတွက် တာဝန်ရှိသူများ အနေနဲ့နှစ်အလိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပေမယ့် ယခင်နှစ်တွေမှာတော့ ရလဒ်ပိုင်းအနေနဲ့တိုးတက်မှုနှေးကွေးတဲ့အနေအထားတစ်ခုဖြစ်နေခဲ့ပါတယ်။ ဒီအတွက်လည်း Ease of Doing Business တိုးတက်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးအနေနဲ့ ၂၀၂၀ Report မှာ Ranking တိုးတက်စေဖို့သက်ဆိုင်ရာ Indicator အလိုက် Case Study၊ Reform Memo၊ Action Plan ၊ Possible Reform ဆိုပြီးအပိုင်း (၄) ပိုင်းခွဲခြားပြီး ဆောင်ရွက်စေခဲ့ပါတယ်။ ဒီအထဲမှာ Case Study ပိုင်းဖြစ်တဲ့ ယခင်ဆောင်ရွက်ခဲ့တဲ့ reform တွေပေါ်မှာ အားသာချက်၊ အားနည်းချက်တွေကိုဖော်ထုတ်ပြီး ရှေ့ဆက်သွားမယ့် မူဝါဒလုပ်ငန်းစဉ်များကို ဖော်ထုတ်ပြင်ဆင်ဆောင်ရွက်ခဲ့သလို 2019 Report မှာ Ranking တိုးတက်မှုအကောင်းဆုံးနိုင်ငံ ၁၀ ခုရဲ့ reform တွေကို လေ့လာသုံးသပ်စေခဲ့ပါတယ်။ စိတ်ဝင်စားဖွယ်ရာ တွေ့ရှိချက်ကတော့ ဒီနိုင်ငံတွေအားလုံးမှာ သူတို့ရဲ့လုပ်ငန်းစဉ်တွေကို ICT နည်းပညာအသုံးပြုအီလက်ထရောနစ် စနစ်ပြောင်းလဲပြီး အွန်လိုင်းဝန်ဆောင်မှုပေးနိုင်ခဲ့ခြင်းဆိုတဲ့ တူညီတဲ့လုပ်ငန်းစဉ်ပဲဖြစ်ပါတယ်။

Trading Across Borders Indicators အနေနဲ့ ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက်ဖြစ်ပေါ်နေတဲ့ အတားအဆီးလိုအပ်ချက်များမူဝါဒများကို ဖြေလျှော့ပြင်ဆင်ပြီး အချိန်ငွေကြေး(Time & Cost) လျှော့ချနိုင်ဖို့ ကုန်သွယ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်မှာ ပါဝင်တဲ့ ဌာနများပူးပေါင်းဆောင်ရွက်ပြီး ICT နည်းပညာအသုံးချပြီး Single Window စနစ်အထိ ရောက်ရှိအကောင်အထည်ဖော်ဖို့ဦးတည်ဆောင်ရွက်နေတာလည်း ဖြစ်ပါတယ်။ ဒီအတွက်လည်း ကုန်သွယ်ရေးဦးစီးဌာနက Myanmar Tradenet Website အသုံးပြု အွန်လိုင်းပို့ကုန်သွင်းကုန်လိုင်စင်စနစ် (IELPS) ပို့ကုန်သွင်းကုန်ကုမ္ပဏီမှတ်ပုံတင်စနစ်(IECRS) တို့ဖြင့် အွန်လိုင်း ဝန်ဆောင်မှုများဆောင်ရွက်ပေးခဲ့သလို အကောက်ခွန်ဦးစီးဌာနအနေနဲ့လည်း အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များအတွက် (MACCS) စနစ်အားအကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆိပ်ကမ်းရှင်းလင်းမှုလုပ်ငန်းစဉ်များအတွက်လည်း ePorts စနစ်ကို ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဒါတွေဟာ ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက်လုံးအတွက် National Single Window စနစ်ပေါ်ပေါက်လာစေဖို့ များစွာအထောက်အကူဖြစ်စေပြီး Single Submission, Single Decision, Single & Synchronous လုပ်ငန်းစဉ်များဖြစ်ပေါ်လာစေမှာလည်းဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တဲ့အတွက် ASEAN Single Window (ASW) စနစ်အကောင်အထည်ဖော်နိုင်ဖို့ Agreement to Establish and Implement the ASEAN Single Window အတွက် သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သလို အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) blue print မှာလည်း ကုန်စည်များလွတ်လပ်စွာစီးဆင်းနိုင်စေဖို့အတွက် ASW စနစ်ကိုအကောင်အထည်ဖော်ဖို့ သဘောတူကြပြီးဖြစ်ပါတယ်။ ASW လုပ်ငန်းစဉ်တွေထဲမှာ အာဆီယံနိုင်ငံအချင်းချင်း ကုန်သွယ်မှုလုပ်ငန်းရပ်များအတွက် အရေးပါတဲ့လုပ်ငန်းရပ်တွေဖြစ်တဲ့ အကောက်ခွန်ရှင်းလင်းရေးအချက်အလက် (ED/ID) ဖလှယ်ခြင်းနဲ့အကောက်ခွန် သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံ လက်မှတ် (Certificate of Origin-CO Form) အချက်အလက်များ လဲလှယ်ခြင်းတို့ဟာ အဓိကလုပ်ငန်းစဉ်များဖြစ်ပါတယ်။

CO ထုတ်ပေးမှုဆိုတာကတော့ WTO အဖွဲ့ဝင်နိုင်ငံများအတွင်း ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအတွက် တစ်ဖက်သတ် အခွင့်အရေးပေးသည့် အစီအစဉ်များနှင့် မြန်မာနိုင်ငံမှပါဝင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာ စာချုပ်ဝင် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် အကောက်ခွန်နှုန်း လျှော့ချသည့် အစီအစဉ်များအတွက် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်(Certificate of Origin-CO Form) ထုတ်ပေးဆောင်ရွက်ရသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။

အဆိုပါအကောက်ခွန်သက်သာခွင့်ထုတ်ပေးမှုလုပ်ငန်းစဉ်များအား ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ယူစိစစ်ထုတ်ပေးဆောင်ရွက်နေပြီး ယခင်က Document Paper ဖြင့် ထုတ်ပေးနေမှုမှ Onlie Application စနစ်သို့ပြောင်းလဲဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါ e- CO Application System တွင် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် CO Form (၉) မျိုး၊ အာဆီယံကုန်စည် ကုန်သွယ်ရေး သဘောတူစာချုပ်အရ ပြည်ပမှသွင်းကုန်-ကုန်ကြမ်းပါဝင်ထုတ်လုပ်သော ထုတ်ကုန်များအတွက် စက်မှုထုတ်ကုန်မှတ်ပုံတင်လက်မှတ် ( Certificate of Product Registration )နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ရှေ့ပြေးစီမံကိန်းအဖြစ် ဆောင်ရွက်လျက်ရှိသော ထုတ်လုပ်တင်ပို့သူကိုယ်တိုင်ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်စနစ် ( Self-certification System )အား အသုံးပြုမည့် ပို့ကုန်လုပ်ငန်းရှင်များအတွက် အတည်ပြု ပို့ကုန်တင်ပို့သူ ( Certified Exporter-CE)အဖြစ် မှတ်ပုံတင်လျှောက်ထားခြင်း အစရှိသော လုပ်ငန်းစဉ်များပါဝင်မှာဖြစ်ပါတယ်။ လျှောက်ထားရာမှာ အာဆီယံနိုင်ငံအချင်းချင်းသာမက ဩစတြေးလျ၊ နယူးဇီလန်၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ အိန္ဒိယ၊ အီးယူနိုင်ငံများအပါအဝင် GSP အခွင့်အရေးပေးနေသည့် WTO အဖွဲ့ဝင် ဖွံ့ဖြိုးပြီးနိုင်ငံ ၃၉ နိုင်ငံမှပေးသော တစ်ဖက်သက်အကောက်ခွန်အခွင့်အရေးများအတွက် ထုတ်ပေးသော နိုင်ငံများအတွက်ကို ထုတ်ပေးဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

အဆိုပါ e-CO Application စနစ်အား GIZ အဖွဲ့အစည်း၏ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Trade Development Program-TDP) အထောက်အပံ့ဖြင့် အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းမှစတင်ကာ စမ်းသပ်လျှောက်ထားခြင်းများကို စိစစ်လက်ခံဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်မှစတင်၍ လျှောက်ထားမှုလုပ်ငန်းစဉ်အားလုံးကို အွန်လိုင်းစနစ်ဖြင့်သာ လက်ခံဆောင်ရွက်ပေးတော့မှာဖြစ်ပါတယ်။ ယခင် Manual စနစ်နဲ့ ဆောင်ရွက်တဲ့နေရာမှာ ရုံးဌာနသို့လူကိုယ်တိုင်လာရောက်ရခြင်း၊ ပူးတွဲတင်ပြရတဲ့အထောက်အထား (၉)မျိုးခန့်ရှိပြီး ယခုအွန်လိုင်းစနစ်မှာတော့ ဒီအထောက်အထားတွေ အားလုံးထဲက တစ်ဝက်ခန့်ကိုသာ ထည့်သွင်းဖော်ပြပေးရန် လိုအပ်တော့မှာဖြစ်ပြီး ကျန်အချက်အလက်တွေကိုတော့ ဆက်စပ် Application စနစ်အချင်းချင်းချိတ်ဆက်စစ်ဆေးနိုင်ခြင်း၊ လျှောက်ထားမှုအတွက် လိုအပ်သည့် ကျသင့်ငွေပေးချေမှုကိုလည်း အွန်လိုင်းပေါ်မှ ပေးချေနိုင်မှာဖြစ်ပြီး လျှောက်ထားသူမှ Electronic Data Format ဖြင့် အွန်လိုင်းမှ ပြန်လည်ထုတ်ယူနိုင်တော့မှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ကုန်သွယ်ဖက်နိုင်ငံများနဲ့ Data ချိတ်ဆက်ဖလှယ်ရေး e-Signature အသုံးပြုထုတ်ပေးနိုင်ရေးတို့အား အဆင့်လိုက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ယခုလို အီလက်ထရောနစ် စနစ်ပြောင်းလဲနိုင်ခဲ့မှုအတွက် အချိန်ငွေကြေး များစွာလျှော့နည်းသက်သာစေပြီး ကုန်သွယ်မှုလုပ်ငန်းတွေမှာပိုမိုလျင်မြန်ချောမွေ့လာတော့မှာဖြစ်ပါတယ်။

ဒါကြောင့် Trading Across Borders Indicators အနေနဲ့ကုန်သွယ်မှု လုပ်ငန်းစဉ်အတွက် အရေးပါတဲ့CO ထုတ်ပေးမှုစနစ်ကိုအီလက်ထရောနစ်စနစ်ဖြင့် ပြောင်းလဲဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်မှာ စတင်အသုံးပြုမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ 2020 Doing Business Ranking တိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်ပေါ်စေမှာဖြစ်သလို နိုင်ငံရဲ့ National Single Window စနစ်အကောင်အထည်ဖော်မှုမှာလုပ်ငန်းစဉ်မှာလည်း အရေးပါတဲ့ခြေလှမ်းတစ်ရပ်အဖြစ် တည်ရှိနေတော့မှာဖြစ်ပါတယ်။ **မျိုးကေဝင်း**

# လျှော်ဖြူစေးအမှုန့်အား ချည်မျှင်နှင့်အထည်လုပ်ငန်းများတွင် ထည့်သွင်းသုံးစွဲနိုင်ရေး ဆွေးနွေးညှိနှိုင်း

ကမ္ဘာပေါ်တွင် လျှော်ဖြူစေး(ခ)ဆေးကုလားမကိုလွှန်ခဲ့သော နှစ်ပေါင်း (၁၀၀) ခန့်ကတည်းက စီးပွားဖြစ်အသုံးပြု၍ ရောင်းဝယ်ဖောက်ကားလျက်ရှိကြောင်းသိရှိရသည်။ အစားအသောက်များတွင်သာမက ဆေးဝါးပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းသုံးလုပ်ငန်းများဖြစ်သည့် စက္ကူစက်ရုံများ၊ သားရေစက်ရုံများ၊ ချည်မျှင်နှင့်အထည်လုပ်ငန်းများ ဖန်ထည်မှန်ထည်လုပ်ငန်းများတွင် အသုံးပြုလျက်ရှိကြပါသည်။

သုတေသန စာတမ်းများအရ လျှော်ဖြူစေးထွက်ရှိမှု၏ (၁၀) ရာခိုင်နှုန်းခန့်ကိုသာ စားသောက်ကုန်လုပ်ငန်းများတွင် အသုံးပြုပြီး ကျန်ပမာဏကို ဆေးဝါးလုပ်ငန်း၊ အလှကုန်နှင့်စက်မှုလုပ်ငန်းများတွင် အများဆုံးအသုံးပြုကြကြောင်းသိရှိရပါသည်။ ယခင်က မြန်မာနိုင်ငံတွင် လျှော်ဖြူကိုအလေ့ကျပေါက်ပင်များမှအစေးများ ထုတ်ယူသုံးစွဲခဲ့ကြသော်လည်း ယနေ့အချိန်တွင်နေရာဒေသအနှံ့အပြားတွင် စီးပွားဖြစ်စိုက်ခင်းများ ဖော်ဆောင်၍ စနစ်တကျ စိုက်ပျိုးထုတ်လုပ်လာကြပြီဖြစ်ပါသည်။ ထွက်ရှိလာသော အစေးများကို ပြည်ပဝယ်လက်များထံ ရောင်းချမှုများရှိသကဲ့သို့ ပြည်တွင်းတွင်လည်းအချိုရည်များ၊ ငှက်သိုက်များနှင့်စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်၍ရောင်းချလျက်ရှိနေကြောင်း တွေ့ရှိရပါသည်။ သို့သော်စက်မှုကုန်ကြမ်းများအဖြစ်သုံးစွဲနိုင်ခြင်းမရှိသေးပေ။ ထို့ကြောင့် ကုန်ကြမ်းအဖြစ် တင်ပို့ရောင်းချသကဲ့သို့ပြည်တွင်းတွင် လျှော်ဖြူစေးအား တန်ဖိုးမြှင့်သုံးစွဲနိုင်ရေးအတွက် ရှာဖွေဖော်ထုတ်၍ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ထို့ကြောင့်မတ်လ ၂၂ရက်နေ့က စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းနှင့် အဖွဲ့သည်မြန်မာနိုင်ငံမှထွက်ရှိသည့် လျှော်ဖြူစေးများအား ချည်မျှင်နှင့်အထည်လုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့ရှိ ဆောင်းဒါးယက္ကန်းသင်တန်းကျောင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ သင်တန်းကျောင်း၌ ချည်မျှင်လုပ်ငန်း၊ ယက္ကန်းလုပ်ငန်းများတွင် သဘာဝဆိုးဆေးများကိုသာ အသုံးပြုကြသော်လည်း လျှော်ဖြူစေးအား ထည့်သွင်းအသုံးမပြုသေးကြောင်း သိရှိရပါသည်။ ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြည်ပနိုင်ငံများတွင် ချည်မျှင်နှင့်အထည်လုပ်ငန်းများ၌လျှော်ဖြူစေးအား ထည့်သွင်းအသုံးပြုလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင်လည်း စမ်းသပ်သုံးစွဲ၍ သုတေသနပြုလုပ်သင့်ပါကြောင်း၊ ထိုသို့ ကျယ်ပြန့်စွာ အသုံးပြုနိုင်လျှင် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

ထို့နောက်စမ်းသပ်သုတေသနပြုလုပ်နိုင်ရေးအတွက် လျှော်ဖြူစေးအမှုန့်များအား သင်တန်းကျောင်းမှတာဝန်ရှိသူများထံ ပေးအပ်ခဲ့ပါသည်။ သင်တန်းကျောင်းမှ စမ်းသပ်သုတေသနပြုလုပ်၍တွေ့ရှိချက်များအား တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**အောင်ဆန်းလင်း**(DOCA)

# အရှေ့-အနောက် စီးပွားရေးစင်္ကြံတစ်လျှောက် အရေးပါသည့်

# jrefm-xdkif;csdwfqufa&;wHwm; trSwf(2)

|မောင်လွင်ပြင်|

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကရင်ပြည်နယ် ခရီးစဉ်ကို မတ် ၁၈ တွင် စတင်ခဲ့၏။ ယင်းနေ့တွင် ဘားအံမြို့သို့ ရောက်ရှိနေပြီး ဒေသခံပြည်သူများနှင့် လူထုတွေ့ဆုံပွဲ ပြုလုပ်ခဲ့သည်။ ဒေသခံပြည်သူများ၏ မေးမြန်းမှု၊ ကြုံတွေ့နေရသည့် အခက်အခဲများကို ရင်းရင်းနှီးနှီး ပြောကြားဖြေရှင်းပေးခဲ့သည်။ မတ် ၁၉ ရက်တွင် ဘားအံမြို့မှ မြဝတီမြို့သို့ ရဟတ်ယာဉ်ဖြင့် ဆက်လက် ထွက်ခွာသည်။ မြဝတီမြို့တွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) ဖွင့်ပွဲ အခမ်းအနား တက်ရောက်ရန်ဖြစ်သည်။ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)သည် နှစ်နိုင်ငံ ပြည်သူများအတွက် အရေးကြီးသလို ဒေသတွင်းအတွက်လည်း ဆက်သွယ်ရေး အချက်အချာကျသော တံတားဖြစ်သည်။

တံတားဖွင့်ပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပရာယုဒ်ချန်အိုချာတို့ တက်ရောက် ဖွင့်လှစ်ပေးခဲ့၏။ ထို့ပြင် နှစ်နိုင်ငံ ခေါင်းဆောင်တို့သည် တံတားရှင်းလင်းဆောင်၌ တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးကြသည်။ တံတားဖွင့်ပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှုတ်ခွန်းဆက် အမှာစကားပြောသည်။ အမှာစကားပြောကြားရာတွင် မြန်မာ-ထိုင်း သံတမန်ဆက်ဆံရေးအကြောင်း ထည့်ပြောသည်။ မြန်မာနှင့် ထိုင်း သံတမန်ဆက်ဆံရေးကို ၁၉၄၈ ဩဂုတ် ၂၄ ရက်တွင် စတင်ထူထောင်သည်။ ၂၀၁၈ ခုနှစ်တွင် သံတမန်ဆက်သွယ်မှု နှစ် ၇၀ ပြည့်အခမ်းအနား ကျင်းပခဲ့ပြီး နှစ် နိုင်ငံဆက်ဆံရေးကိုလည်း သဘာဝအလျောက်မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (National Strategic Partnership) အဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့သည်။ နှစ်နိုင်ငံ ပြည်သူများ အကျိုးစီးပွား ပိုမို မြှင့်တင်နိုင်ရေး ထိုင်းနိုင်ငံနှင့် လက်တွဲဆောင်ရွက်ရန် မြန်မာနိုင်ငံက အမြဲ အဆင်သင့်ရှိသည်ဟုဆိုသည်။ ထို့ပြင် ချစ်ကြည်ရေးတံတား အမှတ်(၂) ပေါ်ပေါက်လာပုံကိုလည်း ဒေါ်အောင်ဆန်းစုကြည် ထည့်သွင်း ပြောကြားခဲ့ပါသေးသည်။ ယင်းတံတားသည် မဲခေါင်ဒေသအတွက် အရေးပါသော တံတားဖြစ်သည်။

ယင်းတံတားအမှတ်(၂) ကို မိုးအိ/ သောင်ရင်းမြစ်ကိုဖြတ်ပြီး မြန်မာနိုင်ငံဘက် မြဝတီမြို့နှင့် ထိုင်းနိုင်ငံဘက် မဲဆောက်မြို့နယ် တာ့ခ်ခရိုင်တို့ကို ဆက်သွယ်ထားသည်။ ၂၀၁၂ ခုနှစ် မေလအတွင်း မြန်မာ-ထိုင်း နှစ်နိုင်ငံအဖွဲ့များ နယ်စပ်တွင် စတင်ကွင်းဆင်း စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ တံတားပန္နက်တင်အခမ်းအနားကို ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း ကျင်းပခဲ့သည်။ တံတား တည်ဆောက်ရေးကာလ လေးနှစ်ကြာခဲ့သည်။ ချစ်ကြည်ရေးတံတားအမှတ် (၂) သည် နှစ်နိုင်ငံအကြား ရုပ်ပိုင်းဆိုင်ရာ ပေါင်းစည်းဆက်နွယ်မှုကိုသာမက နှစ် နိုင်ငံပြည်သူများအကြား ထိတွေ့ ပေါင်းစည်းဆက်နွယ်မှုကိုလည်း တိုးမြှင့်ပေးနိုင်မည်ဟု ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည်။ ချစ်ကြည်ရေးတံတားအမှတ် (၂) သည် မဟာမဲခေါင်ဒေသခွဲစီးပွားရေးစင်္ကြံကိုဖြတ်ကျော်ပြီး အရှေ့-အနောက် စီးပွားရေးစင်္ကြံတစ်လျှောက်ရှိ အရှေ့တောင်အာရှနိုင်ငံများကို ဆက်သွယ်ပေးသည့် အစိတ် အပိုင်းတစ်ခုဖြစ်လာမည် ယုံကြည်ဟုလည်း ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည်။ သည်နေရာတွင် စီးပွားရေးစင်္ကြံလမ်းကြောင်းဆိုင်ရာ အခြေအနေများ ရှင်းပြဖို့လိုလာသည်။

တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative -BRI) အရ မြန်မာနိုင်ငံအတွင်း၌ စီးပွားရေးစင်္ကြံလမ်း စီမံကိန်းများ ဆောင်ရွက်ရန် အစီအစဉ်ရှိသည်။ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်မည့် စီးပွားရေးစင်္ကြံလမ်းကြောင်းများသည် ယူနန်ပြည်နယ်က အစပြုတာထွက်မည်။ ယူနန်ပြည်နယ်ကူမင်းမြို့မှ မြန်မာနိုင်ငံ မူဆယ်မြို့သို့ ရထားလမ်းဖြင့် ဆက်သွယ်မည်။ မူဆယ်နှင့် မန္တလေးရထားလမ်းဖြင့် ချိတ်ဆက်မည်။ ယခု မူဆယ်-မန္တလေးရထားလမ်း ဖောက်လုပ်ရန် လမ်းအူကြောင်းရှာနေသည်။ ရထားလမ်းစီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာတိုင်းတာခြင်းလုပ်ငန်းကိုလည်း တရုတ်ကုမ္ပဏီတစ်ခုဖြစ်သော CREC ကုမ္ပဏီက နှစ်နှစ်အတွင်းအပြီး ဆောင်ရွက်ရန် စတင်နေသည်။ မူဆယ်-မန္တလေး ရထားလမ်း စီမံကိန်း ၂၀၂၀ ပြည့်လောက်တွင် စတင်နိုင်မည်ဟုလည်း နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးထားသည်။ မန္တလေးအထိ ရထားလမ်းပေါက်ပြီဆိုလျှင် ကူမင်း-မန္တလေး-ကျောက်ဖြူရေနက် ဆိပ်ကမ်းဆိုပြီး အရှေ့မြောက်-အနောက်တောင် စီးပွားရေး စင်္ကြံလမ်းတစ်ကြောင်းပေါ်မည်။ ကူမင်း-မန္တလေး-ရန်ကုန်မြို့သစ်၊ သီလဝါ အထူး စီးပွားရေးဇုန်ဆိုပြီး တောင်-မြောက် စီးပွားရေး စင်္ကြံလမ်းတစ်ကြောင်းလည်းပေါ်မည်။ အရှေ့-အနောက်စီးပွားရေး စင်္ကြံလမ်းကြောင်းကတော့ ရန်ကုန်-မြဝတီ-မဲဆောက်ဆိုပြီး လမ်းတစ်ကြောင်း လျာထားချက်ရှိသည်။ ထို့ကြောင့် မြဝတီနှင့် မဲဆောက်ကို ချစ်ကြည်ရေးတံတားအမှတ် (၂) ဖြင့် ချိတ်ဆက်ထားပြီဖြစ်ရာ ချစ်ကြည်ရေးတံတား အမှတ် (၂) သည် အရှေ့-အနောက် စီးပွားရေးစင်္ကြံအတွက် အရေးပါသည့် တံတားဖြစ်လာခြင်းဖြစ်သည်။ ထို့ပြင် ယင်းတံတားအမှတ်(၂)ပြီးစီးသွားသည့်အတွက် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁) တွင် ယာဉ်ကြောပိတ်ဆို့မှုများ ကင်းရှင်းသွားမည်။ နှစ်နိုင်ငံပြည်သူများလည်း လွတ်လပ်စွာ သွားလာနိုင်မည်။ နှစ်နိုင်ငံ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားကဏ္ဍတို့လည်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုကျယ်ပြန့်လာမည်။ ပို့ဆောင်ရေးကဏ္ဍ၊ ယဉ်ကျေးမှုဖလှယ်ရေးကဏ္ဍနှင့် နှစ်နိုင်ငံ ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုကဏ္ဍများတွင်လည်း ပိုမိုထိရောက်အကျိုးရှိလာမည်ဟု ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည်။

မြန်မာ-ထိုင်းချစ်ကြည်ရေး တံတားအမှတ် (၂) သည် မဟာ မဲခေါင်ဒေသအတွက် အသက်တမျှ အရေးပါသည်ဟုဆိုလျှင် မဟာ မဲခေါင်ဒေသအကြောင်းကိုလည်း လေ့လာထားရမည်။ မဟာမဲခေါင် ဒေသထဲတွင် မြန်မာနိုင်ငံအပါအဝင် တရုတ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် နိုင်ငံစသည့် ခြောက်နိုင်ငံတည်ရှိနေသည်။ မဟာ မဲခေါင်ဒေသဖွံ့ဖြိုးရေးအတွက် ယင်းခြောက်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေသည်။ နိုင်ငံအချင်းချင်းလည်း ဖေးကူထောက်ပံ့ခြင်းဖြင့် လက်တွဲလုပ်ဆောင်နေသည်။ တရုတ်နိုင်ငံသည် မဟာမဲခေါင် ဒေသအဖွဲ့ဝင် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေများ ပေးအပ်နေသည်။ လန်ချန်း- မဲခေါင်ပူးပေါင်းဆောင်ရွက်မှုဆိုသည်မှာ လန်ချန်းမြစ်နှင့် မဲခေါင်မြစ်ကမ်းရိုးတန်းနိုင်ငံခြောက်နိုင်ငံဖြစ်သော တရုတ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ အတူတကွ ပူးပေါင်းဆောင်ရွက်မှုစနစ်ကိုဆိုလိုသည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုစနစ်ကို ၂၀၁၄ ခုနှစ်တွင် နေပြည်တော်၌ ကျင်းပသည့် တရုတ်-အာဆီယံ ခေါင်းဆောင်များအစည်းအဝေး၌ ပထမဆုံးအကြိမ် အဆိုပြုခဲ့သည်။ ၂၀၁၆ ခုနှစ်မတ်လတွင် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ် ခေါင်းဆောင်များ အစည်းအဝေးကို တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်စန်းရမြို့၌ ကျင်းပနိုင်ခဲ့သည်။ လန်ချန်း-မဲခေါင်ပူးပေါင်း ဆောင်ရွက်မှု အထူးရန်ပုံငွေအရ တရုတ်နိုင်ငံက နိုင်ငံခြောက်နိုင်ငံမှ တင်ပြသည့် အသေးစား၊ အလတ်စား ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများအတွက် ငါးနှစ်အတွင်း ဒေါ်လာ သန်း ၃၀၀ ထောက်ပံ့မည်ဟု ကြေညာထားသည်။ ထို့ပြင် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၁၈ စီမံကိန်း သဘောတူစာချုပ်ကိုလည်း တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ နေပြည်တော်၌ ဇန်နဝါရီ ၂၃ ရက်က ရေးထိုးပြီးဖြစ်သည်။ ယင်း သဘောတူစာချုပ်အရ မြန်မာနိုင်ငံ ဝန်ကြီးဌာန ရှစ်ခုတွင် ဆောင်ရွက်မည့် စီမံကိန်း ၁၉ ခုအတွက် တရုတ်နိုင်ငံက ငွေကြေးထောက်ပံ့ပေးမည်ဖြစ်သည်။ သဘောတူစာချုပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးမြင့်သူနှင့် တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ လန်ချန်း-မဲခေါင် ပူးပေါင်း ဆောင်ရွက်မှု အထူးရန်ပုံငွေ ဒုတိယအသုတ် ၂၀၁၈ ဖြင့် ဝန်ကြီးဌာနရှစ်ခုက စီမံကိန်း ၁၉ ခုအတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်ဟု တရုတ်နိုင်ငံ သံရုံးက သတင်းထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံက ဆောင်ရွက်ခွင့်ရသည့် စီမံကိန်းများမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ရေထွက် ပစ္စည်း အချောကိုင်ရေး၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေး၊ အိမ်မွေး ပိုးမျှင်ကောင်သုတေသနပြုမွေးမြူရေး၊ ICT ဖွံ့ဖြိုးတိုးတက်ရေး၊ စားသောက်ကုန်အန္တရာယ် ကင်းရှင်းရေးစသည်တို့ဖြစ်သည်။

**ကိုးကား။ ၂၀-၃-၂၀၁၉ ထုတ်ကြေးမုံ**
**သတင်းစာ၊ တရုတ်သံရုံး**
**သတင်းထုတ်ပြန်ချက်များ၊**
**အင်တာနက်သတင်းများ။**
**စာရေးသူ၏ အာဘော်သာဖြစ်သည်။**



## မြန်မာနိုင်ငံ ရေသန့်လုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ရေသန့်လုပ်ငန်းရှင်အသင်း (မွန်ပြည်နယ်အသင်းခွဲ) ဖွဲ့စည်းနိုင်ရေးတွေ့ဆုံဆွေးနွေး

ရေသန့်လုပ်ငန်းရှင်များအသင်း (မွန်ပြည်နယ်အသင်းခွဲ) ဖွဲ့စည်းနိုင်ရေးအတွက် မြန်မာနိုင်ငံရေသန့်လုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးရဲထွဋ်နှင့် ရေသန့်လုပ်ငန်းရှင်များအသင်း (မော်လမြိုင်အသင်းခွဲ) တို့ တွေ့ဆုံဆွေးနွေးခြင်းကို မတ်လ ၂၂ ရက်တွင် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ပြုလုပ်ခဲ့ရာ မော်လမြိုင်ခရိုင်အတွင်းရှိ ရေသန့်လုပ်ငန်းရှင် ၃၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ပထမဦးစွာ မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က နှုတ်ခွန်းဆက် စကားပြောကြားရာ၌ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အသင်းအဖွဲ့များ ဖွဲ့စည်းမှုကို အားပေးကူညီဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ တစ်ဦးတစ်ယောက်ချင်းမှ အသင်းအဖွဲ့ ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်နိုင်မှသာ လုပ်ငန်းများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းမည်ဖြစ်ပါ၍ လိုအပ်သည်များကို ညှိနှိုင်းပူးပေါင်း ပါဝင်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ စားသုံးသူထိခိုက်နစ်နာမှုအတွက် မိမိတို့ စားသုံးသူရေးရာဦးစီးဌာန (CICC) သို့ တိုင်ကြားမှုများရှိလျှင် နှစ်ဦးနှစ်ဖက် စေ့စပ်ညှိနှိုင်းပေးခြင်း၊ ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ တင်ပြဆုံးဖြတ်ချက်ရယူခြင်းတို့ကိုဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေသန့်လုပ်ငန်းရှင်များမှာ စီးပွားရေးလုပ်ငန်းရှင်များဖြစ်သည့်အတွက် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၉) ဖြင့် ပြဋ္ဌာန်းခဲ့သော စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင် ပြဋ္ဌာန်းထားရှိသော စီးပွားရေးလုပ်ငန်းရှင်များအတွက် ပြဋ္ဌာန်းချက်များကို ဖတ်ရှုလေ့လာ၍ ဆောင်ရန်/ရှောင်ရန် အချက်များကို မှတ်သား၍ ဝန်ဆောင်မှုပေးကြပါရန် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံရေသန့်လုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးရဲထွဋ်က မိမိအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့သွားရောက်၍ ရေသန့်လုပ်ငန်းရှင်အသင်းကို ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ယခုကဲ့သို့ ဖွဲ့စည်းရခြင်းမှာ ရေသန့်လုပ်ငန်းရှင်များတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို တစ်ဦးတစ်ယောက်တည်း ဖြေရှင်းခြင်းထက် အသင်းအဖွဲ့အလိုက် စည်းစည်းလုံးလုံး ညှိနှိုင်းတိုင်ပင်ဖြေရှင်းလျှင် ပိုမိုထိရောက်ပါကြောင်း၊ အသင်းအဖွဲ့ ဖွဲ့စည်းရခြင်းမှာ လုပ်ငန်းရှင်နှင့် ပြည်သူများအကြား ပြဿနာတွေကို ဖြေရှင်းရန်အတွက် Thirty Party အနေဖြင့် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ရေသန့်လုပ်ငန်းတွင် တရားမဝင်ရေထုတ်လုပ်မှုများရှိနေသဖြင့် ပြည်သူတွေရဲ့ ကျန်းမာရေးကို မထိခိုက်စေရန် ၎င်းတရားမဝင်ရေထုတ်လုပ်မှုများကို တားမြစ်ရမည်ဖြစ်ပါကြောင်း၊ စားသုံးသူတွေကို စေတနာထား၍ သန့်ရှင်းပြီး ကောင်းမွန်တဲ့ရေကို ထုတ်လုပ်ကြရန်နှင့် ယခုမွန်ပြည်နယ်အသင်းခွဲအဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြကြရန် ပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော ရေသန့်လုပ်ငန်းရှင်များက ၎င်းတို့ကြုံတွေ့နေရသော အခက်အခဲများကို တင်ပြမှုအပေါ် ဦးရဲထွဋ်မှ ပြန်လည်ဖြေကြား အကြံပြုဆွေးနွေးခဲ့ကြောင်း သိရခဲ့ပါသည်။

**မိုးမိုး (မွန်)**

## ဒီတစ်ပတ် ဓာတ်ဆီရောဒီဇယ်ပါ အဝင်လျော့

မတ်လ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၁၁၁၁၄၆၅ တန်ဖိုးရှိ ဒီဇယ် ၅၇၅၇၀ ဒသမ ၆၆ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၂၅၀၂၆၈၂ တန်ဖိုးရှိဓာတ်ဆီ ၂၆၂၄၂ ဒသမ ၁၆ တန်၊ စုစုပေါင်း ၈၃၈၁၂ ဒသမ ၈၂ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က ဒီဇယ်တန်ချိန် ၈၂၈၀၀ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင်တန်ချိန် ၂၅၂၃၀ ကျော် အဝင်လျော့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၆၃၃၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၇၀၉၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရောဓာတ်ဆီပါ တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၁၇၃၀၆ တန်ဖိုးရှိဒီဇယ် ၃၄ဒသမ ၂၄တန်တင်သွင်းခဲ့သလိုမြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၄၃၂၁၁၀ တန်ဖိုးရှိ ဒီဇယ် ၁၁၅၅၀ဒသမ ၀၇ တန်နဲ့ အမေရိကန်ဒေါ်လာ ၈၂၂၇၀၆ တန်ဖိုးရှိဓာတ်ဆီ ၁၇၈၅ ဒသမ ၈၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

## ပြည်မြို့ ကိုးသောင်းစည်ပင်ဈေးအတွင်း ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိစေရေး ကွင်းဆင်းစစ်ဆေး

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၊ ပြည်မြို့ ကိုးသောင်းစည်ပင်သာယာဈေးသို့ မတ် ၂၈ ရက်တွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးငြိမ်းဦးဆောင်၍ ခရိုင် FDA၊ မြို့နယ်ကျန်းမာရေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်းကာ စားသုံးသူပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဈေးကွက်အတွင်း ရောင်းချနေသော ထုတ်ကုန်များတွင် FDA မှ တရားဝင်ထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့် ကုန်စည်များ ရောင်းချမှုမရှိစေရေး၊ သက်တမ်းလွန်ကုန်စည်များရောင်းချမှုမရှိစေရေး၊ အစားအသောက်များ ရောင်းချရာတွင် သန့်ရှင်းမှုရှိစေရေး၊ ထောက်ခံချက်ရှိသော ကုန်စည်များ ရောင်းချမှုရှိစေရေးများ စစ်ဆေးဆောင်ရွက်ခဲ့သလို စားသောက်ကုန်ရောင်းချသောဆိုင်ရှင်များအား (၂၀၁၉) စားသုံးသူအကာ အကွယ်ပေးရေးဥပဒေပါ အချက်အလက်များ၊ စားသောက်ကုန်များတွင် ကုန်အညွှန်း အမှတ်အသားများ ဖော်ပြခြင်းများကို လုပ်ငန်းရှင်များလိုက်နာဆောင်ရွက်စေရန် အတွက် ဆွေးနွေးရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

## ကသာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၆)ကြိမ်မြောက် (၃/၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၁ ရက်တွင် ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ ဥက္ကဋ္ဌရုံးခန်း၌ ကျင်းပပြုလုပ်ခဲ့ရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင်များနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၆ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ကသာခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး ဦးအောင်မင်းက ၂၅ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဖေဖော်ဝါရီလအတွင်း စာသင်ကျောင်းများ၊ ကျေးရွာများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ၊ ကွင်းဆင်းစစ်ဆေးခြင်း၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အသိပညာပေးဆွေးနွေးခြင်း စုစုပေါင်း ၄၂ ကြိမ် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ကြော်ငြာစာအမှတ် (၃/၂၀၁၉)အား ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များမှ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးဆွေးနွေးခဲ့ပြီး ၂၀၁၉ ခုနှစ် ဧပြီလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ် (၄)ခုအား ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင်(ကသာ)**

## စလစ်ဈေးနှင့် ကားဈေးမြင့်တက်လာသော်လည်းအဝယ်ရှိ

မတ်လနောက်ဆုံးပတ်အတွင်း ရန်ကုန်မြို့ကား ဈေးကွက်၏ အခြေအနေမှာယခင် ရက်သတ္တပတ်များကဲ့သို့ပင် ဂျပန်ညာမောင်းအက္ခရာနိမ့် ကားလေးများနှင့် နယ် လိုင်စင်ကားသစ်များ အရောင်းအဝယ်ရှိနေပြီးစတိကားများနှင့် စလစ်ကပ်ကားများမှာ စလစ်ရှားပါးလာမှုနှင့်အတူ ဈေးကွက်အေးနေကြောင်း သိရသည်။

လတ်တလောဈေးကွက်အတွင်း အခြေအနေမှာ ၁၀ တန်း ဖြေဆိုပြီးနောက်ပိတ်ရက်များတွင် ရန်ကုန်မြို့ ကားပွဲစားတန်းနေရာများတွင် လူဝင်ကျဲသွားပြီး ဂျပန်ညာမောင်းအက္ခရာနိမ့်ကားများ၊ နံပါတ်ထွက်ပြီးနယ်လိုင်စင် ကျပ် ၂၀၀ သိန်းဝန်းကျင်နှင့် အထက်ကီလိုနည်း မိုဒယ်များအချို့သာပို၍ အရောင်းအဝယ်ဖြစ်ပြီး စတိနံပါတ်ကားများမှာ ပုံမှန်ဈေးသာရောင်းနေရကြောင်း၊ ပြည်တွင်းတပ်ဆင်ကားများလည်း တံဆိပ်ပေါ်မူတည်၍သာ လူကြိုက် နည်း/ များ ကွာခြားကြသည့်အပြင် ယာဉ်အိုယာဉ်ဟောင်းစလစ်တွဲဖက်မှသာ ရန်ကုန်လိုင်စင်ရရှိသဖြင့် ယင်းမှာစလစ်ဈေးမြင့်တက်ရာ အကြောင်းဖြစ်နေကြောင်း ဝါရင့်ဝယ်ရောင်းကိုမြင့်ကျော်ကပြောသည်။

ရန်ကုန်ဈေးကွက်တွင်းယခင်က မျှော်လင့်ချက်ကြီးခဲ့ကြသည့် ရန်ကုန်ကိုတာခွဲတမ်းစနစ်မှာလည်း ဗဟို ကော်မတီသို့ တင်ပြထားဆဲဟုကြားသိရသည့်အပြင် အချိန်ကြာလာသည်နှင့်အမျှ မျှော်လင့်ချက်နည်းပါးလာသဖြင့် ပြည်တွင်းတပ်ဆင်ကားများနှင့် ဘရန်းနယူးကား အရောင်းပြခန်းများမှာလည်း ရန်ကုန်စလစ်လိုအပ်ချက်ကြောင့် အပ်ကားများလိုက်လံဝယ်ယူသဖြင့် ပိုမိုရှားပါးလာပြီး စလစ်ဈေး ကျပ် ၁၃၉ သိန်းထိအမြင့်ဈေးဖြင့် ရောင်းချလာကြကြောင်း သိရသည်။

လက်ရှိလည်းအဆိုပါ စနစ်မှာရန်ကုန်တိုင်းဒေသကြီးအတွင်းမချမှတ်နိုင်သေးသည့်အတွက် ရန်ကုန်တွင် ယခုပြုလုပ်နေသည့် ကားလေလံပြပွဲများမှာ လုပ်ဆောင်ချက်ကောင်းသော်လည်း အဝယ်အသင့်တင့်သာရှိကြောင်း၊ လက်ရှိ ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားပြိုင်ပွဲရုံတွင် မတ် ၂၄ ရက်မှစ၍ ကားလေလံပွဲ ခင်းကျင်းပြသထားသလို လစဉ်တတိယပတ်တိုင်းကားလေလံပွဲများ ပြုလုပ်သွားမည်ဖြစ်ကာ လေလံဝယ်ယူသူများအရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ကြောင်း မော်တော်ယာဉ်ဈေးကွက် ဖွံ့ဖြိုးရေးကို ဦးတည်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရှိရသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် GE-5 (၂၀၁၂) | N | ၂၁၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ဘယ်လ်တာ (၂၀၁၂) | P | ၂၄၇ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဗွစ် (၂၀၀၃) | F | ၂၁၅ သိန်း | ၁.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | မတ်(ခ်)တူး (၂၀၀၂) | L | ၃၂၀ သိန်း | ၂.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ပါဂျဲရိုး (၂၀၀၀) | 9D | ၁၉၅ သိန်း | ၃.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | တိုရိုလာဗင် (၂၀၀၂) | E | ၁၃၅ သိန်း | ၂.၄ ဒီဇယ်၊ ရန်ကုန် |
| ၇။ | ပုဇင်းခေါင်း(ဂျပန်) (၂၀၀၁) | E | ၁၅၀ သိန်း | ၁.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ဆူဇူးကီးပစ်ကပ် (၂၀၀၇) | | ၁၀၀ သိန်း | ၀.၆ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | အပ်ကား (၂၀ နှစ်) | | ၁၃၀ သိန်း | |

# ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သူများအသင်း (ကသာဇုန်)တွင် အမေထွား(မြေပဲဆီသန့်) လုပ်ငန်းအဖွဲ့မှ အရည်အသွေးကောင်း မြေပဲစိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေးဆွေးနွေးပွဲကျင်းပ



ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (ကသာဇုန်) ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် စားသုံးသူရေးရာဦးစီးဌာန၊ ကသာခရိုင်ရုံးမှ ဇေယျာပဒေသာ ငွေရေးကြေးရေးအဖွဲ့၊ မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်း၊ အမေထွား(မြေပဲဆီသန့်) လုပ်ငန်းအဖွဲ့တို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ ဇေယျာပဒေသာ ငွေရေးကြေးရေးအဖွဲ့မှ မြေပဲစိုက်တောင်သူ ၃၃၆ ဦးသို့ ကျပ် ၁၀၀၈ သိန်း ချေးငွေရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သလို နည်းပညာ၊ မျိုးကောင်းမျိုး သန့်ရရှိရေးအတွက် အမေထွား (မြေပဲဆီသန့်) လုပ်ငန်းအဖွဲ့နှင့်ချိတ်ဆက် ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၉ ခုနှစ် မတ် ၂၃ - ၂၄ ရက်တို့တွင် ပဲမျိုးစုံစိုက်ပျိုး ထုတ်လုပ်သူများအသင်း(ကသာဇုန်) ဒုံးအော့ကျေးရွာ၌ အရည်အသွေးကောင်း မြေပဲစိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေးဆွေးနွေးပွဲအား နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သိရှိရပါသည်။

နည်းပညာဆွေးနွေးပွဲသို့ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်သူများ အသင်း(ကသာဇုန်)မှ တောင်သူ ၁၈၄ ဦး တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲ ပထမနေ့တွင် ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးအောင်မင်းနှင့်အသင်း နာယက ဦးတင်နေဝင်းတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် အမေထွား(မြေပဲဆီသန့်) လုပ်ငန်းအဖွဲ့ ဒါရိုက်တာ ဦးဌေးအောင်က ဆွေးနွေးရာတွင် အထွက်တိုးပြီး အရည်အသွေး စံချိန်စံညွှန်းမီ မြေပဲများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးမှာ နည်းပညာသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သဖြင့် ယခုကဲ့သို့ စိုက်ပျိုးရေးပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးပေးရခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေး ပညာရှင်များ၏ ပို့ချဆွေးနွေးမှုများကို သေချာမှတ်သား၍ လက်တွေ့အသုံးချစေလိုကြောင်း၊ ပဲအသင်း (ကသာဇုန်)သို့ မြေချဉ်ငန်ဓာတ်တိုင်းတာသည့်စက်အား လှူဒါန်းပေးမည်ဖြစ်ပြီး ထွက်ရှိလာသည့်မြေပဲများ အရည်အသွေးပေါ်မူတည်၍ ကြမ်းခင်းဈေး အနည်းဆုံး မြေပဲအတောင့် တစ်တင်း ကျပ် ၁၀၀၀၀ ဖြင့်ဝယ်ယူမည်ဖြစ်ပြီး နောင်နှစ်တွင် ပဲအသင်း (ကသာဇုန်) ၌ မြေပဲအထူးစမ်းသပ်စိုက်ကွင်းများကိုဖော်ဆောင်၍ မြေပဲစိုက်တောင်သူများအား ပညာရှင်များနှင့် လက်တွေ့နည်းပညာပေး ဆောင်ရွက်ပေးမည်ဟု သိရှိရပါသည်။

အရည်အသွေးကောင်း မြေပဲ စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေး ဆွေးနွေးပွဲနှစ်ရက်တာကာလအတွင်း စိုက်ပျိုးရေးပညာရှင် ဦးစိုးသွင်ဦးမောင်က ပို့ချဆွေးနွေးရာတွင် မြေချဉ်ငန်ဓာတ် တိုင်းတာနည်းစနစ်၊ မြေဆီလွှာပြုပြင်ရာတွင် အနည်းလိုဓာတ်၊ အများလို ဓာတ်တို့အား မည်သို့ထည့်သွင်းဆောင်ရွက်ရမည်ကို အသေးစိတ်ပို့ချခြင်းနှင့် ပဲတောင်သူများနှင့် အပြန်အလှန်ဆွေးနွေးခြင်း၊ မျိုးရွေးချယ်ခြင်း၊ မျိုးထိန်းသိမ်းခြင်း၊ မြေပဲပင်တို့၏ လက္ခဏာကိုကြည့်၍ မှိုရောဂါလား၊ ပိုးမွှားရောဂါကျတာလား ခွဲခြားတတ်စေရန်နှင့် ကျရောက်လာပါက ဆေးအမျိုးအစားရွေးချယ် နှိမ်နင်းတတ်စေရန်နှင့် ဘိုကာရှိသဘာဝ သစ်ရွက်ဆွေး မြေဩဇာပြုလုပ်နည်းတို့ကို လက်တွေ့ပြုလုပ်ပြသသင်ကြား ပို့ချပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ကျော်စိန်ဌေး (ကသာ)**

# အစေ့ထုတ်ပြောင်း စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ဈေးကွက်ထိုးဖောက်မှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူးပြီး အစေ့ထုတ်ပြောင်း စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ဈေးကွက်ထိုးဖောက်မှု အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို မတ် ၁၈ ရက်တွင် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့ရှိ အမှတ်(၂) အခြေခံပညာ အထက်ကျောင်းရှိ မြနီလာခန်းမ၌ ကျင်းပပြုလုပ်ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားသို့ ကချင်ပြည်နယ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးထွန်းတင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဖေသန်းဝင်းက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းအကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးဦးအောင်မြင့်က မျိုးရွေးချယ်ခြင်းနှင့် စိုက်ပျိုးနည်းစနစ်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဗန်းမော်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက တစ်ဧက အကျိုးအမြတ်အပေါ် သုံးသပ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းလွင်ဦးက အရည်အသွေးသတ်မှတ်ခြင်း၊ ဈေးကွက်ရှာဖွေခြင်းနှင့် ဈေးနှုန်းသတ်မှတ်ခြင်း ကိစ္စရပ်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အစေ့ထုတ်ပြောင်း ကုန်သည်လုပ်ငန်းရှင် ဦးဝင်းဇော်က သယ်ယူပို့ဆောင်မှုနှင့် ရောင်းဝယ်မှုပုံစံများ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးရှင်းလင်း ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား မေးခွန်းပေး၍ အုပ်စုလိုက် ဆွေးနွေးခြင်းများ၊ ဆွေးနွေးပွဲရလဒ်များ စုပေါင်းအဖြေရှာခြင်းနှင့် သုံးသပ် ဆွေးနွေးခြင်းများ ဆောင်ရွက်၍ အလုပ်ရုံဆွေးနွေးပွဲရလဒ်များ ထုတ်ဖော်ခဲ့ကြပါသည်။ ၎င်းနောက် ကချင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးဖေသန်းဝင်းက လိုအပ်သည်များဖြည့်စွက် ဆွေးနွေးခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး ပညာရှင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှပုဂ္ဂိုလ်များ၊ စိုက်ပျိုးရေး ဆောင်ရွက်နေသော တောင်သူများ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း လူဦးရေ ၅၆ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **ခွာညို (မနောမြေ)**

# ဖေဖော်ဝါရီလတွင် ရော်ဘာတင်ပို့မှု အနည်းငယ်လျော့ကျ

ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်) ရှိ ပို့ကုန်ဌာနစုမှ ဖေဖော်ဝါရီလအတွင်း အမေရိကန်ဒေါ်လာ တစ်သန်းကျော်တန်ဖိုးရှိ ရော်ဘာတန်ချိန် ၉၃၉၆ ဒသမ ၇၆ တန်အတွက် ပို့ကုန်လိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပြီး၊ ရော်ဘာ အမျိုးအစားများအနက် အများဆုံးတင်ပို့ရန် လျှောက်ထားလာသည့်အမျိုးအစားမှာ RUBBER R.S.S 3 ဖြစ်ပါသည်။ တင်ပို့မည့် နိုင်ငံများအနက် အများဆုံးတင်ပို့မည့် နိုင်ငံမှာ မလေးရှားနိုင်ငံဖြစ်ပြီး ဖေဖော်ဝါရီလအတွက် ရော်ဘာလိုင်စင် ထုတ်ပေးခဲ့မှု အခြေအနေမှာ ဇန်နဝါရီလ ရော်ဘာလိုင်စင်ထုတ်ပေးခဲ့မှု အခြေအနေနှင့် နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၈၇၆ ဒသမ ၂၈ တန်လျော့နည်းခဲ့ကြောင်း စာရင်းအင်းအချက်အလက်များအရ သိရှိရပါတယ်။ **ချိုချိုမာ (ရန်ကုန်)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

## ၁-၄-၂၀၁၉ မှ ၇-၄-၂၀၁၉ ရက်နေ့ထိ

### ဒေါ်မြတ်မြတ်အေး

### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အရာရာတွင်ဆန္ဒလွန်ကဲစွာဖြင့် လုပ်ကိုင်ပြောဆိုနေတတ်မည်။ ရွှေ၊ ဓာတ်သတ္တု၊ သန္တာ၊ ပုလဲ၊ သိုးမွေး၊ ဝါဂွမ်းများ ဈေးကောင်းလိမ့်မည်။ ၎င်းလုပ်ငန်းများလုပ်ကိုင်ပါက အကျိုးရှိမည်။ ပညာရေးအားတက်စရာတွေ့ကြုံရတတ်သည်။ မေတ္တာရေးနယ်ပယ်တွင်လက်တွေ့ဆန်သော အချစ်ဒဿနမျိုးဖြစ်လာတတ်သည်။ ကျန်းမာရေးပုံမှန်ရှိနေလိမ့်မည်။ ထွေထူးသောဝေဒနာမခံစားရတတ်ပါ။ **ယတြာ။ ။ကုံကော်ညွန့်လှူပါ။**



**တနင်္လာသားသမီးများအတွက်** ငွေကြေးအတွက်ရှာဖွေရန်နည်းလမ်းသစ်ရရှိတတ်သည်။ နိုင်ငံခြားသားများနှင့်ဆက်ဆံရခြင်း၊ ဆက်သွယ်ရခြင်းမျိုးကြုံလာတတ်သည်။ စီးပွားရေးတွင် သကြား၊ နှမ်း၊ ဆီတို့ဈေးမတည်ငြိမ်ဖြစ်နေမည်။ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်နေလိမ့်မည်။ အချစ်ရေးတွင် နှလုံးသားရေးအတွက် အာရုံထားမှုလျော့နည်းတတ်သည်။ ပညာရေး၊ လူမှုရေး၊ စီးပွားရေးရည်မှန်းချက်ကြီးမားစွာထားရှိတတ်သည်။ ကျန်းမာရေးပုံမှန်ရှိနေလိမ့်မည်။ **ယတြာ။ ။ ဆီးညွန့်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** ရှုပ်ထွေးသောအလုပ်ကိုရှင်းအောင်လုပ်ရတတ်သည်။ မိတ်ဆွေရင်း၊ ဆွေမျိုးတို့နှင့်ဆွေးနွေးတိုင်ပင်ရတတ်သည်။ ဆန်စပါး၊ ဝါဂွမ်း၊ ချည်ခင်၊ အပ်ချည်လုံး၊ ဂုန်လျှော်တို့နှင့်ပတ်သက်သောပစ္စည်းများဈေးတက်လိမ့်မည်။ သူတစ်ပါးနှင့်ပြိုင်ဆိုင်ရသော အခြေအနေများဖြစ်ပေါ်လာတတ်သည်။ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးနှင့်ပတ်သက်၍ ကံကောင်းနေမည်။ ကျန်းမာရေးချူချာတတ်သည်။ **ယတြာ။ ။ရွက်လှပန်းဘုရားလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အရာရာကိုစူးစမ်းလုပ်ကိုင်လို၍ ဆန္ဒနှင့်အညီလုပ်ကိုင်လိုတတ်သည်။ စီးပွားရေးအတွက် မိမိလိုလားချက်ကိုအရယူရန် ဆန္ဒနှင့်လောဘကပ်ငြိနေတတ်သည်။ ငွေကြေးရရန် အခက်အခဲတွေ့ရတတ်သည်။ ပညာရေးကြိုးပမ်းမှုအားကောင်းနေတတ်သည်။ ချစ်သူနှင့် ဝမ်းသာဖွယ်စကားမျိုးပြောရလိမ့်မည်။ ကျန်းမာရေးအတွက် အနည်းငယ်ထိခိုက်ပွန်းရှမိတတ်သည်။ ကျန်းမာရေး တိုးတက်ကောင်းမွန်လိမ့်မည်။ **ယတြာ။ ။ပျဉ်းမညွန့်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** ကံကြမ္မာအရဆန္ဒဖြစ်ရသည်များမှာ ဥစ္စာအတွက်လောဘဖြစ်ရတတ်သည်။ ရရန်ရှိပစ္စည်း၊ ငွေကြေးတို့ပြန်လည်ရရှိတတ်သည်။ စီးပွားရေးတွင် ဆေးဝါးများ၊ ဆီနှင့် ဝိုင်အရက်များ ဈေးကောင်းလိမ့်မည်။ ၎င်းလုပ်ငန်းများလုပ်လျှင် အောင်မြင်မှုရရှိလိမ့်မည်။ မေတ္တာရေးတွင် အဆင်ပြေမှုများကြုံရတတ်သည်။ ကျန်းမာရေးအနည်းငယ်ညံ့နေလိမ့်မည်။ **ယတြာ။ ။သီဟိုဠ်ညွန့်လှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးအဆင်ပြေစေရန် အကူအညီပေးတတ်သူများနှင့်ကြုံမည်။ ငွေကြေးအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာကြုံလာတတ်သည်။ ပညာရေးအကြံကောင်းရရှိမည်။ အချစ်ရေးတွင်ကြားခံအနှောင့်အယှက်များကြုံလာတတ်သည်။ လူမှုရေး၊ ပတ်ဝန်းကျင်နှင့်အဆင်ပြေမှုလျော့နည်းတတ်သည်။ ကျန်းမာရေးသင့်တင့်နေမည်။ **ယတြာ။ ။ သပြေညွန့်လှူပါ။**



**စနေသားသမီးများအတွက်** အကြံကောင်းဖြင့် လုပ်ငန်းဆောင်ရွက်ရလိမ့်မည်။ လုပ်ဆောင်ချက်များထဲတွင် ပေါ့ဆမှုကြောင့် အခွင့်အရေးဆုံးရှုံးရခြင်းမျိုးရှိတတ်သည်။ မော်တော်ယာဉ်ဈေးနှုန်းတည်ငြိမ်ခြင်းနှင့်ဈေးတက်လာခြင်းများဖြစ်လာနိုင်သည်။ ပညာရေးတွင် အားနည်းချက်ဝင်လာတတ်သည်။ အချစ်ရေးအဆင်ပြေမည်။ ကျန်းမာရေးကံကောင်းနေမည်။ **ယတြာ။ ။အုန်းညွန့်လှူပါ။**

# ရေနံချောင်း၌ ရှမ်းခရမ်းချဉ်နှင့် ဒေသထွက်ခရမ်းချဉ်ဈေး နှစ်ဆမြင့်တက်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်စိုက် ခရမ်းချဉ်နှင့်ရှမ်းပြည်နယ်က ဝင်သည့် ခရမ်းချဉ်များဈေးနှစ်ဆမြင့်တက်နေကြောင်း သိရသည်။ ရေနံချောင်းမြို့နယ် ဘူးကျွန်းကျေးရွာ၊ မန်မြေကျေးရွာ၊ ကျမ်းကိုင်ကျွန်းကျေးရွာနှင့် ဘုရားကုန်းကျေးရွာများကစိုက်သည့် ခရမ်းချဉ်များနှင့် ရှမ်းပြည်နယ်အင်းလေးဒေသမှထွက်သည့် ခရမ်းချဉ်များကို ရေနံချောင်းဈေးကွက်သို့ ရောင်းချရကြောင်း သိရသည်။

"ကျွန်မတို့ ခရမ်းချဉ်ဈေးကွက်မှာ ယခင်တစ်ပတ်က ရှမ်းခရမ်းချဉ် တစ်ပိဿာကျပ် ၈၀၀ သာရှိခဲ့ပြီး ယခုတစ်ပိဿာကျပ် ၁၄၀၀ ဒေသထွက်ခရမ်းချဉ် (ရေနံချောင်းမြို့နယ်ထွက်ခရမ်းချဉ်)က တစ်ပိဿာကျပ် ၆၀၀ ကနေ ယခုတစ် ပတ်တွင်ကျပ် ၁၂၀၀ ရှိသဖြင့် ယခုဈေးအရမ်းတက်တယ်"ဟုရေနံချောင်းမြို့မှ လက်လီရောင်းသူ မသန်းဝင်းက ပြောသည်။

လက်ရှိကိုင်းစိုက်တောင်သူများတွင်ယခင်တစ်ပတ်က ပိဿာချိန် ၆၀၀ နီးပါးဝင်သော်လည်း ယခုတစ်ပတ်မှာ ပိဿာ ၂၀၀ သာဝင်ပြီး ရှမ်းခရမ်းချဉ်ကို အားထား ရောင်းနေရကြောင်းသိရသည်။ **ဆန်းညွန့် (ရေနံချောင်း)**

# မုံရွာမြို့ ချင်းတွင်းရတနာဈေးရှိ စားသောက်ကုန်ပစ္စည်းများကို FDA မှ Mobile Lab ဖြင့် စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့ ချင်းတွင်းရတနာဈေးရှိ စားသောက်ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် စားသောက်ကုန်ပစ္စည်းများအား နမူနာဝယ်ယူပြီး Mobile Lab ဖြင့် စစ်ဆေးခြင်းကို မတ်လ ၂၁ ရက်က တိုင်းအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ထွန်းလင်းအောင်နှင့် ဝန်ထမ်းများက ဦးဆောင်၍ စားသုံးသူရေးရာဦးစီးဌာနမှ ဒု-မုံရွာခရိုင်ဦးစီးမှူးနှင့် မုံရွာမြို့နယ်တာဝန်ခံ၊ မြို့နယ်ကျန်းမာရေး၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာအဖွဲ့တို့ ပူးပေါင်းပါဝင်သောအဖွဲ့တို့မှ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထိုသို့စစ်ဆေးရာတွင် ဆိုင် ၃၇ ဆိုင်မှ စားသောက်ကုန်ပစ္စည်း ၅၃ မျိုးကို နမူနာဝယ်ယူပြီး Mobile Lab ဖြင့် ချက်ချင်းစစ်ဆေး၍ ရရှိသော ချင်းချဉ်၊ ငါးပိနှင့် လက်ဖက်တို့သည် စားသုံးရန်သင့်ပြီး ငရုတ်သီးမှုန့်၊ ခေါက်ဆွဲ ခြောက်၊ ကွမ်းသီး၊ ကြက်သွန်ခြောက်နှင့် တို့ဟူးခြောက်များကို ဓာတ်ခွဲခန်းသို့ ပို့၍ စစ်ဆေးပြီးမှသာ ဆိုင်ရှင်များအား စားသုံးရန် သင့်/မသင့် အဖြေပြန်လည်အကြောင်းကြားမည်ဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါဈေးအတွင်းမှ မုန့်မျိုးစုံဆိုင်များတွင် အမှတ်တံဆိပ်မပါ၊ သက်တမ်းကုန်ဆုံးရက်မပါနှင့် ဆက်သွယ်ရန် လိပ်စာမပါသော မုန့်စိုများကို တွေ့ရှိရသဖြင့် အမှတ်တံဆိပ်၊ သက်တမ်းကုန်ဆုံးရက်နှင့် ဆက်သွယ်ရန်လိပ်စာ များပါဝင်သော မုန့်များကိုသာ ရောင်းချဖြန့်ဖြူးရန် အသိပညာပေးခဲ့ကြောင်း သိရပါသည်။ **စန်းစန်းဝေ (မုံရွာ)**

# စစ်ကိုင်းမြို့နယ် ကြိမ်ထည်လုပ်ငန်းရှင်များအသင်းနှင့် တွေ့ဆုံဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများသည် မတ်လ ၂၂ ရက်တွင် စစ်ကိုင်းမြို့နယ် မန်ကျည်းစဉ်ရပ်ကွက်ရှိ ကြိမ်ထည်လုပ်ငန်းရှင်များအသင်းနှင့် တွေ့ဆုံ၍ ကြိမ်ထည်ပစ္စည်းများ၏ ဈေးနှုန်းဈေးကွက်အခြေအနေနှင့် ပြည်တွင်းပြည်ပတင်ပို့မှု အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ ထိုသို့မေးမြန်းခဲ့ရာတွင် ကုန်ကြမ်းဖြစ်သော ကြိမ်ထည်လုံး(ကြီး) ကို ပဲခူးရိုးမနှင့် ရခိုင်ရိုးမတို့မှ ရရှိပြီး ကြိမ်လုံး(သေး) ကို ကချင်ပြည်နယ်နှင့် ချင်းတွင်းမြစ်အထက်ပိုင်း ခန္တီး၊ ဟုမ္မလင်းဒေသတို့မှ ဝယ်ယူရရှိကြောင်း၊ ကြိမ်အမျိုးအစားနှင့် အရည်အသွေးအလိုက် ကြိမ်တစ်လုံးလျှင် ၈၅ ကျပ်မှ ကျပ် ၁၆၀ ရှိကြောင်း၊ ကုန်ချောကို ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ ပုဂံ၊ ညောင်ဦးမြို့များသို့ တင်ပို့ရောင်းချကြောင်း၊ ပြည်တွင်းတွင် ဘဲဥ(ဝိုင်း) ပုံခုံ၊ ဖူးခွက်၊ ပန်းကန်ပြား၊ ခြင်း၊ ဆွမ်းအုပ်၊ တစ်သျှူးဗူးများကို အများဆုံးရောင်းချရကြောင်း၊ ဈေးနှုန်းများမှာ ကျပ် ၂၀၀၀၊ ၃၀၀၀၊ ၁၀၀၀၀ ဆွမ်းအုပ်မှာ အကြီး၊ အသေးအလိုက် ကျပ် (၃၅၀၀၀ မှ ၄၀၀၀) ရှိကြောင်း၊ တစ်သျှူးဗူးမှာ ကျပ် ၄၀၀၀ မှ ၅၀၀၀ ထိရှိကြောင်း၊ ကြိမ်ခြင်းမှာ ကျပ် ၄၀၀၀ မှ ၅၀၀၀ ရှိကြောင်း၊ မူဆယ်အထိသာတင်ပို့ရရှိပြီး ပြည်ပသို့တိုက်ရိုက်တင်ပို့မှုမရှိကြောင်း၊ တရုတ်ပြည်တွင် ထမ်း၍ လှည့်လည် ရောင်းချမှုများလည်းရှိကြောင်း၊ မူဆယ်ဈေးကွက်တွင် ဘဲဥ (ဝိုင်း)ပုံ အမှီပါခုံနှင့် ခွေးခြေခုံများ အများဆုံး တင်ပို့ရကြောင်း၊ ကြိမ်လုပ်သားတစ်ဦး၏ တစ်နေ့လုပ်အားခမှာ (စသင်)ဆိုလျှင် ကျပ် ၁၅၀၀ မှ ၂၀၀၀ ပေးရပြီး ကျွမ်းကျင်လျှင် ကျား ကျပ် ၇၀၀၀ မှ ၈၀၀၀ နှင့် မ ကျပ် ၄၀၀၀ မှ ၅၀၀၀ ပေးချေရကြောင်း သိရသည်။

**ယဉ်အောင်(စစ်ကိုင်း)**

# ကသာမြို့နယ်အတွင်း ဒေသခံတို့ ကျွန်းသီးမှ အပိုဝင်ငွေရနေ

ကသာမြို့နယ်တွင် သဘာဝပေါက်ပင်ကျွန်းများ မြို့နယ်အနှံ့အပြားမှာရှိပါတယ်။ မြို့ပေါ်ရပ်ကွက်၊ ရုံးများ၊ အိမ်များမှာလည်း ကျွန်းပင်ကြီးများ ရှင်သန်ပေါက်ရောက်လျက် ရှိပါတယ်။

ယခုရာသီဟာ ကျွန်းသီးများ ရင့်မှည့်နေပြီဖြစ်၍ ဒေသခံတို့သည် ကျွန်းသီးများ ကောက်ယူရောင်းချခြင်းဖြင့် အပိုဝင်ငွေရရှိနေကြောင်း သိရပါတယ်။

ရတနာတန်းဝင် ကျွန်းကိုပုဂ္ဂလိကစိုက်ခင်းများ၊ စိုက်ပျိုးသူများပြားလာ၍ ကျွန်းစိုက်ခင်းများ ထူထောင်ရန်အတွက် ကျွန်းသီးကို ဒိုင်ဖွင့်ဝယ်ယူလာတယ် သိရပါတယ်။

ကျွန်းသီးအခြောက် တစ်တင်းလျှင် ကျပ် ၄၅၀၀ ပေါက်ဈေးရှိနေပြီး တစ်ဦးလျှင် ဝင်ငွေတစ်ရက်ကျပ် ၄၅၀၀ မှ ကျပ် ၆၀၀၀ ထိရရှိနေတယ်လို့ ကျွန်းသီးကောက်ပြီး ရောင်းချနေသူများထံမှ သိရပါတယ်။

**လှလှခိုင် (ကသာ)**

# တောင်ငူမြို့တွင် ရခိုင်ငှက်ပျောသီးများဈေးအနည်းငယ်မြင့်

သင်္ကြန်အခါနီး၍ အလှူမင်္ဂလာပွဲများ ပေါများလာသဖြင့် ငှက်ပျောသီးဆိုင်များတွင် ရခိုင်ငှက်ပျောသီးများ အရောင်းအဝယ် ပိုမိုသွက်လျက်ရှိပါသည်။ ရခိုင်ငှက်ပျောသီး ရိုးရိုးတစ်ဖီးလျှင် ကျပ် ၃၀၀ မှ ၃၅၀ အထိ ဈေးရပြီး အနာလွတ်ပွဲတင် တစ်ဖီးလျှင် ကျပ် ၄၀၀ မှ ၄၅၀ အထိ ပေါက်ဈေးရှိကြောင်း ၁၀ ဖီးဝယ်လျှင် ကျပ် ၃၈၀၀ ရှိကြောင်း တောင်ငူမြို့က ငှက်ပျောဆိုင်တစ်ဆိုင်မှ သိရပါသည်။ **စိန်ကြိုင်(တောင်ငူ)**

# ဂုဏ်ယူစရာမြစ်သားမြို့က ဟင်းခတ်အမွှေးအကြိုင် တန်ဖိုးမြှင့်စက်ရုံ





| မော်မော်အောင် |

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်သည် စိုက်ပျိုးရေးဖြစ်ထွန်းပြီး ရေစီးရေလာကောင်းမွန်သောရှေးအခေါ် နတ်ရေ နတ်မြောင်း၊ ဆည်ရေသောက် လယ်မြေများဖြစ်၍ သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာမြို့နယ်အတွင်း အဓိကစိုက်ပျိုးသောသီးနှံများမှာ ငရုတ်၊ ကြက်သွန်၊ စပါး၊ ဝါ၊ ကုလားပဲစသည့်သီးနှံများအား ရာသီအလိုက် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပါသည်။ မြို့နယ်အတွင်း အများဆုံးစိုက်ပျိုးသော၊ မြစ်သားမြို့နယ်၏ အဓိကထွက်ကုန်(Trade Mark) အဖြစ် ထင်ရှားသည့် သီးနှံမှာ ကြက်သွန်၊ ငရုတ်နှင့် ဝါတို့ဖြစ်ကြပါသည်။ ၂၀၁၈-၂၀၁၉ စာရင်းများအရ ကြက်သွန်စိုက်ဧက ၂၉၈၆ ဧက၊ ငရုတ် ၁၉၂၉၉ ဧက၊ ဝါ ၁၄၈၀၄ ဧကတို့ဖြစ်ကြောင်း သိရှိရပါသည်။

စိုက်ပျိုးထွက်ရှိလာသော သီးနှံများအားစပါးမှလွဲ၍ ကျန်သီးနှံများအား မိရိုးဖလာနေလှမ်း အခြောက်ခံကာ မြစ်သားမြို့၊ ကျောက်ဆည်မြို့နှင့် မန္တလေးမြို့ရှိ သီးနှံပွဲရုံများသို့ ရောင်းချလေ့ရှိကြောင်း လေ့လာသိရှိရပါသည်။ နေလှမ်းအခြောက်ခံရာတွင် အများစုမှာပြည်သူများသွားလာရာ ကတ္တရာလမ်းမပေါ်တွင် နေလှမ်းလေ့ရှိသဖြင့် ထွက်ရှိလာသောသီးနှံမှာ အရောင်မညီခြင်း၊ အစိုဓာတ်မညီခြင်း၊ သန့်ရှင်းမှုအားနည်းခြင်း၊ အစိုဓာတ်ကြောင့် အာဖလာတော့ဆင် ခေါ် မှိုဆိပ်ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် တောင်သူများမှာ ဈေးကောင်း မရရှိခြင်း၊ ဈေးကွက်တည်ငြိမ်မှုမရှိဘဲ စားသုံးသူပြည်သူများမှာလည်း ဘေးကင်းလုံခြုံမှုမရှိခြင်းတို့ ဖြစ်ပေါ်လေ့ရှိပါသည်။

ယခုအခါ စားသုံးသူပြည်သူများ၏ ကျန်းမာရေးအသိအမြင်တိုးတက်လာမှုကြောင့် လည်းကောင်း၊ ခေတ်၏လိုအပ်ချက်အရလည်းကောင်း၊ ဒေသတွင်းလုပ်ငန်းရှင်များမှာယခင်သီးနှံများအားဝယ်ယူကာ တစ်ဆင့်ခံရောင်းချနေရာမှ (Value Added)အဖြစ်ပြောင်းလဲရန်ကြိုးပမ်းလာကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်နေရပြီဖြစ်ပါသည်။ ထိုအထဲတွင် မြစ်သားမြို့မှ သီးနှံစုံပွဲရုံဖြစ်သည့် (A1) ပွဲရုံသည်လည်းတစ်ခုအပါအဝင်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ (A1) မိသားစုပွဲရုံအမည်ဖြင့် ငရုတ်သီးနှင့် ကြက်သွန်နီရောင်းဝယ်ရေးလုပ်ငန်းကို ၁၉၈၂ ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ပြီးယနေ့တိုင် နာမည်ကောင်းဖြင့်ရပ်တည်လုပ်ကိုင်လျက်ရှိကြောင်း၊ ယခင်က ငရုတ်သီးအား ဒေသတွင်းမှဝယ်ယူ၍ မန္တလေးမြို့သို့ တင်ပို့ရောင်းချခြင်း၊ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချခြင်းစသည့် မိရိုးဖလာကုန်ကြမ်းအဖြစ် ရောင်းဝယ်ခြင်းဖြင့်သာ ဆောင်ရွက်ခဲ့ရာမှ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရန်နှင့်ပြည်ပကုမ္ပဏီများနှင့်ပါ ချိတ်ဆက်လုပ်ကိုင်နိုင်ရန် ၂၀၁၃ ခုနှစ်တွင် New A1 Family Co.Ltd အမည်ဖြင့် ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် မှိုအဆိပ်၊ ဓာတုဆိုးဆေးနှင့် အရောအနှောကင်းစင်သော ငရုတ်သီး၊ နနွင်းမှုန့်နှင့် အခြား မီးဖိုချောင်သုံးစားသောက်ကုန်ပစ္စည်းများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီထုတ်လုပ်နိုင်ရန် New A1 Family Factory ကိုစတင် တည်ဆောက်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဇွန်လမှစ၍ A1 Family အမည်ဖြင့် ငရုတ်သီး(အနုမှုန့်၊ အကြမ်းမှုန့်)၊ နနွင်းမှုန့်များ စတင်စမ်းသပ်ထုတ်လုပ်လျက်ရှိကြောင်း၊ New A1 Family Co.Ltd၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူဦးစိုးညွှန့်၏ ပြောကြားချက်အရ သိရှိရပါသည်။

New A1 Family Co.Ltd ၏ ဖိတ်ခေါ်ချက်အရ ကျွန်မတို့အဖွဲ့ New A1 Family Factory သို့ သွားရောက်လေ့လာ ခွင့်ရခဲ့ပါသည်။ ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီးဘေး၊ မြစ်သား မြို့နယ်၊ ကူမဲမြို့တွင် တည်ရှိပြီးမြေ(၃)ဧကပေါ်တွင် စက်ရုံအဆောက်အဦးနှင့် အခြောက်ခံစက်၊ Solar Dryer (၄)လုံးတို့ တည်ဆောက်ထားကြောင်း တွေ့ရှိခဲ့ရပါသည်။ Solar Dryer (၄)လုံးမှာ ခေတ်မီယိုးဒယားနိုင်ငံလုပ် Solar Dryer များဖြစ်ပြီး မီးဖိုချောင်သုံးသီးနှံစုံအား အခြောက်ခံနိုင်ကြောင်း၊ Natural Farm Fresh Myanmar Co.Ltd မှ (၂)လုံးနှင့် Three Star Co.Ltd မှ (၂)လုံးတို့ဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။ အဆိုပါ Solar Dryer များအား ဒေသတွင်းလုပ်ငန်းရှင်များ၊ တောင်သူများမှ စိတ်ပါဝင်စားမှုရှိကာ မကြာခဏလာရောက် လေ့လာလေ့ရှိကြောင်း သိရှိရသဖြင့် တည်ဆောက်သည့်ကုမ္ပဏီထံ ဆက်သွယ်မေးမြန်းခဲ့ရာ ထိုင်းနိုင်ငံ၊ ဆီလီဘီကွန် ယူနီဗာစတီနှင့် ဂျာမနီနိုင်ငံ ၊ ကိုဗာစကို လီမိတက်တို့ပူးပေါင်းပြီး နည်းပညာမြင့်ထုတ်လုပ်ထားကြောင်း၊ မိမိတို့ကုမ္ပဏီမှ မြန်မာနိုင်ငံ၏ကိုယ်စားလှယ်ရယူထားကြောင်း၊ Solar Dryer ၏ အရွယ်အစားပေါ်မူတည်၍ တစ်လုံးလျှင် ကျပ် ၁၆၅ သိန်းမှ ကျပ် ၂၇၀ သိန်းထိဈေးနှုန်းရှိကြောင်း၊ ပြည်တွင်းတွင် ၅၅ လုံး တည်ဆောက်ပြီးဖြစ်ကြောင်း၊ ပြည်ပနိုင်ငံဖြစ်သည့် လာအိုနိုင်ငံသို့ (၂)လုံးရောင်းချထားကြောင်း၊ မီးဖိုချောင်သုံးသီးနှံများအပြင် ရေထွက်ပစ္စည်းများလည်း အသုံးပြုနိုင်စေရန် Special Version အဖြစ် ရခိုင်ပြည်နယ်၊ ကျောက်ဖြူတွင်(၅)လုံး တည်ဆောက်ထားကြောင်း၊ Solar Dryer ၏နည်းပညာအနေဖြင့် (Green House Affect)အားသုံးစွဲထားကြောင်း၊ Solar Dryer ၏ အမိုးပြား(PC Sheet) သည် နေရောင်ခြည်တွင်ပါဝင်သော ခရမ်းလွန်ရောင်ခြည်နှင့် အနီအောက် ရောင်ခြည်တို့ကို ကာကွယ်ပေးထားသဖြင့် သီးနှံများ၏မူလအရောင်အသွေးပျက်စီးမှုမရှိဘဲ နေရောင်ခြည်၏ အပူချိန်အား (၅) ဆတက်စေကြောင်း၊ လုပ်သားများဝင်ရောက်လုပ်ကိုင်ရာတွင် အန္တရာယ်မရှိနိုင်ကြောင်း၊ မိမိတို့ကုမ္ပဏီအနေဖြင့် နည်းပညာမြင့် Solar Power သုံးအအေးခန်း(Eco Frost)အား တည်းကုန်းသီးနှံဈေးကြီးတွင်(၁) လုံး တည်ဆောက်လျက်ရှိကြောင်းတို့ကို Natural Farm Fresh Myanmar Co.Ltd ၏ Operation Director ဖြစ်သူထံမှ သိရှိရပါသည်။

New A1 Family Factory အတွင်း ဝင်ရောက်လေ့လာခွင့်ရခဲ့ရာစက်ရုံအတွင်း Food Safety နှင့်အညီတည်ဆောက်ထားပြီး လက်ရှိတွင် အခြောက်ခံစက်၊ အမှုန့်ကြိတ်စက်၊ အိတ်ပိတ်စက်၊ Seal ပိတ်စက်တို့ ပါဝင်တည်ဆောက်ထားပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံငွေ ကျပ်သိန်းပေါင်း(၁၅၀၀၀) ကျပ်ဖြစ်ကြောင်း၊ နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ဖြစ်သော ISO 22000 နှင့် မြန်မာနိုင်ငံစားသောက်ကုန် အသိအမှတ်ပြုလက်မှတ် (FDA)တို့ စစ်ဆေးပြီးဖြစ်ကြောင်း၊ ထိုလက်မှတ်များ ရရှိပါက ပြည်တွင်းဈေးကွက်အပြင် ပြည်ပနိုင်ငံများဖြစ်သည့် ဥရောပ၊ တရုတ်၊ မလေးရှား၊ ထိုင်းနှင့် စင်ကာပူနိုင်ငံများသို့ တင်ပို့ရောင်းချရန် ရည်ရွယ်ထားပါကြောင်း၊ လက်ရှိထုတ်လုပ်နေသော ငရုတ်သီးအကြမ်းမှုန့်၊ အနုမှုန့်၊ နနွင်းမှုန့်၊ မှိုအဆိပ်ကင်း (ငရုတ်ခြောက်၊ ငရုတ်အညှာခြွေ)၊ ကြက်သွန်ခြောက်တို့အပြင် ငရုတ်ဆီ၊ ငရုတ်အနှစ်၊ ချင်းခြောက်၊ ချင်းမှုန့်များကို တိုးချဲ့ထုတ်လုပ်ရန် ပြင်ဆင်လျက် ရှိကြောင်း ဦးစိုးညွှန့်၏ ပြောကြားချက်အရ သိရှိရပါသည်။ စက်ရုံအနေဖြင့် ထုတ်ကုန်များအား (၁)နှစ်လျှင် (၁၀၀)ဂရမ်အထုပ် ၃၈၀၀၀၀ ထုတ်လုပ်ရန်လျာထားပြီးယခု စမ်းသပ် ထုတ်လုပ်လျက်ရှိကြောင်း၊ မှိုအဆိပ်ကင်းသည့် ငရုတ်ခြောက်၊ ငရုတ်အညှာခြွေများအား ထုတ်လုပ်ရာတွင် ငရုတ်သီးအစိုအား ဝယ်ယူလုပ်ကိုင်မှသာ အာဖလာတော့ဆင် ခေါ် မှိုဆိပ်ကင်းစင်မည်ဖြစ်ကြောင်း၊ ဝယ်ယူလိုသည့် လုပ်ငန်းရှင်များရှိပါက လိုအပ်ချက်အတိုင်း ရောင်းချပေးနိုင်ကြောင်း ဖြည့်စွက် ပြောကြားခဲ့ပါသည်။

စာမျက်နှာ (၂၇)သို့

## တောင်ကြီးမြို့ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန၌ Workshop on Making an Export Plan အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကမ္ဘောဇကုန်သွယ် မှုဗဟိုဌာန၌ မတ်လ ၂၈ ရက်မှ ၂၉ ရက်အထိ ဂျာမနီပူးပေါင်းဆောင်ရွက်ရေး(GIZ) Private Sector Development စီမံကိန်း၏ ကူညီပံ့ပိုးမှုဖြင့် Workshop on Making an Export Plan ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို (၂)ရက်တိုင် ကျင်းပပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တောင်ကြီး၊ ပင်းတယ၊ ရွာငံ၊ ဟဲဟိုးတို့မှ ချင်း၊ လက်ဖက်၊ သရက်၊ ထောပတ်၊ ကော်ဖီစိုက်ပျိုး ထုတ်လုပ်သူများနှင့် လုပ်ငန်းရှင်စုစုပေါင်း ၂၁ ဦးခန့် တက်ရောက်ခဲ့ ပြီး GIZ မှ တာဝန်ခံဒေါ်သူဇာကြွယ်မှ ၎င်းတို့ဆောင်ရွက်နေသည့် စီမံကိန်းအကြောင်းကိုရှင်းလင်းပြောကြားခြင်း၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြတ်စိုးမိုးမှ Myantrade ၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ပြည်ပနိုင်ငံများတွင် စီးပွားရေးသံမှူးများထားရှိပြီး၊ ဈေးကွက်သတင်းအချက်အလက်များ အခြားကုန်သွယ်မှုနှင့် သက်ဆိုင်သည့်ကိစ္စများ ဆောင်ရွက်နေသည်များကို ရှင်းလင်းပြောကြားခြင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာနမှ ဦးကောင်းထွဋ်အောင်က Making an Export Plan ခေါင်းစဉ်ဖြင့် ထုတ်ကုန်အသီးသီး၏ ကမ္ဘာ့ဈေးကွက်အခြေအနေ၊ ပြည်ပသို့ တင်ပို့ခြင်းအတွက် နိုင်ငံအလိုက် ချမှတ်ထားသည့် ကုန်သွယ်မှုစည်းမျဉ်းစည်းကမ်းများ၊ ဥရောပဈေးကွက်သို့ တင်ပို့မည့် သရက်သီး၊ ထောပတ်သီးနှင့် အခြားသီးနှံများ၏ ဈေးကွက်အခြေအနေ၊ စည်းမျဉ်းစည်းကမ်းနှင့် ကင်းလွတ်ခွင့်များအကြောင်းကို အသေးစိတ် ပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။ သင်တန်းအချိန်အတွင်း ပို့ကုန် လုပ်ငန်းရှင်များအတွက် အရေးပါသည့် ပို့ကုန်စီမံကိန်း (Export Plan)ကို အပိုင်းလိုက်ဆွေးနွေးပို့ချပြီး၊ ကိုယ်တိုင်ရေးဆွဲစေခဲ့သည့်အတွက် သင်တန်းပြီးဆုံးသည်နှင့် တက်ရောက်လာသူ အသီးသီးတွင် ကိုယ်တိုင်ရေးဆွဲထားသည့် ပို့ကုန်စီမံကိန်း (မူကြမ်း) များ ပိုင်ဆိုင်သွားခဲ့ကြကြောင်းနှင့် အဆိုပါ Export Plan သည် ၎င်းတို့ ရှေ့ဆက် ဆောင်ရွက်မည့် ပို့ကုန်လုပ်ငန်းများအတွက် များစွာအထောက်အကူပြုကြောင်း သတင်းရရှိပါသည်။

**စောဝင်းကျော်(KBZ-TC)**

# ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအတွက် One Stop Service စနစ် လုပ်ဆောင်သွားမည်

ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေစေရန်အတွက် One Stop Service စနစ်ဖြင့် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း မတ်လ ၂၄ ရက်တွင် ကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားခဲ့သည်။




ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံအတွင်းရှိ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အများဆုံးလာသည့် နိုင်ငံများမှ ဖွံ့ဖြိုးတိုးတက်မှုအဆင့်ကို အလွယ်တကူ ရောက်ရှိနိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားများနှင့် နည်းပညာများ ဝင်ရောက်လာနိုင်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့ စီးပွားရေးအချက်အချာကျတဲ့ ရန်ကုန်မြို့မှာ နိုင်ငံတကာက လာရောက်ရင်းနှီးမြှုပ်နှံမယ့်သူတွေအားလုံး အဆင်ပြေချောမွေ့နိုင်ဖို့အတွက် ဒီရုံးက အရေးကြီးပါတယ်။ အဲဒါကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမယ့်သူတွေ ဒီရုံးကိုလာမယ်ဆိုရင် လွယ်လွယ်ကူကူ အဆင်ပြေချောမွေ့မှုတစ်ခု ရနိုင်ဖို့ လိုပါတယ်။ အဲဒါကြောင့် One Stop Service ပေးနိုင်တဲ့ ရုံးအဖြစ် လုပ်ဆောင်ထားတာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ပြောသည်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်နိုင်ခဲ့သလို အသစ်လည်း ရေးဆွဲနိုင်ခဲ့တယ်။ ကုမ္ပဏီမှတ်ပုံတင်တာ လုပ်နိုင်ဖို့အတွက်ကိုလည်း ကုမ္ပဏီများ အက်ဥပဒေကိုလည်း စနစ်တကျ ပြင်ဆင်ဆောင်ရွက်နိုင်တာ တွေ့ရပါတယ်။ ဒီအခြေအနေတွေဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ဖို့အတွက် အကောင်းဆုံးပြင်ဆင်မှုလည်း ဖြစ်ပါတယ်။ အခုဒီရုံးကလည်း ရန်ကုန်တိုင်းဒေသကြီးရဲ့ ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး ရုံးစိုက်မယ့်နေရာလည်း ဖြစ်ပါတယ်။ ဒီရုံးမှာ ကျွန်တော်ကိုယ်တိုင် ရုံးထိုင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပြည်တွင်းမှာ ဒီထက်ပိုပြီး လာရောက် ရင်းနှီးမြှုပ်နှံဖို့၊ ရန်ကုန်မှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့တို့အတွက် ဖိတ်ခေါ် ဆောင်ရွက်သွားမှာပါ"ဟု ဝန်ကြီးချုပ်က ဆက်ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအနေဖြင့် တစ်လလျှင် အစည်းအဝေးနှစ်ကြိမ် ပြုလုပ်လျက်ရှိပြီး စက်မှုလက်မှုကဏ္ဍ၊ ဝန်ဆောင်မှုလုပ်ငန်းများ စသည်ဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို စိစစ်၍ အမေရိကန်ဒေါ်လာ ငါးသန်း သို့မဟုတ် မြန်မာငွေကျပ် သန်း ၆၀၀၀ အထိ ရင်းနှီးမြှုပ်နှံမှုများကို အတည်ပြုခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

**ချောစု**

# ယခုနှစ်သင်္ကြန်တွင် မဏ္ဍပ် ဆောက်လုပ်ရန် လာရောက်တင်သွင်းသည့် အစောင်ရေ ၃၁ ခုသာရှိ

ယခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် မဏ္ဍပ်ဆောက်လုပ်ရန် လျှောက်လွှာစောင်ရေ တစ်ရာကျော် လာရောက် ထုတ်ယူသော်လည်း ပြန်လည် တင်သွင်းသည့်အစောင်ရေ ၃၁ စောင်သာရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ သိရသည်။

ရန်ကုန်မြို့ရှိပြည်လမ်းမအပါအဝင် အခြားလမ်းမကြီးများ၌ သင်္ကြန်မဏ္ဍပ်အကြီးနှင့် အလတ် ၃၅ခုကို ခွင့်ပြုပေးသွားမည် ဖြစ်သော်လည်း မဏ္ဍပ်ဆောက်လုပ်ခွင့် နောက်ဆုံးနေ့အထိ လျှောက်လွှာအစောင်ရေ ၃၁ စောင်သာ လာရောက်တင်သွင်းကြောင်း၊ အဆိုပါ မဏ္ဍပ်ဆောက်လုပ်ခွင့် လျှောက်လွှာများထဲမှ ဌာနသို့ မဏ္ဍပ်ဆောက်လုပ်ရန် စုစုပေါင်း လျှောက်လွှာမဏ္ဍပ်အကြီးတွက် ၁၈ ခု၊ မဏ္ဍပ်အလတ်အတွက် ၁၀ ခု၊ လမ်း လျှောက်သင်္ကြန်အတွက် ၃ ခုသာ ပြန်လည် လက်ခံရရှိထားကြောင်း သိရသည်။

ယခုနှစ်သင်္ကြန်တွင် ကန်တော်ကြီးပတ်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားလမ်းမှ ကုက္ကိုင်းမီးပွိုင့်ကြား နေရာများတွင် မဏ္ဍပ်ဆောက်လုပ်ခွင့်မပြုသည့် လမ်းများအဖြစ် သတ်မှတ်ထားကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

ယခုနှစ် သင်္ကြန်မဏ္ဍပ် ဆောက်လုပ်ခွင့်ရရှိသူများအနေဖြင့် မဏ္ဍပ်အကြီးဆောက်လုပ်ပါက မျက်နှာစာ အရှည်ပေ ၁၂၀ မှ ပေ၁၅၀၊ အနောက်ဘက်သို့ ပေ ၄၀ နှင့် အမြင့်ပေ ၂၀ အထိ ဆောက်လုပ်ခွင့်ပြုမည်ဖြစ်ကာ အာမခံစပေါ် ငွေကျပ်သိန်း ၂၀၀ တင်ရ မည်ဖြစ်ကြောင်းနှင့် မဏ္ဍပ်အလတ်ဆောက်လုပ်ပါက မျက်နှာစာအရှည် ပေ၅၀ မှပေ ၁၁၀ ဆောက်လုပ်ခွင့်ပြုမည်ဖြစ်ပြီး အာမခံစပေါ် ငွေကျပ်သိန်း ၁၀၀ တင်ရမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၈ခုနှစ် သင်္ကြန်ပွဲတော်တွင် ဖျော်ဖြေရေးမဏ္ဍပ် ၃၅ ခု၊ ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၆၀ခု စုစုပေါင်း မဏ္ဍပ် ၉၅ ခုကို ခွင့်ပြုမည်ဟု ကြေညာခဲ့သော်လည်း နောက်ဆုံးတွင် ဆောက်လုပ်ခဲ့သည့် ပုဂ္ဂလိက ရေက စားမဏ္ဍပ်အကြီး ၁၉ ခု၊ အလတ် ၁၁ ခု စုစုပေါင်းမဏ္ဍပ် ၃၁ ခုနှင့် လမ်းလျှောက် သင်္ကြန် ၄ ခု၊ မြို့နယ်အလိုက် မြို့နယ် ထွေ/အုပ်မဏ္ဍပ် ၃၂ ခု သာရှိခဲ့ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။

**ချောစု**

# ဗဟိုဘဏ်မှ ပြည်တွင်းဘဏ်များ လိုက်နာရမည့် ညွှန်ကြားချက် ငါးရပ်ကို မတ် ၂၅ ရက်တွင် ထုတ်ပြန်

၂၀၁၆ခုနှစ် ငွေရေးကြေးရေးအဖွဲ့ အစည်းများဥပဒေအရ ဘဏ်လုပ်ငန်း ဆိုင်ရာ ကောင်းမွန်သောစီမံအုပ်ချုပ်မှု (Good Governance) နှင့် ပတ်သက်၍ညွှန်ကြားချက်ငါးရပ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မတ် ၂၅ရက်တွင် ထုတ်ပြန်ခဲ့သည်။

ယခုထုတ်ပြန်သည့် ဗဟိုဘဏ်ညွှန်ကြားချက်ငါးရပ်မှာ Directive on Directors of Bank ဘဏ်၏ဒါရိုက်တာများ ဆိုင်ရာ ညွှန်ကြားချက်)၊ Directive on External Auditors of Bank (ဘဏ်၏ပြင်ပစာရင်းစစ်များဆိုင်ရာ ညွှန်ကြားချက်)၊ Directive on Acquisition of Substantial Interest (အဓိကကျသည့် အကျိုးစီးပွားများ ရယူခြင်းဆိုင်ရာ ညွှန်ကြားချက်)၊ Directive on Related Parties (ဆက်နွယ်သူများဆိုင်ရာ ညွှန်ကြားချက်)နှင့် Directive on Fit and Proper Criteria (သင့်လျော်မှန်ကန်ခြင်းရှိမှု ဆိုင်ရာစံသတ်မှတ်ချက်များ အတွက် ညွှန်ကြားချက်)တို့ဖြစ်ကြောင်းသိရသည်။

"သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံသတ်မှတ်ချက်များအတွက် ညွှန်ကြားချက်က ဘဏ်ရဲ့ဒါရိုက်တာအဖွဲ့၊ အရာရှိကြီးများနဲ့ စာရင်းစစ်များအတွက် အရည်အချင်း သတ်မှတ်ချက်များ အသေးစိတ်ပါဝင်သလို ဘဏ်၏ဒါရိုက်တာများဆိုင်ရာညွှန်ကြားချက်မှာတော့ ဘဏ်ရဲ့ဒါရိုက်တာနဲ့ သီးခြားလွတ်လပ်သော ဒါရိုက်တာတွေကို ခန့်ထားမယ်ဆိုရင် ဗဟိုဘဏ်ရဲ့အတည်ပြုချက်အပြင် လိုအပ်ချက်တွေ၊ ပြင်ပစာရင်းစစ်များဆိုင်ရာ ညွှန်ကြားချက်မှာတော့ ပြည်တွင်းဘဏ်တွေအနေနဲ့ ပြင်ပစာရင်းစစ်အဖွဲ့ကို ခန့်အပ်ပြီးရင် ၁၀ ရက်အတွင်း ဗဟိုဘဏ်ဆီ တင်ပြရမှာဖြစ်သလို ဗဟိုဘဏ်က အတည်ပြုချက်မရလျှင် နောက်တစ်ဖွဲ့ထပ်ပြီး ခန့်အပ်ဖို့ လိုတဲ့အကြောင်း အသေးစိတ်ပါရှိပါတယ်။ ဆက်နွယ်သူများဆိုင်ရာ ညွှန်ကြားချက်အရ ဘဏ်ဒါရိုက်တာ၊ ဘဏ်အရာရှိကြီးတွေရဲ့ ဆွေမျိုးတော်စပ်သူတွေ၊ ကုမ္ပဏီတွေကို ငွေမချေးဖို့နဲ့ ခြွင်းချက်အနေနဲ့ ဘဏ်ဝန်ထမ်းကိုတော့ ဝန်ထမ်းချေးငွေထုတ်ပေးခွင့် ရှိပါတယ်။ အစုရှယ်ယာ သို့မဟုတ် မဲပေးပိုင်ခွင့် ၁၀ ရာခိုင်နှုန်းနှင့်အထက်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ပိုင်ဆိုင်၊ စီမံ၊ ထိန်းချုပ်နိုင်မှုများကို ဗဟိုဘဏ်ရဲ့ ကြိုတင်သဘောတူ ခွင့်ပြုချက်မရဘဲ ရယူပိုင်ဆိုင်ခြင်းမရှိစေရဘူးလို့လည်း အဓိကကျသည့် အကျိုးစီးပွားရယူခြင်းဆိုင်ရာ ညွှန်ကြားချက်မှာ ဖော်ပြထားပါတယ်"ဟု ဘဏ်လုပ်ငန်း ကျွမ်းကျင်သူတစ်ဦးက ဆိုသည်။

လက်ရှိအချိန်တွင် ပြည်တွင်း၌ ပုဂ္ဂလိကဘဏ် ၂၇ ခုနှင့် နိုင်ငံပိုင်ဘဏ် ၃ ခုရှိနေပြီး ငွေရေးကြေးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

**သန်းထိုက်အောင်**

# ရန်ကုန်တိုင်း ရင်းနှီးမြှုပ်နှံမှု ဖိုရမ်အား လာမည့်မေလတွင် ကျင်းပမည်

ရန်ကုန်တိုင်း ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို လာမည့်မေလ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ သိရသည်။

အဆိုပါဖိုရမ်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရန်ကုန်တိုင်းအစိုးရအဖွဲ့တို့၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ဦးဆောင်ကျင်းပမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ တိုးမြှင့်လာရန်၊ ရှိပြီးသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ စနစ်တကျဖြစ်စေရေးနှင့် အဓိကအားဖြင့် စီးပွားရေး ဝန်းကျင်ကောင်းတစ်ခု ဖြစ်လာစေရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

"မေလ ၁၀ ရက်နေ့မှာ ရန်ကုန်တိုင်း ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ကျင်းပမယ်။ ဘယ်မှာလုပ်မယ်ဆိုတဲ့ နေရာကိုတော့ မဆုံးဖြတ်ရသေးဘူး။ ဒီနှစ်မှာ ၂ ရက်ကျင်းပမယ်လို့တော့ စီစဉ်ထားပါတယ်" ဟု ရန်ကုန်တိုင်း ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပထမတစ်ရက်က ခန်းမထဲမှာ နံနက်ပိုင်းမှာ နိုင်ငံတော်အစိုးရက ရင်းနှီးမြှုပ်နှံသူတွေအတွက် ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေနဲ့ ပတ်သက်ပြီးတော့ အစိုးရပိုင်းကတာဝန်ရှိသူတွေက ရှင်းလင်းဆွေးနွေးမယ်။ နေ့လယ်ပိုင်းမှာ ပုဂ္ဂလိကကဏ္ဍကနေပြီးတော့ ရှင်းလင်းဆွေးနွေးကြမယ်။ နောက်တစ်ရက်မှာတော့ ရန်ကုန်တိုင်းအတွင်းမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေတဲ့ နေရာတွေကို လိုက်လံပြီးတော့ အလည်အပတ်လေ့လာကြမှာပါ"ဟု အထက်ပါ တာဝန်ရှိသူက ဆက်ပြောသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပနိုင်ရေးနှင့်ပတ်သက်၍ မတ်လ ၁၄ ရက်တွင် ရန်ကုန်တိုင်းအစိုးရရုံး၌ ပထမဆုံးအကြိမ်အစည်းအဝေး ကျင်းပခဲ့ကြောင်း သိရသည်။

**ချောစု**

## စာမျက်နှာ (၁၄) ကြံမှသည် သကြားအထိ . . . မှအဆက်

မြန်မာနိုင်ငံမှ ပြည်ပသို့ သကြားတင်ပို့မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ခုနှစ် | ပြည်ပသို့တင်ပို့မှု |
|---|---|---|
| ၁။ | ၁၉၉၄-၁၉၉၅ | ၃၀၀၀ တန် |
| ၂။ | ၁၉၉၅-၁၉၉၆ | ၅၀၀၀ တန် |
| ၃။ | ၁၉၉၆-၁၉၉၇ | ၉၇၅၄ တန် |
| ၄။ | ၁၉၉၇-၁၉၉၈ | ၁၉၄၂၀ တန် |
| ၅။ | ၁၉၉၈-၁၉၉၉ | ၂၆၆၀ တန် |
| ၆။ | ၁၉၉၉-၂၀၀၀ | ၃၃၉၀ တန် |
| ၇။ | ၂၀၀၀-၂၀၀၁ | ၇၇၂၅ တန် |
| ၈။ | ၂၀၀၁-၂၀၀၂ | ၂၂၀၈၄ တန် |
| ၉။ | ၂၀၀၂-၂၀၀၃ | ၈၇၂၇ တန် |
| ၁၀။ | ၂၀၀၃-၂၀၀၄ မှ | ပြည်ပတင်ပို့မှုမရှိပါ။ |
| | ၂၀၀၇-၂၀၀၈ အထိ | - |
| ၁၁။ | ၂၀၀၈-၂၀၀၉ | ၂၅၀၀၀ တန် |
| ၁၂။ | ၂၀၀၉-၂၀၁၀မှ | ပြည်ပတင်ပို့မှုမရှိပါ။ |
| | ၂၀၁၁-၂၀၁၂ အထိ | - |
| ၁၃။ | ၂၀၁၁-၂၀၁၂ | ၁၄၅၂ တန် |
| ၁၄။ | ၂၀၁၂-၂၀၁၃ | ၃၅၅၂၄ တန် |
| ၁၅။ | ၂၀၁၃-၂၀၁၄ | ၉၅၆၂၄ တန် |
| ၁၆။ | ၂၀၁၄-၂၀၁၅ | ၃၀၄၉၉ တန် |
| ၁၇။ | ၂၀၁၅-၂၀၁၆ | ၂၈၂၀၁၈ တန် |
| ၁၈။ | ၂၀၁၆-၂၀၁၇ | ၁၀၂၈၆၃ တန် |
| ၁၉။ | ၂၀၁၇-၂၀၁၈ | ၁၂၁၈၅ တန် |
| ၂၀။ | ၂၀၁၈( ကာလတိုဘတ်ဂျက်) | ၁၆၂၃၃၉ တန် |

ပြည်တွင်းလုပ်ငန်းအချို့သည် ပြည်ပမှသကြားများကို တင်သွင်းနေရသည့် အခြေအနေမျိုးရှိနေသဖြင့် ပြည်တွင်းသကြားဈေးကွက်ကို ဖြည့်ဆည်းရန်၊ ပြည်ပသို့ သကြားတင်ပို့မှုကို ပိုမိုတင်ပို့နိုင်ရန်အတွက် ကြံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရန်၊ တစ်ဧက ကုန်ကျစရိတ်လျှော့နည်းရန်၊ ခေတ်မီသကြားစက်ကြီးများ ပိုမိုတိုးတက်လာရန်ဆိုသည့်အချက်များသည် မဖြစ်မနေလိုအပ်နေသည့် သကြား၏ တန်ဖိုး ကွင်းဆက်တစ်လျှောက် အခြေအနေ ဖြစ်ပါသည်။

### စာရင်းဇယားကိန်းဂဏန်းအချက်အလက်မှန်ကန်ရေး

စာရင်းဇယားကိန်းဂဏန်းအချက်အလက်သည် မည်သည့်လုပ်ငန်းတွင်မဆို အရေးကြီးသည်ဟု နားလည်ကြပါသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် ယနေ့အထိ စာရင်းဇယား ကိန်းဂဏန်းများနှင့်ပတ်သက်လျှင် များစွာအားနည်းနေသေးသည်ဟု ထင်မိပါသည်။ မည်သည့်ကဏ္ဍတွင်မဆို စာရင်းဇယားများအတွက် အချက်အလက်များသည် လိုအပ်နေသေးသည်ကို တွေ့နေရပါသည်။ ကျွန်တော်တို့သည် သုတေသနလုပ်ငန်းများတွင်လည်း လိုအပ်နေသေးသည်ကို တွေ့နေရပါသည်။ စာရင်းဇယား ကိန်းဂဏန်းများနှင့် သုတေသနလုပ်ငန်းများသည် ဆက်စပ်နေပြီး၊ အထူးသဖြင့် ဈေးကွက်ဆိုင်ရာသတင်းအချက်အလက်များနှင့် ဈေးကွက်ဖော်ဆောင်ရေး သုတေသနလုပ်ငန်းများမှာ များစွာလိုအပ်နေသေးသည်ကို တွေ့နိုင်ပါသည်။ အဆိုပါကွက်လပ်ကို ဖြည့်ဆည်းပေးသည့် အခမ်းအနားတစ်ခုကို ကြံသကြားကဏ္ဍတွင် မတ်လ ၁၆ ရက်က တွေ့ခဲ့ရပါသည်။ အဆိုပါနေ့တွင် နေပြည်တော်၊ ဥတ္တရသီရိဟိုတယ်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ကြံနှင့်သကြားစားသောက်ကုန်လုပ်ငန်းများနှင့် ပတ်သက်၍ စိုက်ပျိုးထုတ်လုပ်၊ ဖြန့်ဖြူးစားသုံးမှုအပေါ် စာရင်းဇယားကိန်းဂဏန်းအချက်အလက်များ တိုးတက်ကောင်းမွန်လာစေရေးအတွက် ပါဝင်ပတ်သက်သူများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ကြားဖြတ်အစီရင်ခံစာတင်ပြခြင်းကိုကျင်းပခဲ့ရာတွင် ကိန်းဂဏန်းအချက်အလက်များကို စနစ်တကျ ကောက်ယူ သုတေသနပြုထားသည်များမှာ အလွန်ပင် အားရစရာကောင်းပါသည်။ အဆိုပါသုတေသန စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် သကြားစားသုံးမှုနည်းပါးနေသေးခြင်း၊ အချို့ သကြားစက်ကြီးများအနီးရှိ နေရာများတွင် ကြံစိုက်ပျိုးမှုသည် ထုတ်လုပ်နိုင်သည့် စွမ်းအားထက်ကျော်လွန်နေသဖြင့် စိုက်ပျိုးမှုကို မည်သို့တိုးချဲ့နိုင်မည်ကို နည်းလမ်းရှာနေရချိန်တွင် သကြားစက်များနှင့် အလှမ်းဝေးသော ဒေသများတွင် ကြံစိုက်ပျိုးမှုသည် သကာရည်ချက်လုပ်မှုကိုသာ အားထားနေရသဖြင့် ကြံဈေးနှုန်းနည်းနေရခြင်း၊ ကြံတောင်သူများအတွက် လိုအပ်ချက်များ အများအပြားရှိနေသေးခြင်း စသည့် ဗဟုသုတပေါင်းများစွာကို တစ်ထိုင်တည်းသိရသကဲ့သို့ စာရင်းဇယား ကိန်းဂဏန်း အချက်အလက်များ၏ အရေးပါပုံကိုလည်း ပိုမိုသိရှိနိုင်စေပါသည်။ မြန်မာ့ကြံသကြားလုပ်ငန်းတန်ဖိုးကွင်းဆက်များ ဖွံ့ဖြိုးရေးဆိုင်ရာ ပေါ်လစီအကြံပြုချက်နှင့် အကျိုးသက်ဆိုင်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် စိုက်ပျိုးရေး စာရင်းအင်းစနစ်ကို ပြုပြင်ရေးကနဦး ခြေလှမ်းဟူသော စာတမ်းကို အဆိုပါပွဲတွင် တင်ပြခဲ့ရာ စာရင်းအင်းနည်းပညာအရခိုင်မာသော ကြံထွက် နှုန်းခန့်မှန်းနည်းစနစ်များကို ချမှတ်ပြီးဖြစ်ပါကြောင်း၊ သို့ပါ၍ ကြံစိုက်သောမြို့နယ်အများစုတွင် ဤနည်းစနစ်ကိုသုံးပြီး၊ ခင်းသစ်၊ လမိုင်း၊ လမက်၊ ကြံအထွက်နှုန်းကို အတိအကျဆုံး ခန့်မှန်း၍ စာရင်းအင်းပြုစုရန် လိုအပ်လာကြောင်း၊ ကြံသီးနှံ စိုက်၊ အောင်၊ အထွက် ကိန်းဂဏန်းအချက်အလက်များသည် သကြားစက်များ၏ ကြံကြိတ်ဝါး သုံးစွဲမှုပမာဏနှင့် အပြန်အလှန် အချိန်ကိုက် မှန်ကန်တိကျရန် စာရင်းအင်းစနစ်ကို တိုးတက်ကောင်းမွန်အောင် ပြုပြင်ရန်လိုအပ်ကြောင်း၊ ဤရွှေ့ပြောင်းလေ့လာချက်မှ စက်ရုံနယ်မြေ (၅)ခုတွင် ကြံတောင်သူများ၏ လုပ်ကွက်အရွယ်အစား ပျံ့နှံ့ချက်ကို လေ့လာဆန်းစစ်ခဲ့ကြောင်း၊ ကြံစိုက်နယ်မြေများတွင် အသေးစား ကြံတောင်သူများမှာ အများစုဖြစ်နေသောကြောင့် ကြံ သကြားလုပ်ငန်းဖွံ့ဖြိုးရေးပေါ်လစီကိုရေးဆွဲလျှင် အသေးစားကြံတောင်သူများပါ ဖွံ့ဖြိုးရေးရေစီးကြောင်း၌ ပါဝင်စေနိုင်သော အစီအမံများကို ထည့်သွင်းရေးဆွဲရန်လိုအပ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။ အခြားသောကဏ္ဍများတွင်လည်း ဈေးကွက်သုတေသနလုပ်ငန်းများ၊ Value Chain အတွင်း ကိန်းဂဏန်းအချက်အလက်ပြုစုရန် ကိစ္စများကိုလည်း ဆောင်ရွက်သွားခြင်းဖြင့် ပို့ကုန်တိုးမြှင့်လာစေရန် လိုအပ်သည့်ထုတ်လုပ်မှုအပိုင်းမှ အခြေခံကိန်းဂဏန်းအချက်အလက်များကို ရရှိရန် ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

## စာမျက်နှာ (၂၅) ဂုဏ်ယူစရာမြစ်သားမြို့က ဟင်းခတ်အမွှေးအကြိုင်. . . မှအဆက်



တန်ဖိုးမြှင့် ( ValueAdded ) ထုတ်ကုန်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံသားများကျန်းမာရေးနှင့် ညီညွတ်သောမှိုအဆိပ်၊ ဓာတုဆိုးဆေးနှင့် အရောအနှောကင်းစင်၍ လတ်ဆတ်သော အသင့်သုံး ဟင်းခတ်ပစ္စည်းများစားသုံးခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုမည်ဖြစ်ကာ ပြည်တွင်းသာမက ပြည်ပနိုင်ငံများအထိ တင်ပို့ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်မည်ဖြစ်ကာ နိုင်ငံခြားသွင်းကုန် များကိုလျှော့ချနိုင်ခြင်း၊ တည်ငြိမ်သောဈေးကွက်ကို ဖော်ဆောင်နိုင် ခြင်း၊ တောင်သူများနှင့် အကျိုးတူစိုက်ပျိုးခြင်း၊ နည်းပညာဖြန့်ဖြူးပေး ခြင်း၊ အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခြင်းတို့ကြောင့် ဒေသခံများနှင့် ငရုတ်စိုက်တောင်သူများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးရာလည်း ရောက်ပါသည်။

NewA1 Family စက်ရုံအခြေစိုက်ရာနေရာသည် မြန်မာနိုင်ငံ၏ အလယ်ဗဟိုချက်ဖြစ်သော ပြက္ခရွှေတောင်အနီး၊ မြန်မာနိုင်ငံ၏ အဓိကငရုတ်သီးထွက်ရှိရာဒေသတွင်တည်ရှိပြီး A1 မိသားစုပွဲရုံသည်လည်း ဒေသတွင်း၌ ပုံရိပ်ကောင်းတစ်ခုပိုင်ဆိုင်ထားကာ ဒေသခံတောင်သူများ၏ ယုံကြည်အားကိုးမှုအပြည့်အဝရရှိခြင်း၊ စားသုံးသူ များ၏ ကျန်းမာရေးအသိအမြင်ပြောင်းလဲလာမှုကြောင့် ကျန်းမာရေး နှင့်ညီညွတ်သော အရည်အသွေးပြည့်မီသည့် စားသောက်ကုန်၊ ဟင်းခတ်အမွှေးအကြိုင်များ ဝယ်လိုအားများလာခြင်း၊ မြေ၊ အဆောက်အဦ၊ လျှပ်စစ်မီး၊ ရေနှင့် အခြေခံလုပ်သားအင်အားတို့ အဆင်သင့်ရှိနေခြင်းတို့သည် စက်ရုံ၏ အဓိကအားသာချက်ပင် ဖြစ်ပါသည်။

မြစ်သားမြို့နယ်နေ ပြည်သူများအနေဖြင့် ငရုတ်သီး ကုန်ကြမ်း ပေါများစွာထွက်ရှိပါသော်လည်း နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု အားနည်းမှုများကြောင့် ပြည်ပနိုင်ငံသို့ ကုန်ကြမ်းအတိုင်းသာ ရောင်းချနိုင်ပြီး လိုအပ်သော ကုန်ချောအား ပြည်ပနိုင်ငံများမှ ပြန်လည်တင်သွင်းနေရခြင်း၊ တန်ဖိုးမြင့်ထုတ်ကုန် မထုတ်လုပ်နိုင်ခြင်းကြောင့် ကုန်ကြမ်းဈေးကွက်တစ်ခုတည်းသာ မှီခိုနေရ၍ ဈေးကွက်မတည်မငြိမ်ဖြစ်ခြင်း၊ ငရုတ်သီးကုန်ကြမ်းပေါများစွာ ထွက်ရှိပါသော်လည်း ဈေးကွက်ထဲ၌ အရောအနှော၊ မှိုအဆိပ်နှင့် ဓာတုဆိုးဆေးများပါသော ငရုတ်ဆီ၊ ငရုတ်သီးမှုန့်နှင့် နနွင်းမှုန့်များသာ ဝယ်ယူစားသုံးနေကြရာမှ ယခုအခါ A1 Family Factory ထွက် အဆင့်မြင့်ကုန်ချောများအား မြန်မာတစ်နိုင်ငံလုံးရှိ ကုန်တိုက်ကြီးများ၊ ဈေးများတွင် ရောင်းချလာနိုင်တော့မည်ဖြစ်ပြီး သင့်တင့်သောဈေးနှုန်းဖြင့် ရွေးချယ်ဝယ်ယူ စားသုံးလာနိုင်မည်ဖြစ်ရာ ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာစေရုံမျှမက ဒေသခံပြည်သူတစ်ဦးအနေဖြင့်ပါ New A1 Family Co.ltd ၏ NewA1 FamilyFactory မှ ထုတ်လုပ်သည့် တန်ဖိုးမြှင့် ထုတ်ကုန်များအားဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

## စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး. . . မှအဆက်

အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီတွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံနိုင်ငံများနှင့်အတူ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများနှင့်ဒေသဆိုင်ရာစီးပွားရေးကို အကာအကွယ်ပေးနိုင်ရန်နှင့် လက်ရှိကာလတွင် စားသုံးသူအရည်အသွေးပြည့်မီ စစ်မှန်သောကုန်စည်များ ရယူသုံးစွဲနိုင်ရေး၊ နောင်ကာလများတွင် စားသုံးသူများလုံခြုံစိတ်ချမှုရှိ၍ အရည်အသွေးကောင်းမွန်သော ကုန်စည်များကို ရရှိနိုင်စေရန် ကုန်သွယ်မှု ဝင်/ထွက် ပေါက်များဖြစ်သည့် မူဆယ်မြို့တွင် စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်ပြီး နှစ်နိုင်ငံညှိနှိုင်း၍ ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံနယ်စပ်တွင် နစ်နာဆုံးရှုံးမှုမရှိစေရန် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာကို ဖွင့်လှစ်၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ ဥပဒေသစ်အရ "စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီအစား စားသုံးသူကာကွယ်ရေးကော်မရှင်"ကို အသစ်ပြန်လည်ဖွဲ့စည်း၍ စားသုံးသူရေးရာကော်မတီများကို ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်းကောင်း၊ လိုအပ်ပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသကြီးများနှင့် ခရိုင်များတွင်လည်းကောင်း ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း၊ ယခုအသစ်ပြဋ္ဌာန်းလိုက်သည့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့်ပတ်သက်၍လည်း အများပြည်သူသိရှိအောင် တိုင်းဒေသကြီး/ပြည်နယ်များသို့ ကွင်းဆင်းဆွေးနွေးအသိပညာပေးမှုများ ဆောင်ရွက်သွားမှာဖြစ်ကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ပါသည်။

ထို့နောက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရေးနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးညှိနှိုင်းခဲ့ကြကာ အစည်းအဝေးကို ညနေပိုင်းတွင်ရပ်နားခဲ့ကြောင်း သတင်းရရှိပါသည်။

**MOC (IR)**

# တောင်ကြီးမြို့ မြို့မဈေးအတွင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မတ်လ ၂၈ ရက်တွင် တောင်ကြီးခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်ဇေခိုင်နှင့်အဖွဲ့သည် တောင်ကြီးမြို့၊ မြို့မဈေးအတွင်း အသားငါးနှင့် ဟင်းသီးဟင်းရွက် ရောင်းချနေသော ဈေးသည်များအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြော ဆွေးနွေး ပွဲကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လင်းက ဈေးသည်များအနေဖြင့် ကိုယ်ချင်းစာတရားဖြင့် ရောင်းချကြရန်နှင့် သန့်ရှင်းလတ်ဆတ်သော အသားငါးများ ရောင်းချနိုင်ရေးနှင့် လတ်တလော ဈေးအတွင်းရောင်းချနေသည့် အခြေအနေများကို ဟောပြော ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ စည်ပင်သာယာရေးကော်မတီမှ ဦးစိုင်းအေးမင်းက ဈေးထဲတွင် လတ်ဆတ်မှုမရှိသော အသားငါးများ ရောင်းချနေခြင်းများအပေါ် ထိရောက်စွာ ကိုင်တွယ်အရေးယူသွားမည်ဖြစ်ကြောင်း ဟောပြော ဆွေးနွေးခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဇော်မြတ်ထွန်းက ဈေးကွက်အတွင်းတွင် တွေ့ရသော မျှစ်များ၊ လက်ဖက်များကို ဆိုးဆေးများဆိုးခြင်းများ၊ ကွမ်းသီးကွမ်းရွက်များတွင် တာရှည်ခံဆေး၊ မှိုသတ်ဆေးများ သုံးစွဲနေခြင်းများကြောင့် လူကိုအန္တရာယ်ဖြစ်စေကာ ကင်ဆာရောဂါများကို ဖြစ်ပွားလျက်ရှိကြောင်း အကျယ်တဝင့် ဟောပြောခဲ့ပါသည်။

ထို့နောက် တောင်ကြီးခရိုင် ဦးစီးမှူးဒေါ်ဇေခိုင်က မိမိတို့ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ကျောင်းများ၊ ဈေးများ၊ ကျေးရွာများ၊ တပ်ရင်းတပ်ဖွဲ့များတွင် အသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိသလို ဈေးကွက်ထဲတွင် စစ်ဆေးခြင်း၊ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော ကုန်စည်များအား ရောင်းချခြင်းမရှိရန် သတိပေးခြင်းနှင့် ကုန်စည်များအား သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိ တောင်ကြီးမြို့ပေါ်တွင် ကင်ဆာဖြစ်ပွားသူဦးရေ ၄၀၀ ဦး ကျော်ခန့်ရှိနေပါကြောင်း၊ ကင်ဆာ ဖြစ်ပွားရခြင်းသည်လည်း အစားအသောက်များကြောင့်သာ အဓိကဖြစ်၍ တောင်ကြီး၊ မြို့မဈေးအတွင်း သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့် ညီညွတ်သော အသားငါးနှင့် ဟင်းသီးဟင်းရွက်ရောင်းချမှုများ ပေါ်ပေါက်လာစေရေးအတွက် ယခုလို သက်ဆိုင်ရာမြို့နယ်၊ ခရိုင်အဖွဲ့ဝင်များဖြင့် ဟောပြော ဆွေးနွေးရခြင်းဖြစ်ပါကြောင်း ဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။

**ခင်မောင်သန်း (တောင်ကြီး)**

## ကသာခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၆)ကြိမ်မြောက် (၃/၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၁ ရက်တွင် ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီ၊ ဥက္ကဋ္ဌရုံးခန်း၌ ကျင်းပပြုလုပ်ခဲ့ရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင်များနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၆ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ကသာခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်မင်းက ၂၅ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဖေဖော်ဝါရီလအတွင်း စာသင်ကျောင်းများ၊ ကျေးရွာများသို့စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ၊ ကွင်းဆင်းစစ်ဆေးခြင်း၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အသိပညာပေးဆွေးနွေးခြင်း စုစုပေါင်း ၄၂ ကြိမ် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ကြော်ငြာစာအမှတ် (၃/၂၀၁၉)အား ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များမှ သက်ဆိုင်ရာကဏ္ဍအလိုက် အသီး သီးဆွေးနွေးခဲ့ပြီး ၂၀၁၉ ခုနှစ် ဧပြီလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ် (၄)ခုအား ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင်(ကသာ)**

# ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ညောင်ပင်လေးဈေးတွင် ကွင်းဆင်းစစ်ဆေး

လမ်းမတော်မြို့နယ်၊ ညောင်ပင်လေးဈေး၌ ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရေးအတွက် မတ်လ ၂၆ ရက်က အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးခြင်းများ၊ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျင်ဌေး ဦးဆောင်သော အဖွဲ့ဝင်များ၊ အဖွဲ့ဝင်ကိုယ်စားလှယ်များ၊ ခရိုင် စည်ပင်သာယာဈေးများဌာန၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်စည်ပင်သာယာ ကျန်းမာရေးဌာန၊ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ အနောက်ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရပါသည်။ ထိုသို့ ကွင်းဆင်းရာတွင် ဈေးအတွင်းရှိ ကုန်မျိုးစုံဆိုင်(၁၄)ဆိုင်၊ အလှကုန်ဆိုင်(၁)ဆိုင်၊ လူသုံးကုန်ဆိုင်(၂) ဆိုင်၊ လက်ဖက်ဆိုင်(၂) ဆိုင်နှင့် စားသုံးဆီဆိုင်(၁)ဆိုင်တို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။ အဆိုပါဆိုင်များအား ကုန်အမှတ်တံဆိပ်တွင် ပါဝင်ရမည့်အချက်များ၊ ကုန်စည်များတွင် မြန်မာဘာသာနှင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာ ယှဉ်တွဲလျက်ဖြစ်စေ ဖော်ပြရန် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေဆိုင်ရာ အကြောင်းအရာများ၊ စားသုံးသူနှင့် လုပ်ငန်းရှင်နှစ်ဦး နှစ်ဖက်လုံးမှ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေးများ၊ အသိပညာပေးခြင်းနှင့် FDA မှ တားမြစ်ထားသော လူသုံးကုန်၊ စားသောက်ကုန်၊ အလှကုန်များ၊ ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲများ FDAမှ ထုတ်ပြန်ထားသည့် စံမညီစားသုံးဆီ (၁၂)မျိုးတို့အား စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရပါသည်။ ညောင်ပင်လေးဈေးသည် လက်ကားဖြန့်ဖြူးသော ဈေးကြီးဖြစ်သည့်အတွက် ဆိုင်ရှင်(လုပ်ငန်းရှင်)များကို စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရေး၊ မိမိတို့၏ ကုန်စည်များအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေး၊ ဌာနဆိုင်ရာများမှ ထုတ်ပြန်သော ကြေညာချက်၊ ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရေးတို့အတွက် အစိုးရ၊ လုပ်ငန်းရှင်၊ ပြည်သူ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်းနှင့် ဆိုင်ရှင်များအနေဖြင့် တာဝန်သိ လုပ်ငန်းရှင်ပီပီ ပူးပေါင်းဆောင်ရွက်ကြရန် အထူးတိုက်တွန်း ဆော်သြခဲ့ကြောင်း သတင်းရရှိပါသည်။ ထိုသို့စစ်ဆေးရာတွင် FDA မှ တားမြစ်ထားသည့် ပုန်းရည်ကြီး (၃၆၀) ထုပ်ကို စစ်ဆေးတွေ့ရှိပြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ရှေ့မှောက်တွင် ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

**ဇေယျာလင်း(စားသုံး)**

# ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၈) ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ်လ ၂၆ ရက်က ဟသ်ာတခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်မှ အဖွင့်အမှာစကားပြောကြားရာတွင် မတ်လ ၁၅ ရက်က စားသုံးသူ ကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းလိုက်ပြီဖြစ်သည့်အတွက် အသိပညာပေးခြင်း၊ ရှောင်တခင် စစ်ဆေးခြင်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ မဟာသင်္ကြန်ကာလ ခရီးသွားပြည်သူများ အဆင်ပြေ ချောမွေ့စွာသွားလာနိုင်ရေး အတွက် မြို့နယ်အလိုက် မ. စ. က များကို စားသုံးသူကာကွယ်ရေး ဥပဒေကို ရှင်းလင်း အသိပညာပေးရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့ပါသည်။ အတွင်းရေးမှူးဖြစ်သူ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးကြည်ဟန်မှ ဌာန လမ်းညွှန်ချက်များ၊ ဆွေးနွေးဆုံးဖြတ်ရမည့် အမှာစာများ၊ မဟာသင်္ကြန်ကာလအတွက် မော်တော်ယာဉ်လုပ်ငန်းရှင်များအား စားသုံးသူ



ကာကွယ်ရေး ဥပဒေကို ရှင်းလင်းဆွေးနွေးမည့် အစီအစဉ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပါသည်။ ဟသ်ာတခရိုင် ပြည်သူ့ ကျန်းမာရေးဦးစီးမှူး ဒေါက်တာညီညီလွင်မှ ပြည်သူများကို အသိပညာပေးရာတွင် ကျန်းမာရေးနှင့်ပတ်သက်သည့် လိုအပ်သော အချက်အလက်များကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာ တိုးဝေအောင်မှလည်း ဟသ်ာတခရိုင်အတွင်းရှိ ဆေးဆိုင်များအားလုံး မှတ်ပုံတင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မောင်မောင်မြတ်ခိုင်**

# မြိတ်မြို့ပေါ်ရှိ ဆေးဆိုင်များသို့ ကွင်းဆင်းစစ်ဆေး

တနင်္သာရီတိုင်း၊ မြိတ်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီတွင် ပါဝင်သည့် ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ဆေးနှင့် လူမှုဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်နှင့် အကောက်ခွန်ဦးစီးဌာန၊ ခရိုင်ပြည်သူ့ရဲ ဦးစီးဌာနတို့ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မတ်လ ၁၉ ရက်တွင် မြိတ်မြို့၊ စန္ဒဝတ်ကျေးရွာရှိဆေးဆိုင်များသို့ သွားရောက်၍ သုံးစွဲရန် သင့်/မသင့် ကြေညာထားသောဆေးဝါး၊ တရားမဝင်လိုင်စင်မဲ့၊ သက်တမ်းကုန်ဆေးဝါးများ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဆေးဆိုင်တစ်ဆိုင်မှ သက်တမ်းလွန်ဆေးဝါးများ တွေ့ရှိရသဖြင့် နောက်နောင် ရောင်းချခြင်းမပြုရန် ခံဝန်ကတိ လက်မှတ်ရေးထိုးစေခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

**ကျော်ဝင်းနိုင်(မြိတ်)**

# ဆိုးလ်ရှားကို တရားဝင်နည်းပြခန့်မှု မန်ယူပရိသတ်များကြိုဆို




မန်ယူအသင်းမှ တာဝန်ရှိသူများသည် အသင်း၏ ယာယီနည်းပြ ဆိုးလ်ရှားကို တရားဝင်နည်းပြအဖြစ် အတည်ပြု ခန့်အပ်လိုက်ပြီ ဖြစ်သည်။

မန်ယူအသင်းအနေဖြင့် ဆိုးလ်ရှားကို သုံးနှစ်စာချုပ် ချုပ်ဆိုလိုက်ခြင်းဖြစ်ပြီး ၎င်းသည် တစ်နှစ်ကို ပေါင်ခုနစ်သန်း ရရှိမည်ဖြစ်သည်။ ဆိုးလ်ရှားသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလက မန်ယူအသင်းကို ယာယီနည်းပြအဖြစ် စတင်တာဝန်ယူခဲ့ပြီး ၁၉ ပွဲတွင် ၁၄ ပွဲနိုင်၊ နှစ်ပွဲ သရေကျကာ၊ သုံးပွဲသာ ရှုံးနိမ့်ထားပြီး ရလဒ်ပိုင်း အထူးကောင်းမွန်ခဲ့သည်။ မန်ယူအသင်းသည် ဆိုးလ်ရှားကိုင်တွယ်ချိန်တွင် ရလဒ်ကောင်းခဲ့ပြီး ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပီအက်စ်ဂျီအသင်းကို နောက်ကောက်ချပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

မန်ယူအသင်း၏ အမြဲတမ်းနည်းပြဖြစ်လာသည့် ဆိုးလ်ရှားက 'ကျွန်တော့်ရဲ့ အိပ်မက်တွေကို ခုတော့ အကောင်အထည်ဖော်နိုင်ခဲ့ပါပြီ။ ငယ်ငယ်ဘဝက မန်ယူအသင်းမှာ ကစားခွင့်ရဖို့ အိပ်မက်ခဲ့သလို ကစားသမားဘဝက အနားယူပြီး နည်းပြဘဝကို ခြေချပြန်တော့လည်း မန်ယူအသင်းမှာ နည်းပြခွင့်ရရှိဖို့ကို စိတ်ကူးယဉ်ခဲ့ပါတယ်။ အခုတော့ ကျွန်တော့်စိတ်ကူးတွေ၊ အိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့ပါပြီ။ ဒီအတွက် ကျွန်တော့်ကို ယုံကြည်ပေးတဲ့ အသင်းက တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်နဲ့အတူလက်တွဲပြီး အသင်းရဲ့ရလဒ်တွေကောင်းအောင် စွမ်းဆောင်ပေးတဲ့ကစားသမားတွေကိုလည်း ကျေးဇူးတင်ရပါတယ်' ဟု သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့အပြင် မန်ယူအသင်း ပရိသတ်များကလည်း ဆိုးလ်ရှားကို တရားဝင်နည်းပြ ခန့်အပ်လိုက်ခြင်းကို အကြွင်းမဲ့ ထောက်ခံကြောင်းနှင့် ဆိုးလ်ရှားအပေါ် ယုံကြည်မှုရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

မန်ယူအသင်းတွင် နည်းပြ ဖာဂူဆန်ကိုင်တွယ်ပြီးနောက်တွင် တာဝန်ယူကိုင်တွယ်ခဲ့သည့် နည်းပြများ၏ စွမ်းဆောင်ရည်များကို ကြည့်မည်ဆိုလျှင် ဒေးဗစ်မိုရစ်(၂၀၁၃-၂၀၁၄) လက်ထက်တွင် အနိုင်ရမှု ၅၃ ရာခိုင်နှုန်း၊ ယာယီနည်းပြ ရိုင်ယန်ဂစ်(၂၀၁၄) လက်ထက်တွင် အနိုင်ရမှု ၅၀ ရာခိုင်နှုန်း၊ ဗန်ဟား(၂၀၁၄-၂၀၁၆) လက်ထက်တွင် အနိုင်ရမှု ၅၂ ရာခိုင်နှုန်း၊ မော်ရင်ဟို(၂၀၁၆-၂၀၁၈) လက်ထက်တွင် အနိုင်ရမှု ၅၈ ရာခိုင်နှုန်းနှင့် ဆိုးလ်ရှား ၁၉ ပွဲ လက်ထက်တွင် အနိုင်ရမှု ၇၄ ရာခိုင်နှုန်းဖြစ်သည်။

## ဘောလုံးလောက သတင်းတိုများ

- အသက်(၃၁)နှစ်ရှိ ချယ်လ်ဆီးအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ဟီဂူအင်သည် နိုင်ငံလက်ရွေးစင် ကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း ကြေညာလိုက်သည်။
- ဘာစီလိုနာအသင်းသည် ၎င်းတို့၏ ဗဟိုခံကစားသမား အမ်တီတီကို ပေါင်သန်း ၆၀ ရလျှင် ရောင်းထုတ်တော့မည်ဖြစ်ကြောင်း တရားဝင် ထုတ်ဖော်ပြောဆိုလာသည်။
- ရီးရဲလ်မက်ဒရစ်အသင်းသည် မန်ယူအသင်းမှ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို ပေါင် ၁၂၅ သန်းဖြင့် စတင်ကမ်းလှမ်းသွားမည်ဟုဆိုသည်။
- ဂျူဗင်တပ်အသင်း၏ တောင်ပံကစားသမား စီရိုနယ်ဒိုသည် ပေါ်တူဂီအသင်းနှင့်အတူ ဆားဘီးယားအသင်းနှင့် ကစားခဲ့သည့်ပွဲတွင် ဒဏ်ရာရခဲ့ခြင်းကြောင့် အေဂျက်အသင်းနှင့် ကစားရမည့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်ကို လွဲချော်နိုင်ဖွယ်ရှိကြောင်း သိရသည်။




# ဇီဒန်း၏ ကြယ်စင်စုစီမံကိန်းကို ဘာစီလိုနာ မစိုးရိမ်ဟုဆို

ရီးရဲလ်မက်ဒရစ်အသင်းကို တစ်ကျော့ပြန် နည်းပြခွင့် ရရှိထားသည့် ဇီဒန်းသည် လာမည့်ရာသီအတွက် ပြင်ဆင်သည့်အနေဖြင့် ထိပ်တန်းကစားသမားများကို ခေါ်ယူရန် ပြင်ဆင်နေသည်။ ထိုသို့ ကစားသမားများ ခေါ်ယူရန်ပြင်ဆင်နေရာတွင် ပေါင်သန်း ၅၀၀ တန် ကြယ်စင်စုတစ်ခုကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း နည်းပြ ဇီဒန်းက ပြောဆိုထားသည်။


ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်း အကောင်အထည်ဖော်မည့် ကြယ်စင်စု စီမံကိန်းတွင် လီဗာပူးအသင်း တိုက်စစ်မှူး မာနေး၊ ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အမ်ဘတ်ပီ၊ ချယ်လ်ဆီးအသင်း တိုက်စစ်မှူး ဟာဇက်နှင့် မန်ယူအသင်း ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာတို့ ပါဝင်နေသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် အဆိုပါ ကစားသမားများကို ခေါ်ယူမည်ဆိုပါက ယူရို သန်း ၅၀၀ အနည်းဆုံး အသုံးပြုရမည်ဖြစ်သည်။ ဇီဒန်းအနေဖြင့် အဆိုပါ ကစားသမားအားလုံးကိုသာ ခေါ်ယူနိုင်ခဲ့မည်ဆိုပါက အံ့သြဖွယ်ကောင်းမည်ဖြစ်သလို စိတ်လှုပ်ရှားစရာလည်း ကောင်းလာမည်ဖြစ်သည်။

'ကျွန်တော့်အနေနဲ့ ဒီကြယ်စင်စုစီမံကိန်းကို အကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းသွားမှာပါ။ ကျွန်တော်လိုချင်နေတဲ့ ကစားသမား လေးဦးစလုံးကို မရနိုင်ရင်တောင်မှ သုံးဦးကိုတော့ ရအောင်စည်းရုံးသွားမှာပါ။ လာမယ့်ရာသီမှာ ရီးရဲလ်မက်ဒရစ်အသင်းကို ဆုဖလားတွေနဲ့အတူ ပရိသတ်တွေ မြင်တွေ့ရမှာပါ'ဟု ရီးရဲလ်မက်ဒရစ်အသင်း နည်းပြဇီဒန်းက ပြောသည်။

အခြားတစ်ဖက်တွင် ရီးရဲလ်မက်ဒရစ်အသင်း၏ အဓိက ပြိုင်ဘက်အသင်းဖြစ်သည့် ဘာစီလိုနာအသင်း နည်းပြ ဗယ်လ်ဗာဒီက ဇီဒန်း၏ ရီးရဲလ်မက်ဒရစ်အသင်း ကြယ်စင်စုစီမံကိန်းကို ကြိုဆိုကြောင်း၊ သို့သော် မိမိတို့အသင်းအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းသာမက မည်သည့်အသင်းကိုမျှ ကြောက်ရွံ့နေမည်မဟုတ်ကြောင်း၊ ရီးရဲလ်မက်ဒရစ်အသင်းသို့ မည်သည့်ကစားသမားများပင် ရောက်ရှိလာစေကာမူ ဘာစီလိုနာအသင်းအနေဖြင့် မစိုးရိမ်ကြောင်းနှင့် ချန်ပီယံလိဂ်တွင် အောင်မြင်မှုရရှိရေးတို့ကိုသာ အာရုံစိုက်နေကြောင်း ထုတ်ဖော်ပြောဆိုထားသည်။

# ကွင်းသစ်ကြီးတွင် စပါးကစားသမားများ လေ့ကျင့်ခန်းစဆင်း



စပါးအသင်းသည် ၎င်းတို့၏ ဝှိုက်ဟတ်လိန်းကွင်းကို အကြီးစား ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်နေခြင်းကြောင့် အသင်း၏ ပွဲစဉ်များကို ဝင်ဘလေကွင်းတွင်သာ ကစားခဲ့ရသည်။ ယခုအချိန်တွင် ကွင်းပြင်ဆင်မှုမှာ အောင်မြင်စွာ ပြီးဆုံးခဲ့ပြီဖြစ်ခြင်းကြောင့် ကစားသမားများအနေဖြင့် ကိုယ်ပိုင်ကွင်းတွင် လေ့ကျင့်ခန်း ပြန်ဆင်းနေနိုင်ပြီဖြစ်သည်။

ထို့အပြင် စပါးအသင်းသည် အသင်း၏ပွဲစဉ်များကို ပြန်လည်ပြုပြင်ပြီးသည့် ကွင်းသစ်ကြီးတွင် စတင်ကစားတော့မည်ဖြစ်ရာ အဖွင့်ပွဲစဉ်အဖြစ် ဧပြီ ၄ ရက်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားရမည်ဖြစ်သည်။

စပါးအသင်းသည် အဆိုပါ အကြီးစား ပြင်ဆင်မှုအတွက် ပေါင် ၁ ဘီလီယံ ကုန်ကျခဲ့ကြောင်း သိရသည်။ ကွင်း၏ ပရိသတ်ဝင်ဆံ့မှုမှာ ၆၂၀၆၂ ဦးဖြစ် သည်။ စပါးအသင်း၏ တိုက်စစ်မှူး ဟယ်ရီကိန်းက 'ကွင်းသစ်ကြီးမှာ ကစားဖို့ ရင်ခုန်နေပါတယ်။ အခုကွင်းက ပရိသတ်ဝင်ဆံ့မှုကလည်း ပိုများလာတာကြောင့် ကျွန်တော်တို့အတွက်လည်း အားတွေ ပိုများလာမှာပါ။ ကွင်း သစ်ကြီးမှာ ပြိုင်ဘက်အသင်းတွေကို အနိုင်ယူဖို့၊ စိန်ခေါ်ဖို့ အဆင်သင့် ဖြစ်နေပါပြီ။ ကွင်းသစ်ကြီးမှာ ကျွန်တော်တို့ စပါးအသင်းကစားသမားတွေကို စိတ်သစ်တွေနဲ့အတူ အောင်မြင်မှုတွေကိုလည်း မြင်တွေ့ကြရမှာပါ'ဟု ပြောကြားခဲ့သည်။

# အာဆင်နယ်အသင်း ဂျီအန်ဂျော်ဒန်ကို ခေါ်ယူနိုင်ရန် နီးစပ်နေ




အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်းသည် စပိန်လာလီဂါကလပ် အီဘာအသင်းမှ စပိန်ကွင်းလယ်ကစားသမား ဂျီအန်ဂျော်ဒန်ကို ခေါ်ယူရန် ကမ်းလှမ်းမှုမှာ အောင်မြင်လာဖွယ်ရှိနေကြောင်း သိရသည်။ အသက်(၂၄)နှစ်ရှိ ဂျီအန်ဂျော်ဒန်သည် အီဘာအသင်းနှင့် ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်သက်တမ်း ရှိနေသည်။ သို့သော် ဂျီအန်ဂျော်ဒန်သည် ထိပ်တန်းအသင်းကြီး တစ်သင်းသင်းတွင် ကစားလိုကြောင်း ထုတ်ဖော်ပြောဆိုခဲ့မှုနှင့်အတူ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ရန်လည်း နီးစပ်မှုရှိနေပြီဖြစ်ကြောင်း စပိန်မာကာ သတင်းစာက ဖော်ပြထားသည်။

အာဆင်နယ်အသင်းနည်းပြ အူနိုင်းအမ်မရီက 'လာမယ့်ရာသီအတွက် ကျွန်တော့်အသင်းမှာ ပြင်ဆင်ရမှာတွေ အများကြီး ရှိနေပါတယ်။ အဓိကက တော့ ကွင်းလယ်ပိုင်းနဲ့ ခံစစ်ပိုင်းကို ပြင်ဆင်အားဖြည့်ရမှာပါ။ ကွင်းလယ်ပိုင်းကတော့ မဖြစ်မနေ ခေါ်ယူရမှာပါ။ တစ်ဦး ဒါမှမဟုတ် နှစ်ဦးပေါ့'ဟု ပြောခဲ့သည်။

ဂျီအန်ဂျော်ဒန်သည် အက်စ်ပန်ညိုနှင့် ဗယ်လာဒိုးလက်အသင်းတို့တွင်လည်း ကစားခဲ့ဖူးကာ ၂၀၁၇ ခုနှစ်က အီဘာအသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ ၎င်းကစားသမားသည် အီဘာအသင်းအတွက် ၆၁ ပွဲတွင် ကိုးဂိုးသွင်းပေးထားသည်။

အာဆင်နယ်အသင်းသည် ဂျီအန်ဂျော်ဒန်ကို ခေါ်ယူရန်ပြင်ဆင်ရခြင်းမှာ အသင်းမှထွက်ခွာတော့မည့် ကွင်းလယ်ကစားသမား ရမ်ဆေး၏နေရာတွင် ပြန်လည်အစားထိုးနိုင်ရန်ဖြစ်ကြောင်း သိရသည်။

ဟန်နေသစ် စုစည်းသည်

# လူငယ်များကို ပြောချင်ပါသည်



|နိုင်ဦး (DOCA)|

ဘာမဆိုင်၊ ညာမဆိုင်ငယ်ငယ်တုန်းက ကြားခဲ့ဖူးသော ပုံပြင်လေးတစ်ပုဒ်ကိုသွား၍ သတိရမိသည်။ ရှေးရှေးတုန်းက လူတွေ၊ တိရစ္ဆာန်တွေဟာ သက်တမ်းအတူတူပဲတဲ့ တစ်နေ့တော့ တန်ခိုးရှင်နတ်မင်းကြီးဆီကို နွားကရောက်လာပြီး "အရှင် ကျွန်တော်အသက်ရှည်ရတာ အဓိပ္ပာယ်မရှိဘူး၊ တစ်ချိန်လုံး အလုပ်လုပ်နေရတယ်၊ လူသားတွေအတွက် ဆန်စပါးရရှိအောင် ကြိုးစားရုန်းကန်ပေးရတယ်။ ကျွန်တော်တို့ကြောင့် ရရှိတဲ့ဆန်ကို ကျွန်တော်တို့ အသွေးအသားနဲ့ အစားခံရတယ်။ ဒါ့ကြောင့် ကျွန်တော့်သက်တမ်းတစ်ဝက်ကို အလှူခံပါလို့ပြောတယ်။ ဒီအခါ လူသားကကြား၍ ကျွန်တော့်မှာ လုပ်စရာအများကြီးရှိတယ်။ အချိန်မလောက်ဘူးဖြစ်နေတယ်။ ဒါ့ကြောင့် နွားလှူတဲ့သက်တမ်းတစ်ဝက်ကို ကျွန်တော့်ကိုပေးပါလို့ပြောတယ်။ ထိုအခါတန်ခိုးရှင်နတ်မင်းကြီးကလူသားကိုပေးစေဆိုပြီး ဆုံးဖြတ်တယ်။ နောက်တွင်လည်း ခွေးကပြောပြန်တယ်။ တန်ခိုးရှင်နတ်မင်းကြီး ကျွန်တော့်မှာလည်းဒုက္ခဖြစ်နေတယ်။ လူသားတွေ အေးအေးဆေးဆေးအိပ်နိုင်ဖို့သူတို့ရဲ့စည်းစိမ်ဥစ္စာတွေ လူဆိုး၊ သူခိုးတွေမလုယက်နိုင်ဖို့ညမအိပ်ဘဲစောင့်ရတယ်။ မနက်အိပ်ပြန်တော့လူသားတွေက အိပ်နေတာကိုပဲမြင်ပြီး အပျင်းထူတဲ့ခွေးလို့ပြောတာခံရတယ်။ လူရိပ်မည်းမည်း မြင်လို့ဟောင်ပြန်တော့လည်း အိပ်ရေးပျက်တယ်ဆိုပြီး နီးရာပစ္စည်းတွေနဲ့ကောက်ပေါက်တာ ခံရတယ်။ ကျွေးပြန်တော့လည်း အရိုးအရင်း၊ စားကြွင်းစားကျန်သာကျွေးတယ်။ ဒါ့ကြောင့် ကျွန်တော့် အသက်တစ်ဝက်ကိုလှူလိုပါတယ်လို့ပြောတော့ လူသားတွေက ကျွန်တော့်မှာ အချိန်မလောက်ဘူး၊ ယူမယ်လို့ပြောပြီး ယူခဲ့တယ်။ နောက်ဆုံးမျောက်ကလည်း ဘဝတစ်လျှောက်လုံး အငြိမ်မနေရဘဲ ပြေးလွှားနေရလို့ အသက်မရှည်ချင်ဘူး။ တစ်ဝက်လှူပါရစေပြောတော့ ပေးတိုင်းယူတဲ့လူသားကပဲ အသက်တစ်ဝက်ကို ရယူခဲ့တယ်တဲ့။

ထို့ကြောင့်ပင် ကျွန်တော်တို့ လူသားများသည် အသက် ၂၀ နီးပါးအထိ လူ့သက်တမ်းကို ပိုင်ဆိုင်၍ အများအားဖြင့် မပူမပင် မတောင့်မတ၊ မကြောင့်မကျနေထိုင်နိုင်သည်။ ပညာရေးကို အေးအေးဆေးဆေးသင်ယူနိုင်သည်။ မိဘများကလိုလေသေးမရှိအောင် စောင့်ရှောက်ထားကြသည်။ သို့သော်အသက် ၂၀ ကျော်လွန်ပါက အိမ်ထောင်ကျပြီဖြစ်၍ နွားသက်တမ်းကို ပိုင်ဆိုင်ရ၍ နွားလိုပင် တစ်ဝမ်းတစ်ခါးအတွက် ရုန်းကန်လှုပ်ရှားကြရသည်။ ကာယအား၊ ဉာဏအားဖြင့် ကြိုးစားအလုပ်လုပ်ကြရသည်။ ဇနီး၊ သားသမီးများ ရရှိလာပြီဖြစ်၍ မိဘအိမ်မှာ နေထိုင်ရသကဲ့သို့ နေ၍မရ၊ ဘဝတိုးတက်စေရေးရည်မှန်းချက်ထားကာ အလုပ်လုပ်ကြရသည်။ ထမ်းပိုးမတပ်ရုံတစ်မယ်ပင်ဖြစ်သည်။ အသက် ၄၀ ကျော်လွန်ပါက ခွေးသက်တမ်းကိုပိုင်ဆိုင်ခဲ့၍ ဇနီး၊ သားသမီးမိဘများအတွက် စိတ်ပူပင်သောကရောက်ရသည်။ မတော်သူတွေနဲ့တွေ့မလား။ ဘာတွေများအခက်အခဲကြုံတွေ့နေရလဲ စသည်ဖြင့် ပူပင်မှုများစွာကြုံတွေ့ရမည့်သက်တမ်းဖြစ်သည်။ အသက် ၆၀ ကျော်ပါက မျောက်သက်တမ်းကိုပိုင်ဆိုင်၍ အိမ်ထောင်ကျနေပြီဖြစ်သော၊ အလုပ်အကိုင်ရရှိနေပြီဖြစ်သော၊ သား/သမီးတွေဆီ အပြေးအလွှားသွားလိုက်၊ သား/သမီးတွေဆီ ရောက်ပါကလည်း ဇနီး/ခင်ပွန်းကို စိတ်မချ၊ ချော်များလဲနေလား၊ ထမင်းစားတာမှ အဆင်ပြေရဲ့လား စသည်ဖြင့်တွေးပူ၍ ပြေးလွှားပြန်လာရပြန်သည်။ နောက်ဆုံးမသွားနိုင်၊ မလာနိုင်တော့မှ မျောက်မှိုင်မှိုင်ကာ ပုတီးလက်တွင်ကိုင်၍ ရပ်တန့်သွားတော့သည်။ ခန္ဓာသာရပ်တန့်သည်။ စိတ်တွေကတော့ဟိုပြေး၊ ဒီပြေးဖြစ်နေဆဲပင်ဖြစ်သည်။ ဖုန်းတစ်လုံးဖြင့် ပါးစပ်က အငြိမ်မနေ သာကြောင်း၊ မာကြောင်းစသည်ဖြင့် မေးမြန်းပြောဆိုဆုံးမရင်း ဘဝသစ်သို့အချိန်တန်ကူးပြောင်းကြရသည်။ လူသားဘဝကို ရရှိလာခြင်းကြောင့် အဆိုပါအသက်အပိုင်းအခြားများကို ရရှိဖြတ်သန်းကြရမည်မှာ ဓမ္မတာပင်ဖြစ်သည်။

ဝန်ထမ်းအလုပ်ဖြစ်စေ၊ ကိုယ်ပိုင်အလုပ်ဖြစ်စေ၊ အချိန်အခါ၊ အသက်အရွယ်၊ အရင်းအနှီးအလိုက်လုပ်နေကြရသည်။ ထိုက်သင့်သောကျွမ်းကျင်မှုကိုရယူထားကြရသည်။ မိမိလုပ်ကိုင်မည့်အလုပ်အကိုင်နှင့်ပတ်သက်သော သင်တန်းများစွာကို တတ်မြောက်ကြရမည်။ မြေပြင်တွင် လုပ်ကိုင်မှုအခြေအနေ၊ အကျိုးအမြတ်၊ ရေရှည်ရပ်တည်နိုင်စွမ်းရှိ/မရှိ သုံးသပ် ဆုံးဖြတ်ရပေမည်။ သို့မှသာ အလုပ်အကိုင်များ လုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့စေမည်ဖြစ်သည်။ ထို့ကြောင့် အနာဂတ်လူ့စွမ်းအားအရင်းအမြစ်များသည် ငွေကုန်၊ အချိန်ကုန်ခံ၍ ဖုန်းများပွတ်နေခြင်း၊ အကြောင်းမဲ့ရည်ရွယ်ချက်မရှိဘဲ လက်ဖက်ရည်ဆိုင်ထိုင်ကာ အချိန်ဖြုန်းတီးနေကြခြင်းသည် ရင်လေးစရာပင်ဖြစ်သည်။ ခေတ်နှင့်အညီပေါ်ပေါက်လာသော စက်ပစ္စည်းတစ်ခုဖြစ်၍ ဘဝတိုးတက်ရေး၊ အောင်မြင်ရေးများရရှိရန် သတင်းအချက်အလက်၊ ဗဟုသုတများ များစွာပါဝင်သော်လည်း ထိုအချက်များအစားအတင်း အဖျင်းသတင်းများ၊ ရန်လိုဒေါသဖြစ်မှုများကို ဖော်ပြထားသော စာသားများကို စိတ်ဝင်တစားကြည့်ရှုခြင်း၊ ဝေဖန်ခြင်း၊ ဆဲဆိုခြင်း၊ စသည်များကို တော်တော်များများ အသုံးပြုနေကြသည့် လူငယ်၊ လူရွယ်များကိုသာ ရည်ညွှန်းပြောဆိုလိုခြင်းဖြစ်သည်။ ခေတ်မီစက် ပစ္စည်းများကို အကျိုးရှိစွာအသုံးပြုလျက်ရှိသော၊ ဘဝတိုးတက်ရေးအတွက် ကြိုးစားနေသော လူငယ်၊ လူရွယ်များကိုမူ မပြောဆိုလိုပါ။ အားပေးပါသည်။ မိဘများကလည်း လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးသင့်ပါသည်။

ထို့အပြင် ဖုန်းဖြင့်ပြောလိုက်သော စကားတစ်ခွန်း၊ နှိပ်လိုက်သောခလုတ်လေးတစ်ချက်သည် အသုံးပြုသူအတွက် မည်သို့ပင်အကျိုးရှိသည်ဖြစ်စေ၊ အကျိုးမဲ့သည်ဖြစ်စေ၊ အလဟဿကုန်သွားသည်ဖြစ်စေ၊ ထိုသို့လုပ်လိုက်သည့်အတွက် ဖုန်းဝန်ဆောင်မှုလုပ်ငန်းကတော့ကုန်ကျစရိတ်တန်ဖိုးကို တွက်ချက်ရယူနေသည်မှာကတော့ အမှန်တရားပင်ဖြစ်သည်။ မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများသည် စားသုံးသူများ၏ လိုလားချက်များကို အစွမ်းကုန်ဖြည့်ဆည်းပေးနေသည်။ ဈေးကွက်စီးပွားရေးစနစ်အရ မီဒီယာနည်းလမ်းပေါင်းစုံကို အသုံးပြု၍ သူ့ထက်ငါအပြိုင် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုလုပ်ငန်းများကို သွားရည်ကျဖွယ်ဆောင်ရွက်နေကြသည်။ ထိုသို့ဆောင်ရွက်မှုကြောင့် လူငယ်၊ လူရွယ်များသာမက၊ ကလေးသူငယ်များကပင် ကျွန်တော်တို့ငယ်စဉ်တုန်းကလို မုန့်ဖိုးတောင်းမယ့်အစား၊ ဖုန်းဝယ်ပေးပါ။ ဖုန်းဘေဖိုးပေးပါဖြစ်နေကြသည်။ ခေတ်မီလာသည်၊ တိုးတက်လာသည်ဟု ထင်ကောင်းထင်နေကြမည်ဖြစ်သော်လည်း၊ အကန့်အသတ်ထားသင့်သည်။ ခေတ်မီတိုးတက် ဖွံ့ဖြိုးမှု၏နောက်တွင်ပေးဆပ်ခဲ့ရသောအချိန်များ၊ ငွေများ၊ ဘဝများကိုမြင်ကြည့်ရန်လိုပါသည်။

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများမှ မြန်မာနိုင်ငံရှိ ၅၁ သန်းကျော်သောပြည်သူများအနက်မှ သန်း ၄၀ ကျော်ကို ဝန်ဆောင်မှုပေးလျက်ရှိသည်ဟု သိရှိရသည်။ တချို့ဆို တစ်ဦးတည်း ဝန်ဆောင်မှု(၃/၄) မျိုးရယူထားကြသည်။ တစ်မိနစ်လျှင်ငါးကျပ်နှုန်းပေးရသည်ဆိုပါစို့။ တစ်ဦးလျှင်ဖုန်းတစ်လုံးကိုင်ထားပါက မြန်မာနိုင်ငံမှ တစ်မိနစ်အတွက်ကျပ်သန်း ၂၀၀ ကျော်သည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအတွက်ပေးရသည်။ တစ်နာရီလျှင် သန်း ၁၂၀၀၀ ကျော်၊ တစ်ရက်လျှင်ကျပ်သန်း ၂၈၈၀၀၀ ကျော်သည် လေများပေါ်၊ စက်များပေါ်တွင် ကုန်ဆုံးသွားပြီကို သိရှိနားလည်သင့်သည်။ တစ်လ၊ တစ်နှစ်ဆိုရင် ဘယ်လောက်များဖြစ်သွားပြီလဲ။ အဲဒီကုန်ကျငွေတွေထဲက ကျွန်တော်တို့ဘဝတိုးတက်ရေး အတွက် ဘယ်လောက်အကျိုးကျေးဇူးရခဲ့သလဲဆိုသည့် အသိတရားလက်ကိုင်ထား၍ သတိ ထားမိကြပါရဲ့လား။

နားနှစ်ဖက်ကို နားကြပ်ပိတ်၍ ဖုန်းပြောသူ၊ သီချင်းနားထောင်နေသူ၊ လမ်းကူး၍ကားတိုက်ခံရ၍သေကြေဒဏ်ရာရရှိသူ၊ ဖုန်းပြောရင်းယာဉ်မောင်း၍ တိုက်မိကာသေကြေဒဏ်ရာရရှိသူ၊ အွန်လိုင်းပေါ်တွင်တွေ့၍ ချစ်၊ ကြိုက်၊ ကွဲ၊ ညား၊ ကြေကွဲမှုတွေခံစားနေရသူ၊ စက်ပစ္စည်းအသုံးပြု၍ကောင်းမွန်သော ကိုယ်ခံစွမ်းအားများပျက်ယွင်းသွားရသူတွေတဖြည်းဖြည်းများလာသည်။ အချိန်မီပညာပေးလုပ်ငန်းများ မဆောင်ရွက်ပါက နိုင်ငံတော်အတွက် အန္တရာယ်ကြီးမားလာသော ကပ်ဆိုးကြီးတစ်ခုသဖွယ် ကြီးထွားလာမှာ စိုးရိမ်ရပါသည်။

ထို့အပြင်တချို့သော အနာဂတ်နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသော လူငယ်၊ လူရွယ်များသည် မူးယစ်ဆေးဝါး၊ လောင်းကစားသံသရာထဲတွင်ပျော်ရွှင်စွာ ကူးလူးနေ ဆဲဖြစ်သည်။ အချိန်တန်မိသားစုဘဝပိုင်ဆိုင်လာမည်။ မိသားစုဘဝတိုးတက်ရေး အတွက်ကြိုးစားရမည်။ လူသားတာဝန်များကို အသက်အပိုင်းအခြားအလိုက် ကြိုးစားဆောင်ရွက်ရမည်ကို မေ့လာကြသည်။

နိုင်ငံရပ်ခြားသို့ သွားရောက်ပြီးပြန်လာသူအချို့မှ ပြောကြသည်။ သူတို့ရောက်ခဲ့သော နိုင်ငံများတွင် တိုးတက်နေပုံများ၊ ခေတ်မီနေပုံများ၊ စနစ်တကျစည်းကမ်းလိုက်နာမှုများ၊ နိုင်ငံသားများ၏ တစ်ဦးချင်းအသိစိတ်ဓာတ်၊ ကြိုးစားဆောင်ရွက်နေပုံများကို မစားရဝခမန်း ပြောပြကြသည်။ မိမိနိုင်ငံကို အခြားနိုင်ငံများနည်းတူတိုးတက်စေလိုသော သဘောဖြင့် ပြောကြခြင်းဖြစ်၍ ကြိုဆိုရပေမည်။ တိုးတက်သော နိုင်ငံကြီးများကိုလေ့လာကြည့်လျှင်နိုင်ငံသားများ၏ တူညီမှု "ငါး" ရပ်ကိုတွေ့ရှိလာရသည်။ စည်းကမ်းလိုက်နာမှု၊ ကြိုးစားအားထုတ်မှု၊ အဂတိတရားကင်းရှင်းမှု၊ မိမိနိုင်ငံတိုးတက်ရေးအတွက် ပေးဆပ်ဆောင်ရွက်ပေးလိုမှု၊ မိမိနိုင်ငံအတွက် ဂုဏ်ယူမှုတို့ဖြစ်ကြောင်း တွေ့ရသည်။ ဆိုလိုသည်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းရှိ နိုင်ငံသားများသည် ထုတ်ပြန်ထားသော ဥပဒေ၊ စည်းကမ်းများကိုတိကျစွာ လိုက်နာသည်။ မိမိဘဝတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာကျွမ်းကျင်မှုအလိုက် ကြိုးစားဆောင်ရွက်သည်။ အဂတိတရားဖောက်ဖျက်ရန်ရှုံ့ရှာသည်။ မိမိနိုင်ငံအတွက် ကျရာတာဝန်ကို ပေးဆပ်ထမ်းဆောင်ရန်အသင့်ဖြစ်နေသည်။ မိမိနိုင်ငံတိုးတက်မှုများကို ဂုဏ်ယူသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိနိုင်ငံသားများတွင်သာ တာဝန်ရှိသည်။ အထူးသဖြင့်လူငယ်များတွင် အဓိကတာဝန်ရှိသည်။ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရန် အနာဂတ်လူ့စွမ်းအားအရင်း အမြစ်များဖြစ်သော လူငယ်များ၏ စည်းကမ်းလိုက်နာမှု၊ ကြိုးစားအားထုတ်မှု၊ အဂတိကင်းရှင်းမှု၊ နိုင်ငံအတွက်ပေးဆပ်မှု၊ ဂုဏ်ယူမှုတို့ ပြည့်စုံရန်သာလိုသည်။ လူမှုရေးနယ်ပယ်တွင် ပြောကြသလို ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာတဲ့။ ပထမအရွယ်ဖြစ်သည့် မွေးစမှနှစ်ဆယ့်ငါးနှစ်အတွင်း အသိပညာ၊ အတတ်ပညာကို ရှာမှီးရာတွင်လည်း အတန်းပညာထူးချွန်ဖို့၊ ဘွဲ့များစွာရရှိဖို့အတွက်သာ မိဘများက သား/သမီးများကို လောဘတကြီးပုံသွင်းနေခြင်းများသည် လူငယ်များအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ စာတတ်ရန်သာဖြစ်စေပြီး ပညာတတ်ရန်ဝေးကွာသွားပေမည်။ လူငယ်တိုင်းဆရာဝန်ဖြစ်သွားပါက အင်ဂျင်နီယာများဖြစ်သွားပါကလည်း အခြားနယ်ပယ်အသီးသီးတွင် နိုင်ငံဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့် သူရှိတော့မည်မဟုတ်ပေ။ မြတ်စွာဘုရားဟောကြားခဲ့သော တရားများကို အလွဲအသုံးပြုခြင်းသည် မသင့်လျော်ပေ။ အဋ္ဌာရသ (၁၈) ရပ်ကို သင်ကြားတတ်မြောက်ရန်သာလိုသည်။ ထိုပညာများကိုသာ ရှာဖွေရန်လိုသည်။

**စာမျက်နှာ (၃၂)သို့**

# ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့မှ ဟောင်ကောင်ဒေါ်လာတန်ဖိုး ကျဆင်းမှုကို တားဆီးရန် ၃ ဒသမ ၉၂၅ ဘီလီယံတန်ဖိုးရှိ ဟောင်ကောင်ဒေါ်လာငွေကြေးအား ဝယ်ယူသုံးစွဲခဲ့

ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့မှ ဟောင်ကောင်ဒေါ်လာတန်ဖိုးကျဆင်းမှုကိုတားဆီးရန် ဟောင်ကောင်ဒေါ်လာ ၃ ဒသမ ၉၂၅ ဘီလီယံတန်ဖိုးရှိဟောင်ကောင်ဒေါ်လာငွေကြေးအားဝယ်ယူသုံးစွဲခဲ့ပြီး နိုင်ငံခြားငွေလဲလှယ်ရေးဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်လာခဲ့ကြောင်းတွေ့ရှိရပါသည်။ ယခုလုပ်ရှားမှုမှာဒုတိယအကြိမ်ဝင်ရောက်စွက်ဖက်မှုဖြစ်ပြီး ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း ဟောင်ကောင်ဒေါ်လာ ၁ ဒသမ ၅၁ ဘီလီယံသုံးစွဲခဲ့သေးကြောင်း၊ ဟောင်ကောင်ဒေါ်လာငွေဈေးအားအနိမ့်ဆုံးသတ်မှတ်ထားသည့် တန်ဖိုးပမာဏအတွင်းတည်ရှိနေစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဟောင်ကောင်ငွေကြေးတန်ဖိုးအားအမေရိကန် တစ်ဒေါ်လာလျှင် အနိမ့်ဆုံး ၇ ဒသမ ၈၅နှင့် အမြင့်ဆုံး ၇ ဒသမ ၇၅အတွင်းတည်ရှိရန် ကန့်သတ်ထားကြောင်းသိရှိရပါသည်။

ဟောင်ကောင်ဒေါ်လာငွေဈေးမှာ မတ် ၁၃ ရက်တွင် အမေရိကန်တစ်ဒေါ်လာတွင် ၇ ဒသမ ၈၄၉၈ ထိကျဆင်းခဲ့ပြီး ကန့်သတ်ထားသည့် အနိမ့်ဆုံးအဆင့်ထိရောက်လုနီးပါးဖြစ်ခဲ့ကြောင်း၊ ထိုသို့ဈေးကွက်အတွင်း ဝင်ရောက်၍ ဟောင်ကောင်ဒေါ်လာငွေကြေးဝယ်ယူသုံးစွဲခဲ့သည့်အတွက် ဘဏ်လုပ်ငန်းငွေဖြစ်လွယ်မှုကို အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၉ ဘီလီယံသို့ ကျဆင်းခဲ့ကြောင်း၊ အတိုးနှုန်းသတ်မှတ်မှုမူဝါဒကိုချမှတ်ပေးသည့် ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့အနေဖြင့် ဒေသသုံးငွေကြေးအား သတ်မှတ်ထားသည့်ဘောင်အတွင်း၌ ရှိနေစေရန် အမေရိကန်ဒေါ်လာဝယ်ယူခွင့်နှင့် ရောင်းချခွင့်ရှိကြောင်း၊ အမေရိကန်၏ အတိုးနှုန်းပြောင်းလဲတိုင်း ဟောင်ကောင် ဒေါ်လာငွေဈေးမှာလည်း ပြောင်းလဲမှုရှိကြောင်း၊ အမေရိကန်ဒေါ်လာအတိုးနှုန်းနှင့် ဟောင်ကောင်ဒေါ်လာအတိုးနှုန်းကြား ကွာဟမှုများလေ ဟောင်ကောင်ငွေဈေးပိုမိုကျဆင်းလေဖြစ်ကြောင်း ဟောင်ကောင် ငွေကြေးအာဏာပိုင်အဖွဲ့၏ ဒုတိယအမှုဆောင်ချုပ်က ပြောကြားခဲ့ပါသည်။

အမေရိကန်ဒေါ်လာနှင့် ဟောင်ကောင်ဒေါ်လာတို့၏ အတိုးနှုန်းများကြား ကွာဟမှုများလေလေ ကုန်သည်များနှင့် ရင်းနှီးမြှုပ်နှံသူများ၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်တွင် ဟောင်ကောင်ဒေါ်လာငွေဈေးကျဆင်းလေလေဖြစ်ပြီး ဟောင်ကောင်ဒေါ်လာများပြင်ပသို့စီးထွက်မှုများ ဖြစ်ပေါ်လာခြင်းက ဟောင်ကောင်၏ ငွေကြေးဆိုင်ရာ ပတ်ဝန်းကျင်အတွက် မရှောင်လွှဲနိုင်သောဖြစ်စဉ်များပင် ဖြစ်ကြောင်း၊ သို့ရာတွင် အခြားတစ်ဖက်တွင် ဟောင်ကောင်စတော့အိတ်ချိန်းနှင့် နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းမှတစ်ဆင့် ဟောင်ကောင် စတော့ဈေးကွက်သို့ ရင်းနှီးငွေများ စီးဝင်မှုသည်လည်းဟောင်ကောင်ဘဏ်များတွင် ငွေဖြစ်လွယ်မှုကို ထိန်းသိမ်းရာတွင် ကူညီနိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် အမေရိကန်နှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးတင်းမာမှုကို အဆုံးသတ်နိုင်ရေး သဘောတူညီမှုတစ်ရပ်ကို ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ယုံကြည်ကြသည့်အတွက် ဟောင်ကောင် စတော့ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံသူများ၏ စိတ်အားထက်သန်မှု မြင့်မားလာခဲ့ကြောင်း သိရှိရပါသည်။

ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊
မြန်မာသံရုံး၊ ဟောင်ကောင်မြို့

# ဟောင်ကောင်အခြေစိုက် HSBC ဘဏ်မှ အပ်နှံငွေအပေါ် အတိုးနှုန်းတိုးမြှင့်ကမ်းလှမ်း

ဟောင်ကောင်အခြေစိုက် HSBC ဘဏ်မှ အနည်းဆုံးဟောင်ကောင်ဒေါ်လာ ၅ သိန်းမှ ၁ သန်းအထိ အပ်နှံသည့်ဖောက်သည်အသစ်များအား အပ်နှံငွေအထူးအတိုးနှုန်းအနေဖြင့် တစ်နှစ်လျှင် အတိုးနှုန်း ၁ ဒသမ ၃၇၅ ရာခိုင်နှုန်းထိ တိုးမြှင့်ကမ်းလှမ်းခဲ့သည်။ အဆိုပါအတိုးနှုန်းမှာ လက်ရှိနှုန်းထက် ၁ ဒသမ ၂၅ ရာခိုင်နှုန်းပိုမို မြင့်မားကြောင်း၊ အတိုးနှုန်းမှာ အပ်နှံငွေ၏ ပထမဟောင်ကောင်ဒေါ်လာ ၂၀၀၀၀၀ အတွက် သုည ဒသမ ၃၇၅ ရာခိုင်နှုန်း၊ ဒုတိယ ဟောင်ကောင် ဒေါ်လာ ၃၀၀၀၀၀ အတွက် ၁ ဒသမ ၁၂၅ ရာခိုင်နှုန်းဖြစ်ပြီး၊ ၎င်းနောက် ဟောင်ကောင်ဒေါ်လာ ၅၀၀၀၀၀ နှင့် အထက်အတွက် ၁ ဒသမ ၃၇၅ ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရပါသည်။




သို့သော် အဆိုပါအတိုးနှုန်းမှာ ဘဏ်စာရင်းသစ်ဖွင့်ပြီး ၃ လအတွင်းသာ လျှော့ထားနိုင်ပြီး ၎င်းနောက်တွင် ပုံမှန်အတိုးနှုန်းဖြစ်သည့် သုည ဒသမ ၁၂၅ ရာခိုင်နှုန်းသာပေး မည်ဖြစ်ပြီး၊ HSBC Jade ၊ HSBC Premier နှင့် HSBC Advance ဘဏ်စာရင်းများ အကျုံးဝင်ကြောင်း၊ CBM Wing Lung Bank ဘဏ်၏ အတိုးနှုန်းမှာစုဆောင်းငွေအနည်းဆုံးဟောင်ကောင်ဒေါ်လာ ၁၀၀၀၀ အတွက် အတိုးနှုန်း သုည ဒသမ ၇ ရာခိုင်နှုန်းမှ သုည ဒသမ ၅ ရာခိုင်နှုန်းထိ လျှော့ချခဲ့ကြောင်း၊ ဟောင်ကောင်ဒေါ်လာ ၅၀၀၀၀၀ အထက် စုဆောင်းငွေအတွက် အတိုးနှုန်းမှာ တစ်နှစ်လျှင် သုည ဒသမ ၆ ရာခိုင်နှုန်းသို့ ပြောင်းလဲခဲ့ကြောင်း၊ Bank of China ( Hong Kong) အနေဖြင့် အချိန်ဆိုင်းအပ်ငွေဟောင်ကောင်ဒေါ်လာ ၅၀၀၀၀၀ အတွက် တစ်နှစ်လျှင် သုည ဒသမ ၃ ရာခိုင်နှုန်းဖြစ်ပြီး Standard Chartered ( Hong Kong ) ဘဏ်မှာ စုဆောင်းအပ်နှံငွေဟောင်ကောင်ဒေါ်လာ ၅၀၀၀၀၀ နှင့် ၉၉၉၉၉၉ အထိတစ်နှစ်လျှင် အတိုးနှုန်း သုည ဒသမ ၁၂၅ ရာခိုင်နှုန်းသတ်မှတ်ထားကြောင်း သိရှိရပါသည်။

ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊
မြန်မာသံရုံး၊ ဟောင်ကောင်မြို့

## ၂၀၁၉ ခုနှစ်၊ ပထမ ၂ လအတွင်း အိန္ဒိယ၏ ကော်ဖီတင်ပို့မှု ၁၃ ရာခိုင်နှုန်း မြင့်တက်

အိန္ဒိယနိုင်ငံသည် အာရှတွင် ကော်ဖီတတိယအများဆုံး ထုတ်လုပ်သူနှင့် တင်ပို့သည့် နိုင်ငံဖြစ်ရာ India Coffee Board မှ ထုတ်ပြန်သည့် စာရင်းများအရ ၂၀၁၉ ခုနှစ်၊ ပထမ ၂ လအတွင်း အိန္ဒိယနိုင်ငံမှ ကော်ဖီတင်ပို့မှုမှာ တန်ချိန် ၄၈၃၃၀ အထိ ရှိလာခဲ့ပြီး ယခင်နှစ်အလားတူကာလ တင်ပို့ခဲ့သည့် ပမာဏ တန်ချိန် ၄၂၆၇၀ ထက် ၁၃ ဒသမ ၂၆ ရာခိုင်နှုန်း တိုးတက်မှု ရှိလာခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယသည် လက်ရှိတွင် Instant coffee အမျိုးအစားများသာမက Robusta နှင့် Arabica အမျိုးအစားများကိုပါ တင်ပို့နေပြီး နောက်ဆုံး ထုတ်ပြန်ထားသည့် အချက်အလက်များအရ Robusta coffee အမျိုးအစားတင်ပို့မှုမှာ ယခင်နှစ် ပထမ ၂လတွင် တန်ချိန် ၂၆၅၄၅ သာရှိခဲ့သော်လည်း လက်ရှိနှစ်တွင်မူ တန်ချိန် ၃၄၀၉၀ ထိ ရှိလာခဲ့ကာ ၂၈ ဒသမ ၄၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ အလားတူစွာ Arabica coffee တင်ပို့မှုမှာလည်း ယခင်နှစ် ပထမ ၂ လတွင် တန်ချိန် ၉၇၅၂ သာ ရှိခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၁၁၁၅၆ ထိ ရှိလာကာ ၁၄ ဒသမ ၃၆ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း၊ ထို့အတူ ကော်ဖီကတစ်ဆင့် ပြန်လည်တင်ပို့မှုပမာဏအနေဖြင့်လည်း ယခင်နှစ်က တန်ချိန် ၁၁၅၁၆ သာ ရှိခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၁၃၃၉၂ အထိ ဆက်လက်တိုးတက်ခဲ့ကြောင်း၊ သို့ရာတွင် Instant coffee တင်ပို့မှုအနေဖြင့်မူ ယခင်နှစ်က တန်ချိန် ၅၇၀၄ ထိ ရှိခဲ့သော်လည်း ယခုအခါ တန်ချိန် ၃၀၄၇ သို့ ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

လက်ရှိကာလအတွင်း အိန္ဒိယကော်ဖီများကို အဓိက တင်ပို့ရောင်းချသည့် နိုင်ငံများမှာ အီတလီ၊ ဂျာမနီနှင့် ရုရှားတို့ဖြစ်ကြောင်း၊ အဓိကတင်ပို့သည့် အိန္ဒိယနိုင်ငံရှိ ကုမ္ပဏီစာရင်းတွင် CCL Products India၊ Tata Coffee၊ Olam Agro နှင့် Coffee Day Global Ltd တို့ပါဝင်ကြောင်း၊ လက်ရှိ ၂၀၁၈-၁၉ သီးနှံရာသီအတွင်း အိန္ဒိယနိုင်ငံ၏ ကော်ဖီထုတ်လုပ်မှု ခန့်မှန်းပမာဏ မှာ တန်ချိန် ၃၁၉၅၀၀ ရှိမည်ဟု ခန့်မှန်းထားပြီး၊ ယခင်နှစ် ထုတ်လုပ်မှုပမာဏတန်ချိန် ၃၁၆၀၀၀ ထက် ပိုမြင့်မားကြောင်း သိရှိရပါသည်။

ယဉ်ယဉ်နွယ် (စီးပွားရေးသံမှူး)
မြန်မာသံရုံး၊ နယူးဒေလီမြို့

**စာမျက်နှာ (၃၁) လူငယ်များကို ပြောချင်ပါသည်...... မှအဆက်**

ဒုတိယအရွယ်ဖြစ်သည့် အသက် ၂၅ နှစ်မှ ၄၅ နှစ်အတွင်း ဥစ္စာရှာဆိုသည်မှာလည်း ရှင်းလင်းလှသည်။ ပထမအရွယ်တွင် တတ်မြောက်ထားသော အသိပညာ၊ အတတ်ပညာများကို အရင်းပြု၍ ငွေကြေးစည်းစိမ်ဥစ္စာများရှာဖွေရန်ဖြစ်သည်။ ထိုသို့ ရှာဖွေရာတွင်လည်း ခေတ်ကာလအလိုက်ထုတ်ပြန်ထားသော စည်းကမ်း၊ ဥပဒေများအတိုင်းလိုက်နာ၍ အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ရန်လိုသည်။ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေးကင်းရှင်းရန်လည်းလိုသည်။ သို့မှသာ မိမိလည်းကြွယ်ဝချမ်းသာမည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုမည်ဖြစ်မည်။ တတိယအရွယ်ဖြစ်သည့် အသက် ၄၅ နှစ်မှ ဘဝသစ်သို့ကူးပြောင်းသွားသည့် အချိန်အတွင်း မိမိဖြတ်သန်းခဲ့သမျှ၊ လုပ်ရှားဆောင်ရွက်ခဲ့သမျှထဲမှ အားသာမှု၊ အားနည်းမှုများကို ဆင်ခြင် သုံးသပ်ဖြန့်ဝေရမည်။ ကိုးကွယ်ရာ ဘာသာအလိုက် ဘဝသစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေရမည်ဖြစ်သည်။ တချို့ကလည်းပြောကြသည်။ ပညာရှာတာရော၊ ဥစ္စာရှာတာရော၊ တရားရှာတာရော တစ်ချိန်တည်း လုပ်၍ မရဘူးလားဟု ပြောကြသည်။

သို့ဖြစ်ပါ၍ ယနေ့လူငယ်များအပေါ် နိုင်ငံတော်၏ မျှော်လင့်ချက်သည် ကြီးမားသည်နှင့်အမျှ လူငယ်များ၏ တာဝန်သည်လည်း များပြားလှသည်။ တစ်ချိန်တွင် နိုင်ငံတော်၏ တာဝန်များကို ပုခုံးပြောင်း တာဝန်ယူကြမည့် လူငယ်များသည် အသက်အရွယ်အလိုက် သိသင့်သိထိုက်သော၊ တတ်သင့်တတ်ထိုက်သော အသိပညာများကို တတ်မြောက်ထားရန်လိုသည်။ သို့မှသာ တာဝန်ပေးအပ်လာပါက အသင့်တာဝန်ယူနိုင်မည်ဖြစ်သည်။ မလိုလား အပ်သော အလွဲသုံးမှု များကို ရှောင်ရှားရန်လိုသည်။ အချင်းချင်းလည်းပညာပေးရန်လို သည်။ ကောင်းသောလမ်းသို့ လက်တွဲခေါ် ယူရန်လိုသည်။ နိုင်ငံ သားတစ်ဦး၊ ဝန်ထမ်းတစ်ဦး အနေဖြင့် လိုက်နာရန်နိုင်ငံတော်မှ သတ်မှတ်ထားသည့် ဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာရန်လိုသည်။ သို့မှသာ အနာဂတ်လူငယ်များကြောင့် အနာဂတ်နိုင်ငံတော် သည် မကြာမီခေတ်မီဖွံ့ဖြိုးတိုးတက်လာတော့မည်ဟု ယုံကြည်မိပါသည်။

# ပေကျင်းတွင်ကျင်းပနေသော အမေရိကန်-တရုတ် ကုန်သွယ်ရေးဆွေးနွေးပွဲများ ပွင့်လင်းပြီး အပြုသဘောဆောင်

ပေကျင်းတွင် မတ် ၂၉ ရက်က ကျင်းပခဲ့သော အမေရိကန်-တရုတ် ကုန်သွယ်ရေး ဆွေးနွေးပွဲများ တိုးတက်မှုရှိသည်ဟုအမေရိကန်နှင့် တရုတ်နိုင်ငံတို့က ပြောကြောင်းနှင့် အမေရိကန်ပြည်ထောင်စုကလည်း ဆွေးနွေးပွဲများသည် ပွင့်လင်းပြီး အပြုသဘောဆောင်သည်ဟုပြောကြောင်း ချန်နယ်နယူးအေးရှားသတင်းတွင် ဖော်ပြသည်။

ယခုအချိန်တွင် ကမ္ဘာ့အကြီးဆုံး စီးပွားရေးနိုင်ငံကြီးများသည် ကိုးလနီးပါးကြာမြင့်ခဲ့ပြီဖြစ်သော ကုန်သွယ်ရေးစစ်ပွဲကို ဖြေရှင်းရန် ကြိုးစားလျက်ရှိသည်။



လက်ရှိစေ့စပ်ညှိနှိုင်းမှုများနှင့် နောင်ဆောင်ရွက်မည့် အရေးပါသော လုပ်ငန်းများအတွက်ပွင့်လင်းပြီး အပြုသဘောဆောင်သော ဆွေးနွေးမှုများ ဆက်လက်တိုးတက်မှုရှိအောင် နှစ်ဖက်စလုံးမှ ဆက်လက်ဆောင်ရွက်နေကြောင်း အိမ်ဖြူတော်၏ကြေညာချက်တွင်ဖော်ပြသည်။ တရုတ်ဒုတိယဝန်ကြီးချုပ် လျူဟီခေါင်းဆောင်သော တရုတ်ကိုယ်စားလှယ်အဖွဲ့သည် လာမည့် သီတင်းပတ်တွင် အမေရိကန်နိုင်ငံသို့ လာရောက်မည်ဟု မျှော်မှန်းထားကြောင်းလည်း ထပ်လောင်းဖော်ပြသည်။

တိုးတက်မှုအခြေအနေများနှင့် ပတ်သက်၍ ကြေညာချက်တွင်အသေးစိတ် ဖော်ပြထားသည်ကို မတွေ့ရပေ။

ယခုဆွေးနွေးပွဲများ အပါအဝင် ဆွေးနွေးမှုများမှာ တိုးတက်မှုများရရှိနေဆဲဖြစ်ကြောင်း အိမ်ဖြူတော် စီးပွားရေးအကြံပေး လာရီကတ်ဒလိုက မတ် ၂၈ ရက်တွင်ပြုလုပ်သော CNBC သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီး စတီဗင်မနူချင်နှင့် အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်သိုင်ဇာတို့သည် တရုတ်နိုင်ငံ မြို့တော်၌ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပလျက်ရှိသည်။ ယခုဆွေးနွေးပွဲမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ဖိုးရှိ တရုတ်ကုန်ပစ္စည်းများအပေါ် မတ် ၂ ရက်တွင် အခွန်တိုးမြှင့်ကောက်ခံရမည့် အစီအစဉ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရွှေ့ဆိုင်းပြီးနောက် ပထမဆုံးအကြိမ်အဖြစ် နှစ်နိုင်ငံ မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။ စေ့စပ်ညှိနှိုင်းမှုများ တိုးတက်လျက်ရှိကြောင်းလည်း ဖော်ပြကြသည်။

နှစ်ဖက်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ သဘောတူစာချုပ်များကို ဆွေးနွေးကြကြောင်းနှင့် ဆွေးနွေးပွဲများမှာ တိုးတက်မှုများရှိနေကြောင်း တရုတ် ဆင်ဟွာသတင်းအေဂျင်စီ၏ သတင်းတွင် ဖော်ပြထားသည်။ သို့သော် အကျယ်တဝင့် ဖော်ပြထားခြင်း မရှိကြောင်း သိရသည်။

စံမီအောင် စုစည်းသည်

# Poland Spring ကို သဘာဝစမ်းရေထုတ်လုပ်ခြင်း မဟုတ်သဖြင့် နက်စလေကုမ္ပဏီကိုတရားစွဲ

ပိုလန်စမ်းရေ (Poland Spring )ဟု အမည်ပေးကာ သဘာဝစမ်းရေအဖြစ် ထုတ်လုပ်သော ထုတ်ကုန်များမှာ သာမန်မြေအောက်ရေမှ ထုတ်လုပ်သည့်ရေကို ပုလင်းသွင်းရောင်းချခြင်းဖြစ်သည့်အတွက် နက်စလေကုမ္ပဏီထံမှ စားသုံးသူတို့က နစ်နာကြေးတောင်းခံခဲ့သည်။ ထိုသို့နစ်နာကြေး တောင်းဆိုမှုကို ပယ်ဖျက်ပေးရန် နက်စလေကုမ္ပဏီ၏ လျှောက်ထားမှုကို ပြည်ထောင်စုတရားသူကြီးက မတ် ၂၈ ရက်တွင် ပယ်ချခဲ့ကြောင်း ချန်နယ်နယူးအေးရှသတင်းတွင် ဖော်ပြသည်။

ပိုလန်စမ်းရေကို ၁၀၀ ရာခိုင်နှုန်း သဘာဝစမ်းရေဟုတံဆိပ်ကပ်၍ ဈေးပိုတောင်းကာ လိမ်လည်ရောင်းချခဲ့သည့်အတွက် မြောက်ပိုင်းပြည်နယ် ရှစ်ခုမှ စားသုံးသူများက Nestle Waters North America ကုမ္ပဏီထံမှ နစ်နာကြေးတောင်းခံခဲ့ကြောင်း အမေရိကန်ပြည်ထောင်စု ခရိုင်တရားရုံးတရားသူကြီး ဂျက်ဖရီအယ်လ်ကာမေးယားက ပြောသည်။

ကော်နက်တီကတ်၊ မိန်း၊ မက်ဆာချူးဆက်၊ နယူးဟမ်ပရှိုင်းယား၊ နယူးဂျာစီ၊ နယူးယောက်၊ ပင်စီဗေးနီးယားနှင့် ရိုဒီအိုင်းလင်းတို့မှ စားသုံးသူများ ကိုယ်စား နစ်နာကြေးတောင်းခံမှုများကို နယူးဟေဗင်ကော်နက်တီကတ် အခြေစိုက် တရားသူကြီးက လက်ခံခွင့်ပြုခဲ့သည်။


သူတို့ထုတ်လုပ်သောရေသည် ပြည်နယ်အမျိုးမျိုးမှ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသောကြောင့် လိမ်လည်မှု မမြောက်ကြောင်း Nestle Waters က ချေပခဲ့သည်။ တရားလိုများ၏ရှေ့နေများက ဝေဖန်ချက်ပေးရန် မေးမြန်းချက်များကို ချက်ချင်းပြန်လည်ဖြေကြားခြင်း မရှိခဲ့ပေ။

Nestle Waters သည် အမေရိကန်ပြည်ထောင်စုတွင် ယခင်နှစ်က ပိုလန်စမ်းရေဂါလန် တစ်ဘီလီယံကို ရောင်းချခဲ့ကြောင်းနှင့် ထိုရေများထဲတွင် သဘာဝစမ်းရေစစ်စစ်ဟု သတ်မှတ်နိုင်သော ရေတစ်စက်မျှမပါကြောင်း ပြန်လည်စွဲဆိုသောနစ်နာကြေး တောင်းဆိုမှုများတွင် ဖော်ပြသည်။

# ဂျပန်နိုင်ငံတွင် နိုင်ငံခြားသားအလုပ်သင်များမှာ ပင်ပန်းဆင်းရဲမှုရှိကြောင်း စစ်တမ်းတစ်ခုတွင်ဖော်ပြ

နိုင်ငံခြားသား နည်းပညာအလုပ်သင်များအား အလုပ်ရှင်များက အလုပ်သမားဥပဒေ ဖောက်ဖျက်မှုကြောင့် အလုပ်သင်များ အလုပ်ခွင်ကိုစွန့်ခွာထွက်ပြေးသည်ဟု သံသယဖြစ်ဖွယ်ရှိသော အမှုအခင်းသစ် ၇၀၀ ကျော်ကို ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာနက ဖော်ထုတ်တွေ့ရှိရကြောင်း nhk သတင်းတွင်ဖော်ပြသည်။

၂၀၁၇ ခုနှစ်ဇန်နဝါရီမှ ၂၀၁၈ ခုနှစ်စက်တင်ဘာအကြား လုပ်ငန်းခွင်



ကိုစွန့်ခွာသွားကြသော နိုင်ငံခြားအလုပ်သင် ၅၂၁၈ ဦးကို တွေ့ဆုံမေးမြန်းရာမှ ရရှိသော ရလဒ်များကို ဝန်ကြီးဌာနက ပြန်လည်လေ့လာသုံးသပ်ခဲ့သည်။

အလုပ်သင် ၃၈ ဦး၏ အလုပ်ရှင်များသည် ဥပဒေများအားချိုးဖောက်မှုရှိသည်ကို ဝန်ကြီးဌာန အရာရှိများသည် ယခင်ကစိစစ်တွေ့ရှိထားပြီးဖြစ်သည်။

ယခုအချိန်တွင်မူ အလုပ်ရှင်များသည် လုပ်ခမပေးခြင်းနှင့် အချိန်ပိုအဆမတန်ခိုင်းခြင်း အပါအဝင် ဥပဒေနှင့် မညီညွတ်သော အခြေအနေများကိုဖန်တီးလျက်ရှိသည်ဟု သံသယရှိသော အလုပ်ရှင် ၇၂၁ ဦးကို အရာရှိများက တွေ့ရှိထားသည်။ မှတ်တမ်းများကိုပြန်လည်စိစစ်ရာတွင် ၂၀၁၂ ခုနှစ်မှစ၍ ခြောက်နှစ်တာကာလအတွင်း နိုင်ငံခြားသားအလုပ်သင် ၁၇၁ ဦး သေဆုံးခဲ့သည်ကိုတွေ့ရှိရကြောင်း ဝန်ကြီးဌာနက ပြောသည်။ ယခုအရေအတွက်မှာ မူလက သိရှိထားသည့် အရေအတွက်ထက် ၄၃ ဦးပိုမိုသည်။

နိုင်ငံခြားသား အလုပ်သင်များ ပျောက်ဆုံးမှုများသည် ယခင်နှစ်က လွှတ်တော် အစည်းအဝေးများတွင် အဓိကဆွေးနွေးရသော ပြဿနာတစ်ရပ်ဖြစ်ခဲ့သည်။ နိုင်ငံခြားသား အလုပ်သမားများကို ပိုမိုခေါ်ယူရန် လွှတ်တော်က ဥပဒေပြဋ္ဌာန်းထားပြီး ဖြစ်ကြောင်း သိရသည်။

## အက်စ်အမ်အီးများအတွက် ကော်ပိုရိတ် ဝင်ငွေခွန်ကို လျှော့ချရန် ဗီယက်နမ် ဘဏ္ဍာရေးဝန်ကြီးဌာနအဆိုပြု

အသေးစား၊ အလတ်စားနှင့် မိုက်ကရို စီးပွားရေးလုပ်ငန်းများ၏ ကော်ပိုရိတ် ဝင်ငွေခွန်များကို လက်ရှိကောက်ခံနေသော ၂၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းနှင့် ၁၇ ရာခိုင်နှုန်းသို့ လျှော့ချပေးရန် ဗီယက်နမ်ဘဏ္ဍာရေးဝန်ကြီးဌာနက အဆိုပြုထားကြောင်းဗီယက်နမ်နယူးစ်သတင်းတွင်ဖော်ပြသည်။

အဆိုပြုချက်ကို အမျိုးသားညီလာခံမှ ဆုံးဖြတ်ချက်မူကြမ်းအဖြစ် ချမှတ်ခဲ့ခြင်းဖြစ်ပြီး ဝန်ကြီးဌာနသည် မကြာသေးမီက အများပြည်သူတို့၏ ဝေဖန်ချက်များကို တောင်းခံခဲ့သည်။

ယခုဆောင်ရွက်ချက်၏ရည်ရွယ်ချက်မှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးရန်နှင့် မိသားစုလုပ်ငန်းများကို စီးပွားရေးလုပ်ငန်းများအဖြစ်သို့ ပြောင်းလဲနိုင်ရန်နှင့် သူတို့၏ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကိုမြှင့်တင်ကာ အလုပ်အကိုင်များကိုဖန်တီးပေးရန်ဖြစ်သည်။

ဗီယက်နမ်အစိုးရက စီးပွားရေးလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ်တွင် တစ်သန်း၊ ၂၀၂၅ ခုနှစ်တွင် ၁ ဒသမ ၅ သန်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် နှစ်သန်း အသီးသီးရရှိအောင် ဆောင်ရွက်ရန် ရည်မှန်းထားသည်။

SMEများသည် နိုင်ငံ၏ လူမှုစီးပွားတိုးတက်ရေးတွင် အရေးပါသော အခန်းကဏ္ဍ၌ရှိနေပြီး စီးပွားရေးတိုးတက်ရေးအတွက် မောင်းနှင်အားတစ်ခုဖြစ်ကြောင်းဝန်ကြီးဌာနကပြော သည်။ ဗီယက်နမ်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းပေါင်း ၆၀၀၀၀၀ ရှိသည့်အနက် ၅၀၀၀၀၀ မှာ ပုဂ္ဂလိကလုပ်ငန်းများဖြစ်ကာ ၉၆ ရာခိုင်နှုန်းမှာ အသေးစားနှင့် မိုက်ခရိုစီးပွားရေးလုပ်ငန်းများ ဖြစ်ကြောင်း စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်းများကို ကိုးကား၍ ဝန်ကြီးဌာနက ဖော်ပြသည်။

ပုဂ္ဂလိကလုပ်ငန်းများကအလုပ်အကိုင်ပေါင်း ၁ ဒသမ ၂ သန်းကိုဖန်တီးပေးလျက်ရှိပြီး နိုင်ငံစုစုပေါင်းပြည်တွင်းကုန်ထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းကို ဆောင်ရွက်ပေးလျက်ရှိသည်။



MYAWADDY BANK LIMITED
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
▶MWD/MPU Debit Card Services
▶Payroll Services
▶ATM and Point of Sales(POS) Services
▶Mobile Banking Services
▶Internet Banking Services
▶MPU e-Commerce Services
Account Balance
Cheque Enquiry
Account Statement
Account Summary
ATM,POS,Branches Locator
Foreign Exchange Counters
Account to Account Transfer
Mobile Top-up
Mobile Banking
UnionPay 银联
JCB
MPU
စိတ်ချရတဲ့ မြဝတီဘဏ်
မြဝတီဘဏ်(ရုံးချုပ်)၊ အမှတ်.၁၅၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Phone No:(01) 2301367, 2301368, 2301452, 2301378, Fax: (01) 2301395, 2301450, 2301402, 2301418
Website : www.mwdbank.com



SUZUKI
Way of Life!
SUZUKI
MYO MOTOR SERVICE CO., LTD.
MYO MOTOR
SWIFT
Ph :(+95-9) 965 161 788 (+95-9) 952 105 566 (+95-9) 952 135 566




ETERNAL

**Head Office**

No.40, Shwetharaphi Housing, Bayint Naung Road, Kamayut Township, Yangon, Myanmar. Tel : 01 504013, 01 535439, 01 539614 , E-mail : info_eternal@myanmar.com.mm

**Branch Office**

**Mandalay** Tel : 09251255860 , 09 43134100 , 09 2031202 , **Naypyitaw** Tel : 067 22775 , 09 8627875 , 09 428627875 , **Monywa** Tel : 09 449117779 , **Pharkant** Tel : 074 70378 , 09 781527956 , 09 404502241 , 09 47106549 , **Lashio** Tel : 082 26632 , 082 23560 , 09 422440009

# Enjoy Life. Eat and Drink Well...




info@annam-group.com

www.annam-group.com

COMMERCE
INTERNATIONAL

# လိုအပ်သော LNG ဓာတ်ငွေ့ရည် ဖြည့်ဆည်းရန်အတွက် ဧပြီလတွင် တင်ဒါခေါ်ရန် Egat စီစဉ်ဆောင်ရွက်



ထိုင်းနိုင်ငံပိုင် လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းတစ်ခုဖြစ်သော Egat (Electricity Generating Authority of Thailand)သည် နိုင်ငံခြားတိုင်းပြည်များမှ LNG (liquefied natural gas) ဓာတ်ငွေ့ရည်ကို ဝယ်ယူတင်သွင်းမည့် ကုမ္ပဏီရရှိရေးအတွက် ဧပြီလနှင့် ဇွန်လအတွင်း တင်ဒါခေါ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

တင်ဒါအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသော လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ လိုအပ်သော အထောက်အထား စာရွက်စာတမ်းများအား ဧပြီ ၁၈ ရက်တွင် တင်ပြကြရမည်ဖြစ်ပြီး ဧပြီလကုန်တွင် ပဏာမအဆင့် တင်ဒါအောင်မြင်သော ကုမ္ပဏီများစာရင်းကို ထုတ်ပြန်မည်ဖြစ်ကြောင်း Egat၏ ဒုတိယအကြီးအကဲMr. Tawatchai Jakpaisal က ပြောကြားခဲ့ပါသည်။

Egat ဘုတ်အဖွဲ့နှင့် ထိုင်းအစိုးရအဖွဲ့အနေဖြင့် တင်ဒါစည်းမျဉ်းစည်းကမ်းများအား မေလဆန်းပိုင်းတွင် အတည်ပြုပေးရန် မျှော်မှန်းထားပါသည်။ ထို့နောက် နောက်ဆုံးအဆင့် တင်ဒါအောင်မြင်သော ကုမ္ပဏီစာရင်းကို ဇွန်လတွင် ထုတ်ပြန်၍ LNG ဝယ်ယူရေးစာချုပ်ကို လက်မှတ်ရေးထိုးမည်ဖြစ်ပါသည်။ တင်ဒါအောင်ကုမ္ပဏီအနေဖြင့် LNG အား အမျိုးသားရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း PTT ပိုင်ဆိုင်သော LNG terminal သို့ ယခုနှစ် စက်တင်ဘာလတွင် ပထမဆုံးအကြိမ် ပေးပို့ကြရမည်ဖြစ်ပါသည်။ ရယောင်းပြည်နယ် မတ်ထာဖွပ်ရှိ terminal သည် LNG တန်ချိန် ၁၀ သန်း ဝင်ဆံ့ပါသည်။

Egat သည် ပထမနှစ်တွင် LNG တန်ချိန် ၂၈၀၀၀၀ ကိုဝယ်ယူ၍ ၂၀၂၀ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၅ သန်းအထိ ဝယ်ယူမည်ဖြစ်ပါသည်။ Egat သည် ၃၈ နှစ်အတွက် တစ်နှစ်လျှင် LNG တန်ချိန် ၁ဒသမ ၅ သန်းတင် သွင်းရန်အတွက်လည်း PTT LNG ၏ ခွင့်ပြုချက်ကိုရရှိထားပြီးဖြစ်ပါသည်။ ဗန်ကောက်တောင်ပိုင်းရှိ လျှပ်စစ်ဓာတ်အားစက်ရုံ၊ ဗန်ဖခွမ်လျှပ်စစ်ဓာတ်အားစက်ရုံနှင့် ဝမ်နိုင်းလျှပ်စစ်ဓာတ်အားစက်ရုံများအား LNG ဖြည့်ဆည်းပေးနိုင်ရန် LNG terminal များ အသုံးပြုခွင့်ပေးရေးနှင့်စပ်လျဉ်း၍ Egat နှင့် PTT LNG အကြား သဘောတူညီထားသော အချိန်ကာလမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ၂၀၅၆ ခုနှစ်ကုန်အထိဖြစ်ပါသည်။

စွမ်းအင်ကဏ္ဍအတွက် ဖြေလျှော့ပေးသော TPA(Third Parties' Access) အောက်တွင် Egat သည် ကနဦးစီမံကိန်းများမှတစ်ဆင့် LNG ဖြန့်ဖြူးရန် NEPC(National Energy Policy Council)မှ ခွင့်ပြုထားကြောင်း သိရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့။**

# တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တိုးတက်မှုနှုန်း ဆက်လက်နှေးကွေးလျက်ရှိ



တောင်ကိုရီးယားနိုင်ငံ၏ ၂၀၁၉ ခုနှစ် မတ်လအတွင်း ပို့ကုန်တင်ပို့မှုနှုန်း ဆက်လက် နှေးကွေးလျက်ရှိကြောင်း၊ မတ်လ၏ ပထမ ၁၀ ရက်အတွင်း ပို့ကုန်တင်ပို့နိုင်မှုသည် ၂၀၁၈ ခုနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၉ ဒသမ ၁ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း ကိုရီးယား အကောက်ခွန်ဌာနမှ ထုတ်ပြန်ချက်များအရ သိရှိရပါသည်။

လက်ရှိအချိန်ထိ အစိုးရမှထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များအရ ပို့ကုန်သည် ယခုလတွင် (၃) လမြောက်အဖြစ် ဆက်တိုက်ကျဆင်းမည့် အနေအထားဖြစ်လျက်ရှိသည်။ ၂၀၁၄ခုနှစ် အောက်တိုဘာလမှ ၂၀၁၆ ခုနှစ် ဇူလိုင်လအထိသည် တောင်ကိုရီးယားနိုင်ငံတွင် ပို့ကုန်ကျဆင်းမှု အရှည်ကြာဆုံးကာလအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ၏ အဓိကပို့ကုန်တစ်ခုဖြစ်သည့် "Semi-conductor" များ တင်ပို့မှုသည်လည်း ၂၀၁၉ ခုနှစ် မတ်လအစောပိုင်းတွင်ပင် ၂၉ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ရေနံဓာတုထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မှုလည်း ကျဆင်းခဲ့ကာ ပြည်ပသို့တင်ပို့နိုင်မှုသည်လည်း ၉ ဒသမ ၇ ရာခိုင်နှုန်းခန့် လျော့နည်းကျဆင်းခဲ့သည်။

တောင်ကိုရီးယားနိုင်ငံမှ တရုတ်သို့ ပို့ကုန်တင်ပို့နိုင်မှုသည်လည်း မတ်လ ပထမ ၁၀ ရက်တာအတွင်း၌ပင် ၂၃ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ အမေရိကန်သို့ တင်ပို့နိုင်မှုလည်း ၁၇ ရာခိုင်နှုန်း လျော့နည်းကျဆင်းခဲ့ကြောင်း အစိုးရမှထုတ်ပြန်သည့် စာရင်းများအရ သိရှိရပါသည်။

ယခုကဲ့သို့ ပို့ကုန်ကျဆင်းမှုသည် ကိုရီးယားစီးပွားရေး နှေးကွေးစေသည့် သက်ရောက်မှုတစ်ခုဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ပို့ကုန်တင်ပို့နိုင်မှုတို့သည် အထူးသဖြင့် သတ္တုတွင်းလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကျဆင်းလျက်ရှိကြောင်း ကိုရီးယားဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (Korea Development Institute - KDI) မှ ထုတ်ပြန်ခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းပို့ကုန်တစ်ခုဖြစ်သည့် "memory chip" များတင်ပို့မှုသည် ဆက်လက်ကျဆင်းလျက်ရှိပြီး မော်တော်ကားတင်ပို့မှုလည်း တိုးတက်မှုမရှိနိုင်ကြောင်း ကြိုတင်ခန့်မှန်းလျက်ရှိကြသည်။ အမေရိကန်အစိုးရအနေဖြင့် ပြည်ပမှ တင်သွင်းသည့် မော်တော်ကားများကို အခွန်တိုးမြှင့်ကောက်ခံနိုင်ရေး ဆောင်ရွက်လျက်ရှိသဖြင့် တောင်ကိုရီးယားမော်တော်ကား ထုတ်လုပ်သူများအတွက်လည်း ထိခိုက်မှုများ ရှိလာနိုင်သည်ဟု ကြိုတင်ခန့်မှန်းလျက်ရှိကြသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့။**

## ဟောင်ကောင် စတော့အိတ်ချိန်းမှ နယ်စပ်ဖြတ်ကျော် ချေးငွေစာချုပ်များ ကုန်သွယ်မှုအတွက် သတင်းအချက်အလက် စကြိုသစ်တစ်ခု တည်ထောင်

ပေကျင်းဗဟိုအစိုးရမှ မဟာပင်လယ်ကွေ့ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းအား ကြေညာပြီးနောက် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် တရုတ်ပြည်မကြီး၏ စတော့နှင့်ချေးငွေစာချုပ်များကို လွယ်ကူစွာဝယ်ယူနိုင်ရေးအတွက် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးစီမံချက် တိုးတက်လာရေး ပထမဆုံးလှုပ်ရှားမှုအဖြစ် ဟောင်ကောင်စတော့အိတ်ချိန်းမှ သတင်းအချက်အလက် စကြိုသစ်တစ်ခုဖြစ်သည့် Website အား တည်ထောင်ခဲ့သည်။ နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံရေးစီမံချက်သစ်စတင်ရန်နှင့် လက်ရှိစတော့နှင့် ချေးငွေစာချုပ် ချိတ်ဆက်ရေးစီမံချက် ပိုမိုတိုးမြှင့်လာရေးမှာ မဟာပင်လယ်ကွေ့ဒေသစီမံကိန်းတွင် အရေးပါသော လုပ်ဆောင်ချက်များအနက်တစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

ချေးငွေစာချုပ် ချိတ်ဆက်မှုမှာ ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ပြီးနောက် ယခုစကြိုသစ်မှာ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအတွက် အသစ်ထုတ်ဝေမည့် ငွေချေးစာချုပ်များ ရောင်းဝယ်ရာတွင် ပိုမိုလွယ်ကူစေမည်ဖြစ်ကြောင်း၊ ဟောင်ကောင်အိတ်ချိန်းအနေဖြင့် ရှန်ဟိုင်းစတော့အိတ်ချိန်းနှင့် ပထမဆုံး စတော့ချိတ်ဆက် ရောင်းဝယ်မှုအစီအစဉ်မှာ ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ ရှန်းကျန့်စတော့အိတ်ချိန်းနှင့် ချိတ်ဆက်မှုမှာ ၂၀၁၆ ခုနှစ်တွင်လည်းကောင်း စတင်ခဲ့ပြီး စတော့နှင့် ချေးငွေစာချုပ်များ ချိတ်ဆက်ရောင်းဝယ်မှုပမာဏမှာ လျင်မြန်စွာကြီးထွားလာခဲ့ကြောင်း သိရှိရပါ သည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟောင်ကောင်မြို့။**

Recycle for clean and green future

**သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။**